ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

# ပြည်သူ့အာဏာ ဂျာနယ်

၁၉၄၅ – ၂၀၂၀

## ပြည်သူ့အာဏာထုတ်ဝေခြင်း ၇၅ နှစ်ပြည့်
## အထိမ်းအမှတ်

အမှတ် (၄၃)

စက်တင်ဘာ၊ ၂၀၂၀ ခုနှစ်။

၁၉၄၅ – ၂၀၂၀

ပြည်သူ့အာဏာထုတ်ဝေခြင်း ၇၅ နှစ်ပြည့်အထိမ်းအမှတ်

# စာတည်းအဖွဲ့အမှာ

ပြည်သူ့အာဏာဂျာနယ် အမှတ် (၄၃) စက်တင်ဘာ၊ ၂၀၂၀

## ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ သမိုင်းပေးတာဝန်

(၁)

၁၉၃၉ ခုနှစ်ဩဂုတ်လ ၁၅ ရက်နေ့မှာဖွဲ့စည်းခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၅ ရက် နေ့မှာ ၈၁ နှစ်ပြည့်သွားပါပြီ။

ဗမာပြည်အလုပ်သမားလူတန်းစားရဲ့ တပ်ဦးပါတီဖြစ်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ သမိုင်းပေးတာဝန်ကတော့ ဗမာပြည် လူ့အဖွဲ့အစည်းကို ဖိနှိပ်သွေးစုပ်မှုကင်းမဲ့တဲ့ သာယာဝပြောတဲ့ လူ့အဖွဲ့အစည်းတရပ်ဖြစ်အောင် လုံးပန်းသွားရေး ဖြစ်တယ်။ ဒီတာဝန်ကိုပြီးမြောက်ဖို့ မျိုးဆက်ပေါင်းများစွာ လုံးပန်းသွားရမယ်ဆိုတာကို သိမြင်နားလည်ထားပါတယ်။

ဗမာပြည်လူမျိုးပေါင်းစုံ ပြည်သူလူထုအကျိုးစီးပွားအတွက် ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဒီသမိုင်းပေးတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်သွားရမှာပါ။ ကနေ့ကာလ မိမိပါဝင်ရမယ့် အခန်းကဏ္ဍမှာ အခက်အခဲဘယ်လောက်ကြီးကြီး၊ အသက်သွေးဘယ် လောက်ပေးရပေးရ တာဝန်ကျေပွန်အောင် ထမ်းဆောင်နေပါတယ်။

စီးပွားရေးအရကိုလိုနီတပိုင်းလူ့အဖွဲ့အစည်းဖြစ်နေတဲ့ ဗမာပြည်ကိုနိုင်ငံရေးအရ လွတ်လပ်ပြီး ဒီမိုကရေစီထွန်းကားတဲ့ စီးပွားရေးအရ အမှီခိုကင်းတဲ့ လူ့အဖွဲ့အစည်းအဖြစ် ပြောင်းလဲနိုင်မှ ဆိုရှယ်လစ်၊ ကွန်မြူနစ်လူ့လောကကို တည်ဆောက်နိုင်မယ်ဆိုတာကို ဗမာပြည်ကွန်မြူနစ်ပါတီက နားလည်ထားပါတယ်။

ဒါကြောင့် လွတ်လပ်ရေးတိုက်ပွဲမှာလည်း ဗမာပြည်ကွန်မြူနစ်ပါတီ ပါဝင်ခဲ့တယ်။ ဒီမိုကရေစီရေးတိုက်ပွဲမှာလည်း ပါဝင်ခဲ့တယ်။ ပါဝင်နေတယ်။ ဒီမိုကရေစီရေးအောင်မြင်ပြီးမြောက်တဲ့အထိ ပါဝင်သွားမှာပဲဖြစ်တယ်။ ဒီမိုကရေစီရေးအောင်မြင်ပြီးမြောက်ပြီး ဆိုရှယ်လစ်၊ ကွန်မြူနစ်လောကကို တည်ဆောက်အောင်မြင် ပြီးမြောက်မှသာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ တာဝန်ပြီးမြောက်ကုန်ဆုံးမှာ ဖြစ်ပါတယ်။

(၂)

ဗမာပြည် ကွန်မြူနစ်ပါတီ စတင်ထူထောင်တဲ့ ၁၉၃၉ ခုနှစ် ကာလဟာ နယ်ချဲ့နိုင်ငံတွေအချင်းချင်း အုပ်စုတွေဖွဲ့ကြပြီး အုပ်စုတခုနဲ့တခု ရန်စောင်နေကြပါတယ်။ အင်္ဂလိပ်နယ်ချဲ့ သမားအုပ်စုနဲ့ ဂျာမန်ဖက်ဆစ်နယ်ချဲ့သမားအုပ်စုတို့ ရန်စောင် နေကြပြီး ဒုတိယကမ္ဘာစစ် ဖြစ်မယ့်ဆဲဆဲအချိန် ဖြစ်ပါတယ်။ (ဒုတိယကမ္ဘာစစ်စတင်တာ ၁၉၃၉ စက်တင်ဘာ ဖြစ်ပါတယ်) ကမ္ဘာ့ဆိုရှယ်လစ်စနစ်လှုပ်ရှားမှု (မာ့က်စ်ဝါဒ) (ဝါ) သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ (ဝါ) ကွန်မြူနစ်ဝါဒ) ဟာ တတိယအင်တာ နေရှင်နယ်ကာလဖြစ်ပြီး ဆိုဗီယက်ပြည်ထောင်စုသမ္မတ နိုင်ငံသာ ကမ္ဘာမှာ တခုတည်းသော ကွန်မြူနစ်နိုင်ငံဖြစ်နေသေးချိန် ဖြစ်ပါတယ်။ နယ်ချဲ့အုပ်စုနှစ်ခုလုံးဟာ ကွန်မြူနစ်ဆန့်ကျင်ရေးမှာတော့ တစိတ်တဝမ်းတည်း ရှိကြပါတယ်။ ဒါကြောင့် အင်္ဂလိပ်နယ်ချဲ့သမားရဲ့ ကိုလိုနီဖြစ်နေတဲ့ ဗမာပြည်မှာ ကွန်မြူနစ်ပါတီကို လျှို့ဝှက်စွာပဲ ဖွဲ့စည်းရပါတယ်။ မြေအောက်ပါတီပေါ့။ အဓိပ္ပာယ်က အခက်အခဲကြားထဲက ပါတီကို ထူထောင်ခဲ့ရ တာပါ။

အခက်အခဲအကျပ်အတည်းနဲ့ အန္တရာယ်ထူပြောတဲ့ ကြားထဲကပဲ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဖတပလ (နောင် ဖဆပလ) အဖွဲ့ချုပ်ကို ထူထောင်ရာမှာ ကမကထလုပ်ရတဲ့ အခန်းက ပါဝင်ခဲ့ရတယ်။ နယ်ချဲ့ဖက်ဆစ် ဂျပန်တော်လှန်ရေးကို ပါဝင်ဆင်နွှဲရပါတယ်။ အောင်မြင်ပါတယ်။ တော်လှန်ရေးအတွင်းမှာ ပါတီဝင်တွေ အတော်များများ အသက်သွေးချွေး ပေးလိုက်ရပါတယ်။ အဲဒီအထဲမှာ ထင်ရှားတာကတော့ ရဲဘော်သိန်းတန် (ရဲဘော်ချစ်တီး) တို့ ဗိုလ်မှူးဗထူးတို့တတွေပါ။

(၃)

ဖက်ဆစ်ဂျပန်တော်လှန်ရေး အောင်မြင်ပြီးနောက် ဖဆပလ အဖွဲ့ချုပ်ရော၊ ဗမာပြည်ကွန်မြူနစ်ပါတီပါ မြေအောက်ပါတီအဖွဲ့တွေ ဘဝကနေမြေပေါ်ပါတီအဖွဲ့အစည်းတွေအဖြစ် ဖြောင်ကြေညာပေါ်ထွက်လာပါတယ်။

လက်ဝဲညီညွတ်ရေးကို မဏ္ဍိုင်ပြုထားတဲ့ ဖဆပလ အဖွဲ့ချုပ်မှာ အမျိုးသားစည်းလုံးညီညွတ်မှုဟာ အမြင့်ဆုံးအချိန် ဖြစ်နေတာကြောင့် နေသူရိန်အစည်းအဝေးကို ခေါ်ဆိုကျင်းပနိုင်ပြီး အဆိုလေးရပ်ကိုလည်း ကန့်ကွက်သူမရှိ အတည်ပြုနိုင်ခဲ့တယ်။ အဲဒီတုန်းက သဘောထားကွဲလွဲမှုတွေကို နောက်တန်းကို ပို့ထားနိုင်ခဲ့တယ်။ လွတ်လပ်ရေးကိစ္စကိုပဲ အာရုံစိုက်ထားကြပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီဟာလည်း လန်းဆန်းတက်ကြွစွာနဲ့ ဒုတိယအကြိမ်မြောက် ပါတီညီလာခံကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့တယ်။ ဗဟိုကော်မတီကို စနစ်တကျဖွဲ့စည်းနိုင်ခဲ့ပြီး ပါတီကိုလည်း စနစ်တကျစည်းရုံးဖွဲ့စည်းနိုင်ခဲ့တယ်။ ၁၉၄၅ ခုနှစ် ဇူလိုင်လမှာ ဖြစ်ပါတယ်။

ဖဆပလ အဖွဲ့ချုပ်အတွင်းမှာတော့ သဘောထားကွဲလွဲမှုတွေကို ဖြေရှင်းရာမှာ ဒီမိုကရေစီနည်းလမ်းတကျ မဖြေရှင်းဘဲ ဗမာပြည်ကွန်မြူနစ် ပါတီကို ဖဆပလ အဖွဲ့ချုပ်မှ ထုတ်ပယ်လိုက်တယ်။ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဖဆပလ အဖွဲ့ချုပ်ဝင် မဖြစ်တော့ပေမယ့် လွတ်လပ်ရေးအတွက် ဖဆပလ အဖွဲ့ချုပ်နဲ့ တူတာတွဲလုပ် မတူတာကို ခွဲလုပ်ပြီး ပူးပေါင်းဆောင်ရွက်မြဲ ဆောင်ရွက်ပါတယ်။ ဝေဖန်ထောက်ပြစရာ ရှိတာတွေကိုလည်း ရှင်းရှင်းလင်းလင်းပဲ ဝေဖန်ထောက်ပြခဲ့ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဒုတိယအကြိမ်ပါတီကွန်ဂရက်အပြီးမှာ သခင်စိုး ခေါင်းဆောင်ပြီး အလံနီပါတီ (ကွန်မြူနစ်ပါတီ၊ ဗမာပြည်) ကို ခွဲထောင်လိုက်တာကြောင့် အကွဲအပြဲပြဿနာနဲ့ ကြုံတွေ့လိုက်ရပါတယ်။ ဒါပေမဲ့ ပါတီဟာ မာ့က်စ်ဝါဒအခြေခံမှု အပေါ်မှာ မြဲမြံစွာရပ်တည်ပြီး

ပါတီရဲ့ စည်းရုံးရေး စည်းကမ်းဘောင်တွေကို စွဲစွဲမြဲမြဲလိုက်နာကျင့်သုံးတာကြောင့် ပါတီကို ကြံ့ခိုင်တောင့်တင်းအောင် တည်ဆောက်နိုင်ပြီး လူထုကြီးကိုလည်း စည်းရုံးထားနိုင်ခဲ့ပါတယ်။ သို့သော် ငြားလည်း ဖဆပလ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်လူကြီး တဦးလည်းဖြစ်၊ ဗမာပြည်ကွန်မြူနစ်ပါတီ စတင်တည်ထောင်သူ တဦးလည်းဖြစ်သူ ဗဟိုကော်မတီ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် သခင်ဗဟိန်းကတော့ အသက်ပေးသွားရပါတယ်။ သူဟာ ဖက်ဆစ်တော်လှန်ရေးအတွင်း ဒုက္ခဆင်းရဲမှုဒဏ်တွေကြောင့် နလုံးရောဂါ ပြင်းထန်လာပါတယ်။ တော်လှန်ရေးအပြီး ပါတီတွင်း ဖဆပလ အတွင်း သဘောထားကွဲလွဲမှုတွေ၊ လွတ်လပ် ရေးအတွက် လုံးပန်းရမှုတွေကြောင့် နလုံးရောဂါ ပိုမိုဆိုးဝါးလာပြီး ဆေးရုံတင်ထားလိုက်ရပါတယ်။ ဖဆပလ အဖွဲ့ချုပ်ထဲက ဗမာပြည်ကွန်မြူနစ်ပါတီကို ထုတ်ပယ်လိုက်တယ်ဆိုတာ သိလိုက်ရတဲ့ အခါမှာတော့ သခင်ဗဟိန်း စိတ်ထိခိုက်လွန်း အားကြီးပြီး နလုံးခုန်ရပ်သွားပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီက ဗမာပြည်လွတ်လပ်ရေးဟာ အနှောင်အဖွဲ့အချို့နဲ့ရတဲ့ လွတ်လပ်ရေး ဖြစ်တယ်။ လွတ်လွတ်ကျွတ်ကျွတ် လွတ်လပ်ရေးမျိုး မဟုတ်ဘူးဆိုတာကို ရှင်းရှင်းလင်းလင်းပဲ ဝေဖန်ပါတယ်။ ပြီးပြည့်စုံတဲ့ လွတ်လပ်ရေး ဖြစ်အောင်နဲ့ ဒီမိုကရေစီ ဖော်ဆောင်နိုင်ဖို့ ဒီမိုကရေစီသစ်လမ်းကြောင်းကို တင်ပြခဲ့ပါတယ်။ ဖဆပလ အဖွဲ့ချုပ်ကတော့ ဒီမိုကရေစီဟောင်းလမ်းကြောင်းနဲ့သွားဖို့ လုံးပန်းပါတယ်။ တကယ်တော့ ဖဆပလ အဖွဲ့ချုပ်ကို ပြည်သူ့အရေးတော်ပုံပါတီ တဖြစ်လဲ ဗမာပြည်ဆိုရှယ်လစ်ပါတီက လက်ဝါးကြီးအုပ်ထားတာပါ။ ဒါကြောင့် နိုင်ငံရေးလောကနဲ့ စာနယ်ဇင်းလောက မှာ ဖဆပလ အစိုးရကို ဖဆ – ဆိုရှယ် အစိုးရလို့ ခေါ်ဝေါ်သုံးနှုန်းတာတွေ ရှိခဲ့တယ်။ ဆိုရှယ်လစ်တွေဟာ သူတို့နဲ့ သဘောထား မတိုက်ဆိုင်သူတွေကို ထိပ်တိုက်ရင်ဆိုင်အကြမ်းဖက်ဖြေရှင်းလေ့ ရှိပါတယ်။ သခင်တင် မတော်မတရားလုပ်တဲ့ (မီးခွက်မှုတ်) ကိစ္စကို ဖော်ထုတ်ရေးသားတဲ့ သတင်းစာတိုက်တွေကို ဆိုရှယ် လစ်တွေက လူအုပ်စုဖွဲ့ပြီး ဝင်ရောက်ဖျက်ဆီးတာ လုပ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဌာနချုပ်ဟာ ဗားဂရာလမ်းမှာ ဖွင့်ထားပါတယ်။ ဗားဂရာလမ်းမှာ ဗားဂရာချောက် ရှိတယ်။ ဗားဂရာချောက်မှာ ကားလမ်းက အောက်ကဖြစ်ပြီး ရထားလမ်းက အပေါ်က ဖြတ်ပါတယ်။ သခင်တင်ရဲ့ သတင်းကို ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုရဲ့ သတင်းစာကလည်း ဖော်ပြခဲ့တယ်။ ဒါအတွက် ပါတီသတင်းစာတိုက်ကို ဖြိုချဖျက်ဆီးဖို့ ဆိုရှယ်လစ်တွေက လုပ်လာတဲ့အခါ သခင်သန်းထွန်းက ဆိုရှယ်လစ်တွေ လာရဲရင်လာခဲ့ ဗားဂရာချောက်ကို ဆိုရှယ်လစ်အရိုးတွေနဲ့ ဖို့ပစ်မယ်လို့ ပြောခဲ့ပါတယ်။ တကယ်က ဗမာပြည်ကွန်မြူနစ်ပါတီ ဌာနချုပ်ကို လူထုကြီးက ကာကွယ်ထားတာကြောင့် ဆိုရှယ်လစ်တွေ မလာရဲပါဘူး။

ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဗမာပြည်လွတ်လပ်ရေးကို အသိအမှတ်ပြုတာနဲ့အတူ ဝေဖန်သုံးသပ်မှုတွေ ပြုလုပ်ပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲလည်း ဝင်တယ်။ လွှတ်တော်ထဲမှာလည်း တည်ကြည်လေးနက်စွာ ဝေဖန်ထောက်ပြတာ၊ သုံးသပ်ချက်တွေနဲ့ လုပ်သင့်လုပ်ထိုက်တာတွေကိုလည်း တင်ပြခဲ့ပါတယ်။ (ဗမာပြည်ကွန်မြူနစ်ပါတီက ဖြူးလွှတ်တော်အမတ်ဖြစ်သူ သခင်သန်းဖေရဲ့ လွှတ်တော်မှာ ဆွေးနွေးတင်ပြချက်တွေကို ကြည့်ပါ)

ဗမာပြည်ကွန်မြူနစ်ပါတီဟာ သူ့ရဲ့သမိုင်းပေးတာဝန်တခုဖြစ်တဲ့ ဗမာပြည်ကို ပြီးပြည့်စုံတဲ့ လွတ်လပ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီထွန်းကားတဲ့နိုင်ငံဖြစ်အောင် ဒီမိုကရေစီသစ်လမ်းကြောင်းနဲ့ ချီတက်ရာမှာ လွတ်လပ်ရေးရပြီး နောက်ပိုင်း ဥပဒေတွင်းတိုက်ပွဲ နည်းလမ်းနဲ့သာသွားဖို့ သဘောထားခဲ့ပါတယ်။ ဒီတိုက်ပွဲနည်းလမ်းကို မှန်တန်းကျအောင် လုပ်ဆောင်နိုင်မယ်ဆိုရင် အမျိုးသားစည်းလုံး ညီညွတ်မှုဟာ တည်တံ့ခိုင်မြဲမှာ ဖြစ်ပါတယ်။

ဆိုရှယ်လစ်တွေရဲ့ လုပ်ကြံဖန်တီးတဲ့ ဂိုရှယ်စစ်တမ်းတို့လိုဟာတွေရယ်၊ ဆိုရှယ်လစ်ဦးကျော်ငြိမ်းရဲ့ ကြံစည်မှုတွေကို အဲ့ဒီတုန်းက ဝန်ကြီးချုပ်ဖြစ်သူဦးနုက သဘောတူလိုက်လျောတာရယ်၊ (ဦးနုရေးတဲ့ တာတေစနေသား စာအုပ်မှာ ကြည့်ပါ) ဦးကျော်ငြိမ်းရဲ့ လက်ဦးမှုယူ လုပ်ကြံတတ်တဲ့ အကျင့် (သိန်းဖေမြင့်ရေး ကျော်ငြိမ်းစာအုပ်ကြည့်ပါ) တို့ကြောင့် အခြေအနေတွေဟာ ကပြောင်းကပြန် ဖြစ်ကုန်ပါတယ်။

မတ်လ ၂၇ ရက်နေ့ ဖက်ဆစ်ဂျပန်တော်လှန်ရေးနေ့ကို အစိုးရအဖွဲ့အစည်းရော၊ နိုင်ငံရေးပါတီ အသီးသီးကပါ အထိမ်းအမှတ်ပြုလေ့ ရှိကြတယ်။ ဒီအချက်ကို အခွင့်ကောင်းယူပြီး အဲ့ဒီနေ့မှာ တချီတည်းနဲ့ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် တပြုံလုံးကို ဖမ်းဆီးဖို့နဲ့ ပါတီရုံးအတော်များများကို ဝင်ရောက်စီးနင်းဖို့ အဲဒီတုန်းက ပြည်ထဲရေးဝန်ကြီးဖြစ်သူ ဦးကျော်ငြိမ်းက စီစဉ်အမိန့်ပေးခဲ့တယ်။ ဖမ်းဆီးမှု မအောင်မြင်ပါ။ သခင်သန်းထွန်း အပါအဝင် ဗဟိုကော်မတီဝင်အများစု လွတ်မြောက်သွားပါတယ်။ လွတ်မြောက်သွားတဲ့ ဗဟိုကော်မတီဝင်တွေဟာ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ကျောက်ကြီးပေါက် ကျေးရွာမှာ စုစည်းမိကြပြီး တပါတီလုံး အဖမ်းမခံကြဘဲ ရရာလက်နက်နဲ့ ခုခံကြဖို့ ဆုံးဖြတ်လိုက်ရပါတယ်။ အဲဒီတုန်းက ဗမာပြည်ကွန်မြူနစ်ပါတီမှာ လက်နက်ကိုင်တပ် မရှိပါ။ လူထုထဲမှာ အထူးသဖြင့် ကျေးလက်လယ်သမားထုထဲမှာ ရှိနေတဲ့ ဒုတိယကမ္ဘာ စစ်အပြီး ပြန့်ကျဲကျန်ခဲ့တဲ့ မီးကျိုးမောင်းပျက် လက်နက်တွေ စုစည်းကာ ကျေးလက်လူထုကို အမာခံထား စုဆောင်းပြီး လက်နက်ကိုင်တပ်ကို ဖွဲ့စည်းတိုက်ခိုက်ရတာ ဖြစ်ပါတယ်။

ဒါဟာ ဗမာပြည်မှာ လွတ်လပ်ရေးရပြီးတဲ့နောက် အမျိုးသားစည်းလုံးညီညွတ်မှု ပြိုကွဲမှုအမြင့်ဆုံးအဆင့် ရောက်သွားပြီး ဒီမိုကရေစီဆိတ်သုဉ်းသွားကာ ပြည်တွင်းစစ်ဖြစ်ပွားသွားရတာပဲ ဖြစ်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီကို မတရားအသင်းအဖြစ် အစိုးရက ကြေညာပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီဟာ သူ့ရဲ့သမိုင်းပေး တာဝန်ဖြစ်တဲ့ ဒီမိုကရေစီသစ်လမ်းကြောင်းနဲ့ ဒီမိုကရေစီရေးတာဝန်ကို ဥပဒေတွင်းမှာ ဆောင်ရွက်ဖို့ အခွင့်အလမ်း လုံးဝမရှိတော့ပါ။ ဒါကြောင့် ဥပဒေပအင်အားစုအဖြစ်နဲ့ သူ့သမိုင်းတာဝန်ကို အကျေပွန်ဆုံး ထမ်းဆောင်လိုက်ရပါတော့တယ်။ အဲဒါကတော့ ဒီမိုကရေစီသစ် (ဝါ) ပြည်သူ့ဒီမိုကရေစီလက်နက်ကိုင်တော်လှန်ရေးကို ဆင်နွှဲလိုက်ရတာပဲ ဖြစ်ပါတယ်။ ဗမာပြည်မှာ ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာ ပြည်တွင်းစစ် စတင်တာဖြစ်သလို အဲဒီနေ့ကို ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင်တော်လှန်ရေးနေ့ အဖြစ်လည်း မော်ကွန်းထိုးခဲ့ပါတယ်။

(၄)

ပြည်တွင်းစစ် စတင်စက ဗမာပြည်ကွန်မြူနစ်ပါတီ တဖွဲ့တည်း လက်နက်ကိုင်တော်လှန်ရေး လုပ်နေရတာပါ။ မကြာခင်မှာ ပြည်သူ့ရဲဘော်အဖွဲ့လည်း လက်နက်ကိုင်တိုက်ပွဲ ဝင်လာပါတယ်။ အစိုးရတပ်ရင်းအချို့မှ တော်လှန်သော ဗမာ့တပ်မတော် **(RBA)** နာမည်နဲ့အင်အားအချို့လည်း ဗမာပြည် ကွန်မြူနစ်ပါတီနဲ့ ပူးပေါင်းခဲ့ပါတယ်။ ရခိုင်ဘက်ကလည်း လက်နက်ကိုင်တိုက်ပွဲ ဝင်လာခဲ့တယ်။ ၁၉၄၉ နှစ်ဦးပိုင်းမှာတော့ **KNDO** နဲ့ **MNDO** တို့ လက်နက်ကိုင်တိုက်ပွဲ ဝင်လာပြန်တယ်။ ဒါကြောင့် ပြည်တွင်းစစ်ဟာ ပိုမိုကျယ်ပြန့်နက်ရှိုင်းသွားပါတယ်။

ပြည်တွင်းစစ် ဖြစ်ပွားလာတဲ့အခါ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက သူမနာကိုယ်မနာ ငြိမ်းချမ်းရေးလုပ်ဖို့ အဆိုပြု လှုပ်ရှားပါတယ်။ ဒါပေမဲ့ ဖဆပလ အစိုးရက အပြုတ်ချေမှုန်းရေးနဲ့ လက်နက်ချ အညံ့ခံရေးပဲ သဘောထား လုပ်ဆောင်ပါတယ်။ ဒါကြောင့် ပြည်တွင်းစစ်ဟာ ရေရှည်စစ်ပွဲ ဖြစ်လာပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီဟာ ကျေးလက်အခြေခံ မြို့ကိုဝိုင်းဆိုတဲ့ ရေရှည်ပြည်သူ့ပြောက်ကျားစစ်ပွဲ စနစ်နဲ့ တိုက်ပွဲဝင်ပါတယ်။ တော်လှန်ရေးလုပ်ငန်းစဉ် တခုလုံးအရ လက်နက်ကိုင်တိုက်ပွဲကို အဓိကတိုက်ပွဲသဏ္ဍာန် အဖြစ်ထား ပြီး အခြားတိုက်ပွဲသဏ္ဍာန်များနဲ့ ပေါင်းစပ်တဲ့ နည်းပရိယာယ် လမ်းစဉ်ကို ကျင့်သုံးပါတယ်။ ဒါကြောင့် စစ်တိုက်နေတာနဲ့ တပြိုင်တည်းမှာ လူထုတိုက်ပွဲတွေ၊ နိုင်ငံရေးတိုက်ပွဲတွေကို ဆက်စပ်ပြီး တနည်းမဟုတ်တနည်းနဲ့ ပါဝင်စည်းရုံးလှုံ့ဆော် လှုပ်ရှားပါတယ်။ ပြည်သူ့ဒီမိုကရေစီလက်နက်ကိုင် တိုက်ပွဲ တလျှောက်မှာ အင်အားစုအမျိုးမျိုးနဲ့လည်း တပ်ပေါင်းစုဖွဲ့ ခဲ့ပါတယ်။

ဖဆပလ အစိုးရက မြေလှန်စနစ်နဲ့ စစ်ဆင်တာကို လည်း ရင်ဆိုင်ခဲ့ရပါတယ်။ ဗိုလ်နေဝင်းစစ်အုပ်စုက အာဏာ သိမ်းကာ စစ်အာဏာရှင်စနစ်ကို ထူထောင်ပြီး ဖြတ်လေးဖြတ် စနစ်နဲ့ စစ်ဆင်တာကိုလည်း ရင်ဆိုင်ကျော်ဖြတ်ရပါတယ်။

အခြေခံစခန်းတွေ ကျယ်ပြန့်လာလိုက်၊ သေးကျုံ့ သွားလိုက်၊ လွတ်မြောက်ဒေသ ပေါ်လာလိုက်၊ လက်လွှတ် ဆုံးရှုံးသွားလိုက်နဲ့  ရေရှည်စစ်ပွဲမှာ ကြုံတွေ့ဖြတ်သန်းရ ပါတယ်။

၁၉၄၈ ခုနှစ်က ၁၉၈၉ အထိ နှစ်ပေါင်း ၄၁ နှစ် အတွင်းမှာ စစ်မြေပြင်မှာ ဥက္ကဋ္ဌနှစ်ဦး၊ အတွင်းရေးမှူးတဦး အပါအဝင် ဗဟိုအဆင့် ကေဒါကြီးများ၊ အဆင့်ဆင့်ကေဒါ များ၊ ပါတီဝင်များ၊ ပြည်သူ့တပ်မတော် တပ်မှူးကြီးများ၊ အဆင့်ဆင့် တပ်မှူးများ၊ တပ်သားအမြောက်အမြား အသက် ပေးသွားကြပါတယ်။ ထောင်တွင်း၊ အကျဉ်းစခန်းအတွင်း စစ်ကြောရေးတွေမှာလည်း ပါတီဝင်ကေဒါများ၊ ပါတီလိုလား သူပေါင်းများစွာ အသက်ပေးသွားကြပါတယ်။ ဗမာပြည်ကွန်မြူ နစ်ပါတီဟာ မိမိရဲ့သမိုင်းပေးတာဝန်ကို ဘယ်လောက်ပဲ အရင်းအနှီးပေးရ၊ ပေးရ ကျေပွန်အောင် ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။

၁၉၇၅ ခုနှစ် ပဲခူးရိုးမအခြေခံစခန်း လက်လွှတ်ဆုံးရှုံး ရတဲ့အခါ အရှေ့မြောက်လွတ်မြောက်ဒေသမှာ ဗဟိုကော်မတီ သစ်ကို ဖွဲ့စည်းခဲ့တယ်။ ဗမာပြည်ကွန်မြူနစ်ပါတီဟာ တဗိုလ် ကျ တဗိုလ်တက်စနစ်နဲ့ ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင် တော်လှန်ရေးကို ဆင်နွှဲခဲ့ရပါတယ်၊ ၁၉၇၉ ခုနှစ်မှာ ဥက္ကဋ္ဌ သခင်ဗသိန်းတင် အမှူးပြုတဲ့ ဗဟိုကော်မတီက အခြေအနေ အရပ်ရပ်ကို သုံးသပ်ကာ ပါတီအထွေထွေလုပ်ငန်းစဉ် အပါအဝင် ပါတီတည်ဆောက်ရေးလမ်းစဉ်၊ စစ်ရေးလမ်းစဉ်၊ မြေယာပေါ်လစီ စတဲ့ လမ်းစဉ်၊ လုပ်ငန်းစဉ်အရပ်ရပ်ကို ပြန်လည်သုံးသပ် ချမှတ်ခဲ့တယ်။ ၁၉၈၅ ခုနှစ်မှာတော့ တတိယအကြိမ်မြောက် ပါတီကွန်ဂရက်ကို ကျင်းပနိုင်ခဲ့တယ်။ ကွန်ဂရက်က တပါတီစစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး ပါတီစုံဒီမိုကရေစီစနစ် ပေါ်ပေါက်ရေး ကြွေးကြော်သံနှင့်အတူ၊ ပြည်တွင်း ငြိမ်းချမ်းရေးအလံ – ဒီမို ကရေစီရေးအလံနှင့် – အမျိုးသား သွေးစည်းညီညွတ်ရေးအလံဆိုတဲ့ အလံသုံးလက် ကို တိုင်းပြည်သို့ တင်ပြခဲ့ပါတယ်။ ဗဟို ကော်မတီသစ်ကို လည်း ကွန်ဂရက်က ရွေးချယ်တင်မြှောက်လိုက်တယ်။ လက်နက် ကိုင်တိုက်ပွဲနဲ့ တခြားတိုက်ပွဲသဏ္ဍာန် ပေါင်းစပ်ရေးကို တဆင့် တိုး လုပ်ဆောင်ခဲ့တယ်။ ၁၉၈၈ ခုနှစ် ဒီမိုကရေစီရေး လူထုအုံ ကြွမှုကြီးမှာ ဗမာပြည်ကွန်မြူနစ်ပါတီဟာ မိမိပါဝင်ရမယ့် အခန်းကဏ္ဍကနေ တက်ကြွစွာပါဝင်ခဲ့ပါတယ်။

၁၉၈၉ ခုနှစ်မှာ ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင် တော်လှန်ရေးကိုရော၊ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး လမ်းစဉ်ကိုပါ ဆန့်ကျင်ပြီး ပုန်ကန်ခွဲထွက်မှုတွေ ပေါ်ပေါက် ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီဟာ လွတ်မြောက်ဒေသ အားလုံး၊ အဓိကတပ်အားလုံး ဆုံးရှုံးသွားရတဲ့ဒဏ်ကို ကျရောက် သွားပါတယ်။ ပါတီဝင်ကေဒါအချို့၊ ပါတီဝင်အချို့ ပါတီကို စွန့်ခွာသွားပါတယ်။

(၅)

သေကောင်ပေါင်းလဲ ဖြစ်သွားတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဖုတ်ဖက်ခါ လူးလဲထရပ်လိုက်ပါတယ်။ ၁၉၉၃ မှာတော့ တပြည်လုံးအနှံ့အပြားမှာ ရှိနေတဲ့ ပါတီဝင်တွေနဲ့ ပြန်လည်ဆက်သွယ်ချိတ်ဆက်နိုင်ပြီး အထူးကွန်ဖရင့်တရပ်ကို ကျင်းပနိုင်လာတယ်။ ၁၉၉၄ မှာ ပြီးစီးသွားတဲ့ ဒီကွန်ဖရင့်က ဗမာပြည်ကွန်မြူနစ်ပါတီကို မြေအောက်ပါတီအဖြစ် ပြန်လည်ဖွဲ့စည်းလှုပ်ရှားဖို့ ဆုံးဖြတ်လိုက်တယ်။ ရဲဘော်ကြင်မောင်ဦးစီးတဲ့ ဗဟိုစည်းရုံးရေးကော်မတီကို ဖွဲ့စည်းလိုက်တယ်။ မြေအောက် လုပ်ငန်းလမ်းညွှန်ကိုလည်း ချမှတ်လိုက်ပါတယ်။ အခုဆိုရင် ဗဟိုစည်းရုံးရေးကော်မတီဝင်တွေကို မျိုးဆက်သစ်တွေနဲ့ ထပ်ဖြည့်ထားနိုင်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဘယ်လောက်ကြီးမားခက်ခဲတဲ့ အခြေအနေကို ရောက်ပါစေ ဒီမိုကရေစီသစ် လမ်းကြောင်းဖြစ်တဲ့ ပြည်သူ့ဒီမိုကရေစီ အစိုးရတရပ် ပေါ်ပေါက်ရေး ရည်မှန်းချက်ကို ဦးတည်ချက် ထားရမယ်ဆိုတာ ပြတ်ပြတ်သားသားပဲ မြင်ထားပါတယ်။ အဲဒါကတော့ ဒီမိုကရေစီကို နှောင့်ယှက်တားဆီး ပိတ်ပင်တဲ့၊ ပြည်သူ့ဒီမိုကရေစီစနစ်ရဲ့ ရန်သူဟာ မျက်မှောက်ကာလမှာ စစ်အာဏာရှင် စနစ်ပဲဆိုတာ ရှင်းရှင်းလင်းလင်းပဲ မြင်ထားပါတယ်။ အာဏာသိမ်းစစ်အုပ်စုက တော်လှန်ရေးကောင်စီနဲ့ အစိုးရဖွဲ့တာ၊ မဆလပါတီဖွဲ့ပြီး ၇၄ အခြေခံဥပဒေချမှတ်ကာ၊ ရွေးကောက်ပွဲလုပ်ပြီး ပါတီ၊ ကောင်စီ၊ လွှတ်တော်၊ အစိုးရဖွဲ့တာ၊ ၈ လေးလုံး အရေးတော်ပုံကြီးနောက်ပိုင်း နဝတ၊ နအဖ အစိုးရကို ဖွဲ့တာ၊ ၂၀၀၈ အခြေခံဥပဒေ အတည်ပြုပြီး ဒီမိုကရေစီစကားတွေ တဖွဖွပြောကာ ရွေးကောက်ပွဲလုပ်ပြီး ကြံ့ဖွံ့ပါတီအနိုင်ရစေကာ အဆင့်ဆင့်လွှတ်တော်နဲ့ အစိုးရပေါ်ပေါက်လာတာတွေ အားလုံးဟာ စစ်အာဏာရှင်စနစ်ပဲ ဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်းပဲ မြင်ပါတယ်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ ဒီချုပ်အနိုင်ရပြီး အစိုးရဖွဲ့ကာ ၂၀၀၈ အခြေခံဥပဒေအရ လှုပ်ရှားရတာကြောင့် ဒီမိုကရေစီအပြောင်းအလဲ ကာလလို့ ဘယ်လိုပဲပြောပြော စစ်အာဏာရှင်စနစ်နဲ့ စစ်ဗျူရိုကရေစီ ယန္တရားကြီးက လည်ပတ်မြဲ လည်ပတ်နေတယ်လို့ပဲ ဗမာပြည်ကွန်မြူနစ်ပါတီက ရိုးရိုးရှင်းရှင်းပဲ မြင်ပါတယ်။

စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်ပစ်နိုင်မှ ပြည်သူ့ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ ကနေ့ နိုင်ငံတကာပတ်ဝန်းကျင်အရ၊ ပထဝီနိုင်ငံရေးအရ၊ ဗမာပြည် ပြည်သူလူထုအခြေအနေအရ၊ ဗမာပြည်စစ်အုပ်စုအခြေအနေအရ၊ ဗမာပြည်နိုင်ငံရေးအင်အားစု အသီးသီး အခြေအနေအရ ဗမာပြည်မှာ အပြောင်းအလဲတရပ် ဖော်ဆောင်ဖို့ တောင်းဆိုနေပါတယ်။ ကနေ့ကာလမှာ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေးရဲ့ အစချီချက်ဟာ ၂၀၀၈ အခြေခံဥပဒေတိုက်ဖျက်ရေးပဲလို့ ဗမာပြည်ကွန်မြူနစ်ပါတီက မြင်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီအနေနဲ့ အခြေခံလူတန်းစားတွေရဲ့ လတ်တလောတောင်းဆိုချက်တွေနဲ့အတူ ပြည်ချစ်ဝါဒလမ်းစဉ်ကို တင်ပြထားပါတယ်။ လူ့ဆော်တိုက်ပွဲဝင်နေပါတယ်။ အကြမ်းဖက်ဖိနှိပ်စိုးမိုးမှုကို အကြမ်းဖက်ခုခံ တိုက်ခိုက်တာဟာ တရားတယ်၊ မှန်ကန်တယ်လို့ပဲ ဗမာပြည်ကွန်မြူနစ်ပါတီက စွဲစွဲမြဲမြဲယုံကြည်ပါတယ်။

ဒီတင်ပြတောင်းဆို စည်းရုံးလှုံ့ဆော်တိုက်ပွဲဝင်မှုတွေဟာ ဒီမိုကရေစီရေးအတွက် လတ်တလော ထမ်းဆောင်ရမယ့် ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ သမိုင်းပေးတာဝန် တရပ်လည်း ဖြစ်ပါတယ်။

စာတည်းအဖွဲ့

# ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏ ရခိုင်ဒေသအတွင်း ပျံ့နှံ့လာနေသော Covid - 19 ကူးစက်မြန်ရောဂါနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာချက်

၁။ ယခုအခါ **Covid - 19** ကူးစက်မြန်ရောဂါသည် ရခိုင်ဒေသအတွင်း အလျင်အမြန် ပျံ့နှံ့နေကြောင်း သတင်းများကြားသိနေရပါသည်။ ဩဂုတ်လ ၁၆ မှ ၂၃ ရက်နေ့ ည ၈နာရီအထိ ရောဂါပိုးတွေ့ရှိသူ ၅၉ ဦးအထိ ရှိလာပြီ။ တပြည်လုံး ကူးစက်ခံရသူ စုစုပေါင်း ၄၅၀ ဦးရှိခဲ့ပြီ။ ကျန်းမာရေးဝန်ကြီးဌာန သတင်းများအရ ယခုကူးစက်မှုမှာ မျိုးဗီဇပြောင်းလဲနေသော ပိုင်းရပ်စ်အမျိုးအစား ဖြစ်နိုင်သောကြောင့် ကူးစက်မှုနှုန်း ဆယ်ဆမြန်ကြောင်းနှင့် ဒုတိယလှိုင်းတကျော့ပြန်လာတာ ဖြစ်နိုင်ကြောင်း သတိပေး နှိုးဆော်ထားသည်။ **WHO** ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှလည်း ကာကွယ်ဆေးစမ်းသပ်ခြင်းနှင့် ကာကွယ်ဆေးလူတိုင်းစွေ့ ဖြန့်နိုင်ရေးမှာ နှစ်ချီကြာဦးမှာဖြစ်ကြောင်း သတိပေးထားသည်။

၂။ ယခုအခါ ရခိုင်ဒေသတွင်း ရောဂါထိန်းချုပ်ရေးအတွက် ရပ်ကွက်မြို့ရွာအလိုက် ပိတ်ဆို့ထားခြင်း **Lockdown -** နေထိုင်မှုကန့်သတ်ထားခြင်း၊ ညမထွက်ရအမိန့်ထုတ်ထားခြင်းများကို ဆောင်ရွက်ထားကြောင်း ကြားသိရပါသည်။ ရခိုင်မြောက်ပိုင်းတွင် အင်တာနက်ဆက်သွယ်ရေးလိုင်း ဖြတ်တောက်ထားသည်မှာလည်း ကြာလှပါပြီ။ ရခိုင်နှင့်မွတ်စလင် ဒုက္ခသည်စခန်းများနှင့် လတ်တလော စစ်ဘေးရှောင်စခန်းများတွင်လည်း သိန်းနဲ့ချီသောလူများ ပြွတ်သိပ်လျက်ရှိနေသည်။ သူတို့၏ ဒုက္ခများကိုလည်း နားလည်ပေးသင့်ပါသည်။

၃။ ကမ္ဘာနှင့်ချီဖြစ်ပွားနေသော စီးပွားရေးအကျပ်အတည်းနှင့် ကိုဗစ်ကပ်အောက်တွင် ပြည်တွင်းစစ်ပြဿနာ၊ ဆင်းရဲမွဲတေမှုပြဿနာစသော အသည်းအသန်ပြဿနာပေါင်းစုံနှင့် လုံးထွေးနေရကာ စိန်ခေါ်မှုများစွာနှင့် ကြုံတွေ့နေရသော ဗမာပြည်လိုဖွံ့ဖြိုးဆဲနိုင်ငံတနိုင်ငံတွင် ရောဂါပြန့်ပွားမှု မြင့်တက်လာပါက အများပြည်သူတို့၏ အသက်အိုးအိမ် ကြောက်ခမန်းလိလိ ဆုံးရှုံးသွားနိုင်သည်။ ရောဂါပြန့်ပွားမှု မြင့်တက်လာပါက (အထူးသဖြင့် ကျန်းမာရေးပြဿနာများ) ထိန်းမနိုင်သိမ်းမရ ဖြစ်သွားနိုင်သည်။

၄။ ယနေ့ကာလသည် စစ်ဘေး၊ ရောဂါဘေး၊ အငတ်ဘေးနှင့် အဖိနှိပ်ခံနေရသောဘေးစသော ဘေးဒုက္ခအမျိုးမျိုးတို့အကြားဆုံးကြားထဲက ဘူးကဲ့သို့ အန္တရာယ်မျိုးစုံ ဝန်းရံခြင်းခံနေရပြီး ဒုက္ခဖိစီးမှုများစွာ ရင်ဆိုင်နေရသော ရခိုင်ပြည် ပြည်သူလူထုအပါအဝင် တပြည်လုံးပြည်သူလူထု၏ ဘေးဒုက္ခနှင့် အသက်အန္တရာယ်ကင်းရှင်းစေရေးကို အစိုးရနှင့်အစိုးရစစ်တပ်တို့သည်

လည်းကောင်း AA တပ်တော်သည်လည်းကောင်း၊ အဓိက ရှေးရှူဦးတည်သွားရမည့် အချိန်ကာလဖြစ်သည်ဟု ကျွန်ုပ်တို့ ယူဆမိသည်။ သို့ဖြစ်၍ ရခိုင်ပြည်သူလူထု၏ ကောင်းကျိုးချမ်းသာကို ဦးထိပ်ပန်ကာ လက်နက်ကိုင်အင်အား နှစ်ဖွဲ့စလုံးမှ မည်သည့် စစ်နေရာ တိုးချဲ့မှု၊ စစ်ရေးလှုပ်ရှားမှုများများကိုမဆို ဆက်လက်မလုပ်ဆောင်သင့်တော့ပါ။ ထို့ကြောင့် နှစ်ဖက်စလုံး တပြိုင်တည်း ချက်ချင်းအပစ် အခတ်ရပ်စဲပြီး ကြိုတင်စည်းကမ်းသတ်မှတ်ချက် မထားရှိဘဲ ရခိုင်ပြည်နယ် စစ်မီးငြိမ်းအေး စေရေးအတွက် တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်သွားကြရန် ဗမာပြည်ကွန်မြူနစ်ပါတီအနေဖြင့် အလေးအနက် တိုက်တွန်းအပ်ပါသည်။

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ
၂၀၂၀ ခုနှစ်၊ ဩဂုတ်လ၊ ၂၄ ရက်။
(၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်။)

ကမ္ဘာနှင့်ချီဖြစ်ပွားနေသော
စီးပွားရေးအကျပ်အတည်းနှင့် ကိုဗစ်ကပ်အောက်တွင်
ပြည်တွင်းစစ်ပြဿနာ၊ ဆင်းရဲမွဲတေမှု ပြဿနာစသော
အသည်းအသန်ပြဿနာပေါင်းစုံနှင့် လုံးထွေးနေရကာ
စိန်ခေါ်မှုများစွာနှင့် ကြုံတွေ့နေရသော ဗမာပြည်လို
ဖွံ့ဖြိုးဆဲနိုင်ငံတနိုင်ငံတွင် ရောဂါပြန့်ပွားမှု
မြင့်တက်လာပါက အများပြည်သူတို့၏ အသက်အိုးအိမ်
ကြောက်ခမန်းလိလိ ဆုံးရှုံးသွားနိုင်သည်။

# ၁၉၈၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့ထုတ် ပြည်သူ့အာဏာဂျာနယ် အမှတ် (၁) အတွက် ဥက္ကဋ္ဌသခင်ဗသိန်းတင်၏ အမှာစာ

## ပြည်သူ့အာဏာဂျာနယ် ထုတ်ဝေခြင်းအတွက် ဥက္ကဋ္ဌသခင်ဗသိန်းတင်၏ အမှာစာ

ရဲဘော်တို့

၁၉၄၅ ခု ဂျပန်ဖက်ဆစ်များ ဒုတိယကမ္ဘာစစ်ပွဲတွင် စစ်ရှုံးပြီး လက်နက်ချခဲ့ရတယ်။

အင်္ဂလိပ်နယ်ချဲ့အစိုးရ ဗမာပြည်ကို ပြန်ဝင်လာပြီးတဲ့နောက် ကျနော်တို့ပါတီဟာ မြေအောက်ပါတီအဖြစ်မှ ဥပဒေတွင်း ပြောင်လှုပ်ရှားနိုင်တဲ့ ပါတီဖြစ်လာခဲ့တယ်။

၄၅ ခုနှစ်နောက်ပိုင်းမှာ ကျနော်တို့ပါတီ ဗဟိုက "ပြည်သူ့အာဏာဂျာနယ်" ကို တပတ်အတွင်း ထုတ်ဝေနိုင်ခဲ့တယ်။ အဲဒီတုံးက အယ်ဒီတာချုပ်အဖြစ် နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် တဦးဖြစ်သူ သခင်ဗဟိန်းက တာဝန်ယူခဲ့တယ်။

နောက်ထပ် "ကွန်မြူနစ်နေ့စဉ်" သတင်းစာကို ထုတ်ဝေနိုင်ခဲ့ပြန်တယ်။

၁၉၄၈ ခုနှစ် မတ်လ (၂၈) ရက်နေ့မှာ ဖောက်ပြန်တဲ့ ဖဆပလ အစိုးရက ဖောက်ပြန်တဲ့ ပြည်တွင်းစစ်ကို စတင်လာတဲ့အခါမှာ "ပြည်သူ့အာဏာဂျာနယ်" နဲ့ "ကွန်မြူနစ်နေ့စဉ်" သတင်းစာများကို မှန်မှန်မထုတ်နိုင်ခဲ့တော့ပါ။

ဗမာပြည် အရှေ့မြောက်ပိုင်း အခြေခံစခန်းများကို တည်ဆောက်ပြီးတဲ့နောက်မှာလည်း ဒီဂျာနယ်နဲ့ သတင်းစာများကို မထုတ်ဝေနိုင်ခဲ့ပါ။

မကြာမီက အောင်မြင်စွာ ကျင်းပခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ တတိယအကြိမ်မြောက် ပြည်လုံးကျွတ် ပါတီကွန်ဂရက် ပြီးတဲ့နောက် အခုပထမအကြိမ် "ပြည်သူ့အာဏာဂျာနယ်" ကို ပြန်လည်ထုတ်ဝေလိုက်ပါတယ်။

ဒီဂျာနယ်ကို ပြန်လည်ထုတ်ဝေရခြင်းရဲ့ အဓိကရည်ရွယ်ချက်က ပါတီရဲ့လမ်းစဉ် ပေါ်လစီများကို ပိုမိုနက်ရှိုင်းစွာ နားလည် အကောင်အထည်ဖော်နိုင်အောင်၊ ပါတီတွင်းမှာ ပစ္စည်းမဲ့မဆန်တဲ့ မှားယွင်းတဲ့ အတွေးအခေါ်အယူအဆများကို တိုက်ဖျက်ကာ မှန်ကန်တဲ့ ပစ္စည်းမဲ့အတွေးအခေါ် နိုင်ငံရေး၊ စည်းရုံးရေး၊ လုပ်ဟန် စတာတွေကို တည်ဆောက်သွားဖို့ ဖြစ်တယ်။

နိုင်ငံရေးလမ်းစဉ်ဆိုတာဟာ တော်လှန်ရေးအောင်မြင်ဖို့အတွက် တပါတီလုံးရဲ့ ချီတက်ရာလမ်းကြောင်းကို ညွှန်ပြပြီး အကောင်အထည်ဖော်ရမဲ့ လုပ်ငန်းတွေကို ပြဌာန်းထားတာဖြစ်တယ်။ စည်းရုံးရေးလမ်းစဉ်ဆိုတာကတော့ ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှုမူအရ ပါတီဝင်တွေကို ထိန်းကွပ်ထားတာဖြစ်တယ်။

အတွေးအခေါ်နဲ့ လုပ်ဟန်ဟာ အလွန်နီးကပ်စွာ ဆက်စပ်လျက်ရှိတယ်။ ပါတီဝင်တယောက်ရဲ့ လုပ်ဟန်ဟာ သူ့ခေါင်းထဲမှာရှိတဲ့ အတွေးအခေါ်ကို ယေဘုယျအားဖြင့် ဖော်ပြတာဖြစ်တယ်။ ဒါကြောင့် မှန်ကန်တဲ့အတွေးအခေါ်နဲ့ လုပ်ဟန်များ ပါတီဝင်တိုင်းမှာ အမြဲရှိနေဖို့ အလွန်အရေးကြီးပါတယ်။

ဒီဂျာနယ် ပြန်လည်ထွက်ပေါ်လာခြင်းအားဖြင့် ပါတီ၊ တပ်၊ ဒေသတွင်းမှာ တာဝန်ယူနေကြတဲ့ ရဲဘော်တွေအားလုံး အတွက် လက်တွေ့လုပ်ဆောင်ရာမှာ အကူအညီဖြစ်စေလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ပစ္စည်းမဲ့ ကမ္ဘာအမြင်ကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်သွားကြပါစို့။

ဗသိန်းတင်

# ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပါတီဝင်တိုင်း ကြံ့ကြံ့ခိုင်ရပ်တည်ရမည့် အခြေခံမူကြီးသုံးရပ်

၁၉၉၀ ခုနှစ် မတ်လ ၂၈ ရက်ထုတ် ပြည်သူ့အာဏာဂျာနယ် အမှတ် (၅) မှ

ယနေ့ဗမာပြည်တွင်းရှိ လူတန်းစားတိုက်ပွဲမှာ ပြင်းထန်သဲသန်လှသည်။ နိုင်ငံတကာအခြေအနေ၏ ဂယက်ရိုက်ခတ်မှုမှာလည်း မသေးလှဟုဆိုရမည်။ အထူးသဖြင့် ပြည်တွင်းအခြေအနေမှာ သမိုင်းကွေ့ချိုးတခုသို့ ရောက်နေသည်။ ဤသို့သော ကာလမျိုးသည် တော်လှန်ရေးအင်အားစုများနှင့် တော်လှန်ရေးသမားများသာမက နိုင်ငံရေးအင်အားစုများ၊ နိုင်ငံရေးသမားများ၊ နိုင်ငံရေးနှင့်မကင်းနိုင်သူများ အားလုံးကိုပင် စစ်ဆေးမေးမြန်းလျက်ရှိသည်။ ဤနေရာတွင် တရားသူကြီးကား ပြည်သူလူထု၊ မေးခွန်းကား သင်ဘယ်လိုရပ်တည်မည်နည်း ဆိုသည်ပင်။ မည်သည့်အင်အားစု၊ မည်သူတဦးတယောက်မျှ ရှောင်လွှဲလို့မရ၊ ဖြေကြရလိမ့်မည်။

ဗမာပြည် ကွန်မြူနစ်ပါတီ၏ ပါတီဝင်များကမူ အောက်ပါအတိုင်း ရပ်တည်ကြပေသည်။

၁။ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ကို ရှေ့ဆောင်အဖြစ်ထားပြီး ဗမာပြည်၏ တိကျသောလက်တွေ့ဖြင့် ပေါင်းစပ်နိုင်မှသာလျှင် ဗမာပြည်တော်လှန်ရေးမှာ အောင်ပွဲခံနိုင်ပေလိမ့်မည်။

ပါတီ၏ အထွေထွေလုပ်ငန်းစဉ်တွင် “ဗမာပြည်ကွန်မြူနစ်ပါတီသည် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ကို မိမိအတွေးအခေါ်အား လမ်းညွှန်သော သဘောတရားအခြေခံနှင့် လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူကျင့်သုံးသည်။” ဟု ရှင်းလင်းစွာ ဖော်ပြထားသည်။ ဗမာပြည် ပြည်သူနှင့် ဗမာပြည်တော်လှန်ရေးသမားများသည် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်အား အလွယ်တကူ သို့မဟုတ် အမှတ်မထင် ထိတွေ့မိခြင်း၊ ကိုင်စွဲခဲ့ခြင်း မဟုတ်ချေ။ သူ့ကျွန်ဘဝရောက်ပြီးနောက် ကာလရှည်လျားပြီး ပြင်းထန်သဲသန်သော တိုက်ပွဲအဆင့်ဆင့်ကို ဖြတ်သန်း၊ ကြီးမားလှသော စွန့်လွှတ်အနစ်နာခံမှုများ ပြုလုပ်ပြီးမှ ဤသဘောတရားလမ်းညွှန်ကို တွေ့ရှိကိုင်စွဲခဲ့ကြခြင်း ဖြစ်သည်။ ဤသဘောတရားလမ်းညွှန်သည် ဗမာပြည် ပြည်သူတို့အား အင်္ဂလိပ်နယ်ချဲ့သမားအား ဆန့်ကျင်တိုက်ခိုက်ရာတွင်လည်းကောင်း၊ ဂျပန်ဖက်ဆစ်များအား တွန်းလှန်မောင်းထုတ်ရာတွင်လည်းကောင်း၊ စစ်အစိုးရအပါအဝင် ပြည်တွင်းဖောက်ပြန်ရေးသမားများအား တော်လှန်ရာတွင်လည်းကောင်း ထိရောက်အောင်မြင်စွာ ရှေ့ဆောင်နိုင်ခဲ့သည်။ ပါတီတည်ထောင်ပြီး ဤမှာဘက် သမိုင်းတွင် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်အား ဗမာပြည်တော်လှန်ရေး လက်တွေ့နှင့် မှန်ကန်စွာ ပေါင်းစပ်နိုင်လျှင် ပြည်သူတို့ အောင်ပွဲခံပြီး၊ ပေါင်းစပ်မှုမှားယွင်းလျှင် ပြည်သူတို့ နစ်နာဆုံးရှုံးသည်ကို တွေ့ခဲ့ကြရပေသည်။

ထို့ကြောင့် ပါတီဝင်များအဖို့ အလွန်အရေးကြီးသည့် တာဝန်တရပ်မှာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ကို နက်နက်ရှိုင်းရှိုင်း လေ့လာသဘောပေါက်အောင်လုပ်ရင်း၊ တဖက်တွင်လည်း ဗမာပြည်၏ တိကျသောလက်တွေ့အခြေအနေကို ဆန္ဒစွဲကင်းကင်းဖြင့် မှန်မှန်ကန်ကန်သိနားလည် ဆုပ်ကိုင်မိရေးပင်ဖြစ်သည်။ သို့မှသာ သဘောတရားနှင့်လက်တွေ့ ပေါင်းစပ်ရေးဆိုသည်မှာ နှိုင်းစာခြင်းအားဖြင့် လွယ်ကူပေလိမ့်မည်။ သဘောတရားနှင့် လက်တွေ့ပေါင်းစပ်ခြင်းဆိုသည်မှာ စာအုပ်ထဲမှ အရာများကို လက်တွေ့

ဂွင်တွင် တိုက်ရိုက်အကောင်အထည်ဖော်ခြင်းဟု ယူဆလျှင် အမှားကြီး မှားပေလိမ့်မည်။ အထက်တွင် ဖော်ပြခဲ့သလို ပကတိ ဘာဝပိုင်းကိုလည်း နားလည်သဘောပေါက်အောင် လုပ်၊ အတ္တပိုင်းကိုလည်း ရေချိန်မြှင့်တင်ပြီး လက်တွေ့ကျင့်သုံး ကြည့်၊ မှားလျှင် ပြန်သုံးသပ်ပြုပြင်၊ လက်တွေ့တွင် တဖန် ကျင့်သုံး စသဖြင့် တဖန်တလဲလဲ ဖြတ်သန်းရသော ဖြစ်စဉ်ကြီး ဖြစ်သည်။ မှားလိုက်၊ ပြုပြင်လိုက်နှင့် ပြင်းထန်ခက်ခဲသော ဖြစ်စဉ်ကြီးလည်း ဖြစ်သည်။

ယခုတလော နိုင်ငံတကာတွင် မာ့က်စ်ဝါဒနှင့် ကွန်မြူနစ်ဝါဒကို ဆန့်ကျင်သော အတွေးအခေါ်များ အနှံ့ အပြား ပေါ်ပေါက်နေသည်။ အချို့သည်လည်း မိမိဖြစ်စေလို သည့်အတိုင်း မာ့က်စ်ဝါဒ၏ အခြေခံမှုများကို ခုတ်ထစ်ဖြတ် တောက်ပြီး ပုံဖျက်နေကြသည်။ အချို့သော ဆိုရှယ်လစ် နိုင်ငံများအတွင်း ကသောင်းကနင်းဖြစ်နေသည်များကို လက် ညှိုးထိုးထိုးပြီး မာ့က်စ်ဝါဒ ခေတ်ကုန်ပြီဟု အူမြူးချိုကြွနေကြ သည်။ ဤသည်ကို အခွင့်ကောင်းယူကာ "ဓနရှင်နိုင်ငံရေး သမားများနှင့် စာရေးဆရာများကလည်း မာ့က်စ်ဝါဒနှင့် ကွန်မြူနစ်ဝါဒကို အရှုံးအမူး တိုက်ခိုက်လာကြသည်။ အမေ ရိကန်နိုင်ငံတွင် ကာကွယ်ရေးဝန်ကြီးလုပ်ခဲ့ဖူးသူ ဘရက်ဇင်း စကီးကဆိုလျှင် "၂၀ ရာစုနှစ် ကွန်မြူနစ်စနစ် မွေးဖွားခြင်းနှင့် သေဆုံးခြင်း" ဟူသော စာအုပ်တအုပ်ရေးသားပြီး ကမ္ဘာတွင် ကွန်မြူနစ်ဝါဒ ကျဆုံးပြီဖြစ်လေဟန် ကြေညာခဲ့သည်။ တချိန် ထဲတွင် ယူဂိုဆလပ်ဗ်နိုင်ငံက ဂျီးလပ်စ်ကဲ့သို့သော ကွန်မြူနစ် ဝါဒကို ကျောခိုင်းသစ္စာဖောက်သွားကြသူများကလည်း ကွန် မြူနစ်ဝါဒကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ပြောဆိုရေးသားနေ ကြပေသည်။ ဤဓနရှင်စနစ်၏ ရှေ့နေများက လူသားသမိုင်း တွင် ပေါ်ပေါက်ခဲ့ဖူးသော လူမှုစနစ်အားလုံးတွင် အရင်းရှင်စနစ် သည်သာလျှင် အဆင့်အမြင့်ဆုံး၊ အကောင်းဆုံးစနစ်၊ ခေတ် နှင့်အညီ လိုက်ပါနိုင်သည့်စနစ်၊ အကျပ်အတည်းပေါင်းစုံကို ကျော်လွှားနိုင်သည့်စနစ်ဟု အမွှန်းတင်နေကြသည်။ သူတို့ အဖို့ အရင်းရှင်စနစ်သည် လူသားသမိုင်း၏ အထွတ်အထိပ် ဖြစ်နေသည်။ ထို့အတူ အရင်းရှင် ဒီမိုကရေစီသည်လည်း အပြည့်ဝဆုံး၊ အစစ်မှန်ဆုံး ဒီမိုကရေစီဖြစ်သည်ဟု သူတို့က ဆိုနေကြသည်။

တကယ်တော့ ဤသူများသည် သမိုင်းရေစီး ကြောင်း မည်သို့ရှိသည်ကို နားမလည်၊ သဘောမပေါက်ကြ ခြင်းသာ ဖြစ်သည်။ လူ့သမိုင်း၏ ဖြစ်ပေါ်တိုးတက်မှု ရေစီး ကြောင်းသည် ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒဆီသို့ မုချ ရောက်ရှိပေလိမ့်မည်။ ဤသည်မှာ မည်သူတဦးတယောက်၏ စိတ်ဆန္ဒနှင့်မျှ မပတ်သက်သလို မည်သူကမျှလည်း တားဆီး ၍ မရနိုင်ချေ။ အမှန်ပင် ဤသို့သော ရေစီးကြောင်းကြီးတွင် တန်ပြန်ရေစီးကြောင်းကလေးများလည်း ရှိတတ်သည်။ သို့ သော် ခြွင်းချက်ကို တရားထင်လျှင် အမှားကြီးမှားပေတော့ သည်။ မာ့က်စ်နှင့်အိန်ဂယ်တို့ ကွယ်လွန်ပြီးသည့်နောက်၌ ကမ္ဘာပေါ်တွင် မာ့က်စ်ဝါဒကို ယုံကြည်ကာကွယ်သူများ အင်မတန် လျော့ပါးသွားခဲ့သည်။ ဥရောပနိုင်ငံ အနည်းငယ်တွင် လက်

မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ကို
ရှေ့ဆောင်အဖြစ်ထားပြီး ဗမာပြည်၏ တိကျသော လက်တွေ့ဖြင့်
ပေါင်းစပ်နိုင်မှသာလျှင် ဗမာပြည်တော်လှန်ရေးမှာ
အောင်ပွဲခံနိုင်ပေလိမ့်မည်။

ချိုးရေတွက်နိုင်လောက်သော အရေအတွက်သာ ကျန်တော့သည်။ သို့သော် မာ့က်စ်ဝါဒသည် ဆုံးခန်းတိုင်မသွားရုံမက ဆယ်စုနှစ် နှစ်ခုသုံးခုလောက်အတွင်းမှာပင် ကမ္ဘာ့ပထမဆုံးသော ဆိုရှယ်လစ်နိုင်ငံကြီးကို ဖော်ထုတ်ပေးခဲ့ပေသည်။

ယနေ့အခါ နိုင်ငံတကာ့ ကွန်မြူနစ်လှုပ်ရှားမှုတွင်လည်းကောင်း၊ ဗမာပြည်ကွန်မြူနစ်ဝါဒ အရေးတော်ပုံတွင်လည်းကောင်း နောက်ပြန်ဆုတ်မှုများနှင့် အကျပ်အတည်းများ အမှန်ပင် ကြုံတွေ့နေရပေသည်။ ဤသို့ ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ အထက်တွင် တင်ပြခဲ့သကဲ့သို့ပင် သဘောတရားနှင့် လက်တွေ့ကို မှန်မှန်ကန်ကန် ပေါင်းစပ်နိုင်ခြင်း မရှိသောကြောင့်ဟု အကျဉ်းရုံး သုံးသပ်ရပေသည်။ နိုင်ငံအသီးသီး၏ ဖြစ်ပေါ်တိုးပွားမှုမှာ မတူခြားနားရုံမက ရှုပ်ထွေးခက်ခဲသည်။ ဤသို့သောအခြေအနေမျိုးတွင် မာ့က်စ်ဝါဒအား မူရှိသောအလုပ်လမ်းညွှန်ဟု သဘောမထားဘဲ တရားသေဆန်ဆန် ကျင့်သုံးမှုများ၊ မူပေါ်တွင် ကြံ့ကြံ့ခိုင်မရပ်တည်ဘဲ ဆန်စင်ရာကျည်ပွေ့လိုက်သလို လိုရာဆွဲသုံးမှုများသည် ဆုံးရှုံးမှုများသာ ဖြစ်ပေါ်စေပေသည်။ မာ့က်စ်ဝါဒရေချိန် နိမ့်ကျခြင်းကြောင့်လည်းကောင်း၊ လက်တွေ့အခြေအနေကို အကဲဖြတ်ရာတွင် ဆန္ဒစွဲ ကျခြင်းကြောင့်လည်းကောင်း အမှားများ ကြုံတွေ့ရခြင်းဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ထို့ကြောင့် ယနေ့အခါတွင် ပါတီဝင်တိုင်းသည်

– မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် ကျမ်းရင်းများကို နက်နက်ရှိုင်းရှိုင်း အသက်ပါပါ လေ့လာပြီး မိမိတို့၏ သဘောတရားရေချိန်ကို မြှင့်တင်ကြရမည်။

– ဗမာပြည် လူ့အဖွဲ့အစည်းလက်တွေ့ကို မှန်မှန်ကန်ကန် အကဲဖြတ်နိုင်အောင် လုံးပန်းရမည်။

– မည်သို့သော ဘေးအန္တရာယ်မျိုးနှင့်ပင် ကြုံတွေ့သည်ဖြစ်စေ မာ့က်စ်ဝါဒနှင့် ကွန်မြူနစ်အရေးတော်ပုံကို အသက်ပေးပြီး ကာကွယ်ကြရမည်။

၂။ <u>အုပ်စိုးသူများက လက်နက်ဖြင့် အကြမ်းဖက် ဖိနှိပ်လာပါက အုပ်စိုးခံများအနေနှင့် လက်နက်ဖြင့် အကြမ်းဖက် ခုခံတော်လှန်ခြင်းသည် တရားသည်ဟူသော ခံယူချက်ကို လက်ခံရမည်။</u>

လူတန်းစားများ ကွဲပြားနေသော လူ့အဖွဲ့အစည်းတခုတွင် နိုင်ငံတော်ဆိုသည်မှာ လူတန်းစားတရပ်က အခြားလူတန်းစားများကို အာဏာသုံး၍ အုပ်ချုပ်ခြင်းပင်ဖြစ်သည်။ အုပ်စိုးသူ လူတန်းစား၏လက်တွင် စစ်တပ်၊ ပုလိပ်၊ အချုပ်ထောင်၊ တရားရုံးစသည့် ဖိနှိပ်မှုယန္တရားတစုံလုံး အမြဲပင် အပြည့်အစုံရှိသည်။ သို့သော် အုပ်စိုးသူလူတန်းစားက စနစ်တကျဖိနှိပ် အုပ်ချုပ်ထားသည့် ကြားကပဲ ယင်းလူ့အဖွဲ့အစည်းအတွင်းရှိ လူတန်းစားတိုက်ပွဲသည် အဆက်မပြတ်ဖြစ်ပေါ်တိုးပွားလျက် ရှိပေသည်။ သို့ဖြင့် အုပ်စိုးခံများက ကျိုးကျိုးနွံနွံအုပ်စိုးခံနေခြင်း မပြုတော့ဘဲ ရုန်းကန်ထကြွလာကြပြီ ဆိုသောအခါ အုပ်စိုးသူများသည် ပုံမှန်အုပ်ချုပ်မှု (ဖိနှိပ်မှု) အတိုင်း အုပ်ချုပ်ခြင်းမှနေ အကြမ်းဖက် ဖိနှိပ်သည့်အသွင်သို့ ကူးပြောင်းသွားတတ်ကြသည်။ ဤသို့သော အခြေအနေမျိုးတွင် အဖိနှိပ်ခံ ပြည်သူ သို့မဟုတ် အမျိုးသား သို့မဟုတ် လူတန်းစားများအနေဖြင့် အဆိုပါ အကြမ်းဖက်ဖိနှိပ်မှုကို မည်သို့မည်ပုံ တုံ့ပြန်မည်ဆိုသည်မှာ မိမိတို့၏ ဘဝကံကြမ္မာကို မိမိတို့ရွေးချယ်ခြင်းပင် ဖြစ်ပေသည်။ အုပ်စိုးခံလူတန်းစားတရပ်အဖို့ အုပ်စိုးသူလူတန်းစား၏ အကြမ်းဖက်ဖိနှိပ်မှုကို အကြမ်းဖက်ခုခံတော်လှန်ရန် မစဉ်းစားဝံ့၊ မဆုံးဖြတ်ဝံ့ဘူးဟုဆိုလျှင် အဆိုပါ အုပ်စိုးခံလူတန်းစားသည် ဘယ်တော့မှ အုပ်စိုးခံဘဝမှ လွတ်မြောက်တော့မည်မဟုတ်ချေ။ ဖိနှိပ်မှုကို မတွန်းလှန်ဝံ့သော လူတန်းစားသည် ထာဝရပင် ဖိနှိပ်ခံရပေတော့မည်။

ဤသည်နှင့်ယှဉ်တွဲ၍ ရဲဘော်လီနင်က "လက်နက်ဖျက်သိမ်းရေး ကြွေးကြော်သံ" ဆောင်းပါး (လီနင်ကျမ်း အတွဲ ၂၃ စာမျက်နှာ ၉၆ တွင်) "လူတန်းစားတရပ်နေဖြင့် လက်နက်ကို အသုံးချရန်နှင့် ပိုင်နိုင်ကျွမ်းကျင်ဖို့ မကြိုးစားဘူးဟုဆိုလျှင် ယင်းလူတန်းစားသည် ကျွန်ပြုခံထိုက်သည့် လူတန်းစားသာ ဖြစ်တော့သည်။" ဟုရေးထားသည်။

မိမိရသင့်ရထိုက်၊ ခံစားသင့်ခံစားထိုက်သည်များကို အေးချမ်းစွာ ရယူလိုသောကြောင့် ကြိုးပမ်းခဲ့ရာမှာ အုပ်စိုးသူလူတန်းစားက အကြမ်းဖက် ဖိနှိပ်လာသဖြင့် လက်နက်ကိုင်ပြီး ပြန်လည်ခုခံတော်လှန်ရသူများအဖို့ အစပြုရာတွင် မည်သည့်အရာမျှ အဆင်သင့်ရှိမည် မဟုတ်ပေ။ လူထုထောက်ခံမှုမှအပ အစစအရာရာ ပြည့်စုံနေသော ရန်သူအား လက်မဲ့ဘဝဖြင့် ခုခံတော်လှန်ခြင်းမှ အစပြုကြရသည်ချည်းပင် ဖြစ်သည်။ လက်နက်ရှာရမည်။ လက်နက်ကိုင်တပ် ဖွဲ့ရမည်။

အခြေခံစခန်း ထူထောင်ရမည်။ အားလုံးလိုလိုပင် မရှိရာမှ ရှိရာသို့ တက်လှမ်းသွားရခြင်း ဖြစ်ပေသည်။ အခွင့်မသာဆုံးသော အခြေအနေမျိုးတွင် ဤလုပ်ငန်းများကို လုပ်ဆောင်ရသည်ဖြစ်သဖြင့် ဤလုပ်ငန်းများမှာ အမှန်ပင်ခက်ခဲလှပေလိမ့်မည်။ ကြီးမားသော စွန့်လွှတ်ရမှုများ ရှိမည်။ တန်ဖိုးကြီးလည်းပေးရမည်။ ထို့ကြောင့် အကြမ်းဖက်ဖိနှိပ်မှုကို အကြမ်းဖက် ခုခံတော်လှန်ခြင်းသည် တရားသည်ဟူသော ခံယူချက်မရှိဘဲနှင့် ဤမျှခက်ခဲအန္တရာယ်များသော လုပ်ငန်းတာဝန်အား ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည် မဟုတ်ပေ။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဤခံယူချက်ဖြင့်ပင် ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင် တော်လှန်ရေးကို ဆင်နွှဲခဲ့ခြင်း ဖြစ်သည်။ အာဏာ၊ လက်နက်၊ ငွေကြေး ပြည့်ပအကူအညီ အစစအရာရာ ပြည့်စုံနေသော ဖဆဆိုရှယ်လစ်အစိုးရကို လက်ဗလာဖြင့် အန်တုခဲ့ကြခြင်း ဖြစ်သည်။ ထိုစဉ်က ပါတီတွင် ဘာမျှမရှိခဲ့။ အကြမ်းဖက်ဖိနှိပ်မှုကို အကြမ်းဖက်ခုခံတွန်းလှန်မည်ဟူသော ခံယူချက်သာလျှင် ရှိခဲ့သည်။ ယခုဆိုလျှင် ၄၂ နှစ် ရှိပြီ။ ၄၂ နှစ်အတွင်း အတက်အဆင်း၊ အကွေ့အကောက်တွေ များလှသည်။ မရှိရာမှရှိရာ၊ သေးငယ်ရာမှ ကြီးထွားရာသို့ တိုးတက်ဖြစ်ပေါ်ခဲ့သည်။ ပြောင်းပြန်အားဖြင့် ကြီးထွားရာမှ သေးငယ်ရာသို့လည်း ဖြစ်ပေါ်ခဲ့ဖူးသည်။

ယခုတလော ငြိမ်ပိစစ်အစိုးရက ပါတီကို "ခေါင်းသာရှိပြီး ကိုယ်မရှိတော့" ဟုပြောနေပြန်သည်။ လွန်ခဲ့သည့် ၁၉၅၈ ခုနှစ် ၎င်းတို့ ပထမအကြိမ် အာဏာသိမ်းခဲ့စဉ်ကလည်း ဗမာပြည်ကွန်မြူနစ်ပါတီကို "ကောက်သင်းကောက်ရုံသာ ကျန်တော့သည်" ဟု ကြေညာခဲ့ဖူးပြီ။ အနှစ် ၃၀ ကျော် ကောက်သင်းကောက်၍ပင် မကုန်နိုင်သော ကွန်မြူနစ်များပါတကား။ ငြိမ်ပိစစ်အစိုးရပြောသလို ခေါင်းသာရှိသည်ထားဦးတော့ ထိုခေါင်းသည် မည်သို့သောခေါင်း ဖြစ်သနည်း။ မာ့က်စ်နှင့်အိန်ဂယ်တည်းဟူသော ကမ္ဘာပေါ်တွင် ကွန်မြူနစ်ခေါင်း နှစ်လုံးတည်းသာ ရှိသေးသော ကာလကပင် ၎င်းတို့က "ငါတို့တွင် ဆုံးရှုံးစရာဟူ၍ နှောင်ကြိုးမှတပါး ဘာမှမရှိ။ ရနိုင်စရာကား ကမ္ဘာနှင့်အဝန်းတည်း" ဟု ကြေညာခဲ့ကြသည်။ ကမ္ဘာကြီး၏ မသေးလှသော အစိတ်အပိုင်းများတွင် တကယ်ပဲ အနီရောင်လွှမ်းခဲ့သည်။ ယနေ့ ငြိမ်ပိစစ်အစိုးရပြောသော ခေါင်းဆိုသည်မှာ "ခုခံတော်လှန်တာဟာ တရားတယ်" ဟူသော ခံယူချက်ကို စွဲစွဲမြဲမြဲခံယူထားသောခေါင်းများ ဖြစ်သည်။ နှစ်လုံးတည်းလည်း မကချေ။ ဤဦးခေါင်းများသည် ပြည်သူများ၏ ခေါင်းထဲတွင် စဉ်းစားနေသည်များကို စဉ်းစားအကောင်အထည်ဖော်နိုင်လျှင် သန်းပေါင်းများစွာသော ဦးခေါင်းများ ဖြစ်လာပေလိမ့်မည်။ သဘောတရားသည် လူထုကြီးကို ချုပ်ကိုင်လိုက်နိုင်သောအခါ ကြီးမားသော ရုပ်ဝတ္ထုအင်အား ဖြစ်လာပေလိမ့်မည်။

၃။ <u>ဗမာပြည်၏ အဓိကပဋိပက္ခသည် စစ်အစိုးရကတဖက်၊ လူမျိုးပေါင်းစုံ ပြည်သူလူထုကတဖက် ဖြစ်နေသော ပဋိပက္ခဖြစ်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် ပြည်သူလူထုဘက်က ထာဝစဉ်ရပ်တည်မည်။</u>

ဗမာပြည်ကွန်မြူနစ်ပါတီ၏ အထွေထွေလုပ်ငန်းစဉ်တွင် "ပြည်သူလူထုသည်သာလျှင် ကမ္ဘာ့သမိုင်းကို ဖန်တီးသည့် အင်အားဖြစ်သည်ဟူသော အမြင်ကို ဗမာပြည်ကွန်မြူနစ်ပါတီက လက်ခံကျင့်သုံးသည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် ဗမာပြည်ရှိ လူမျိုးအသီးသီး ပြည်သူလူထုကို စိတ်ရောကိုယ်ပါ အလုပ်အကျွေးပြုပေသည်။" ဟု အတိအလင်း ကြေညာထားသည်။ ဤသဘောထားသည် လွန်ခဲ့သည့် ၅၁ နှစ် ပါတီစတင်ထူထောင်ကတည်းက ကိုင်စွဲခဲ့သော ပါတီ၏ အခြေခံသဘောထားတရပ် ဖြစ်ပေသည်။ ဤသဘောထားနှင့်အညီ ပါတီသည် ယခင်ကလည်း ပြည်သူ့ဘက်ကရပ်တည်ခဲ့သည်။ ယခုလည်း ပြည်သူဘက်က ရပ်တည်သည်။ နောင်တွင်လည်း ပြည်သူဘက်ကသာ ရပ်တည်သွားမည်ဖြစ်ပေသည်။ မည်သို့သောအခြေအနေမျိုးတွင်မဆို ပါတီသည် ပြည်သူဘက်မှသာ ရပ်တည်သွားပေမည်။

ဗမာပြည်ပြည်သူများသည် တော်လှန်သည့် ပြည်သူများ ဖြစ်သည်။ အင်္ဂလိပ်နယ်ချဲ့သမား၊ ဂျပန်ဖက်ဆစ်နှင့် ပြည်တွင်းဖောက်ပြန်ရေးသမား မှန်သမျှကို မဆုတ်မနစ် ဆန့်ကျင်တော်လှန်ခဲ့သူများ ဖြစ်သည်၊ သူတို့သည် စစ်အုပ်စု၊ စစ်အာဏာရှင်စနစ်နှင့် စစ်ဗျူရိုကရက် ယန္တရားတို့ကို ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ပွဲဝင်ခဲ့သူများ ဖြစ်ကြောင်းကို ၁၉၆၂ ခုနှစ် ဂျူလိုင် ၇ ရက် အရေးအခင်းမှအစ ၁၉၇၄ – ၇၅ – ၇၆ ခုနှစ် အုံကြွဆန္ဒပြပွဲများနှင့် ၁၉၈၈ ခုနှစ် အရေးတော်ပုံကြီးတွင် အထင်အရှား သက်သေပြခဲ့သည်။ ထိုအရေး

အခင်းများတွင် ပါဝင်ဆင်နွှဲကြရင်း စစ်အစိုးရ၏ အကြမ်းဖက်ဖိနှိပ်မှုကြောင့် လက်နက်ကိုင်တော်လှန်ရေးထဲသို့ ပြောင်းလဲပါဝင်ခဲ့ကြသူများမှာ ယနေ့ထက်တိုင် ဗမာပြည်အနှံ့အပြားရှိ လက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့များတွင် အများအပြားရှိနေသည် မဟုတ်ပါလား။ ဒါသာမက ဗမာပြည် နိုင်ငံရေးလောကကို စစ်အုပ်စုက စတင်ပြီး ဖြောင်ဝင်ရောက်ခဲ့သည့် ၁၉၅၈ – ၆၀ ခုနှစ် အိမ်စောင့်အစိုးရဆိုသည်ကိုလည်း ပြည်သူများက နည်းမျိုးစုံဖြင့် ဆန့်ကျင်ခဲ့ကြသည်။

၁၉၆၀ ခုနှစ် ရွေးကောက်ပွဲတွင်လည်း ပြည်သူလူထုသည် စစ်အုပ်စု၏ ဆန္ဒနှင့် စီစဉ်ဖန်တီးချက်များကို ဆန့်ကျင်ကာ “အသည်းကြားမှ မဲတပြား” ဟူသောဆောင်ပုဒ်ကို ဖော်ထုတ်ကာ အင်အားပြခဲ့ကြသည်။ ထိုရွေးကောက်ပွဲသည် နောက်ဆုံးတွင် ဗမာပြည်ပြည်သူလူထုကြီး၏ ပြောင်မြောက်သော စစ်အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲကြီး ဖြစ်သွားခဲ့သည်။ ပြည်သူ့အင်အားကို ကြောက်လန့်သွားသော နေဝင်းသည် ၎င်း၏အင်အားကို ထိမ်းသိမ်းနိုင်ရန် စစ်အုပ်စုအတွင်းမှ စစ်အုပ်စုဝင်တချို့ကို ခေးစာခံလုပ်ကာ စစ်တပ်တွင်းမှ ထုတ်ပယ်ပစ်ခဲ့ရသည်။ နောက်မကြာမီမှာပင် အင်အားပြန်လည်စုဆောင်းကာ ၆၂ ခုနှစ်တွင် ထပ်မံအာဏာသိမ်းခဲ့သည်။ အာဏာသိမ်းပြီးနောက် မဆလ တပါတီအာဏာရှင်စနစ် ကျင့်သုံးကာ ပြည်သူများကို လက်စားချေသည့် အနေနှင့် ဖြောင်ကျကျ အကြမ်းဖက်ဖိနှိပ်ခဲ့ပေသည်။

ယခုလည်း ငြိမ်ပိစစ်အစိုးရသည် ရွေးကောက်ပွဲ ဇာတ်ခင်းနေပြန်ပြီ။ ထို့ကြောင့် ဗမာပြည်ရှိ နိုင်ငံရေးအင်အားစုတိုင်းသည် ဤရွေးကောက်ပွဲကို အာရုံစိုက်ကာ အားပြင်လျက် ရှိကြသည်။ တဖက်တွင် ငြိမ်ပိစစ်အစိုးရကလည်း အစွမ်းကုန်ညစ်ပတ်ရန် ပြင်ဆင်လျက်ရှိသည်။ ဤသို့သော အခြေအနေမျိုးတွင် ဗမာပြည်ကွန်မြူနစ်ပါတီသည် ၁၉၆၀ ခုနှစ် ရွေးကောက်ပွဲကာလတုန်းကနည်းတူ ကိုယ်ကျိုးစီးပွား လုံးဝမငဲ့ဘဲ ပြည်သူလူထုအကျိုးကိုသာ ဦးထိပ်တင်ပြီး ပြည်သူကတဖက် စစ်အစိုးရကတဖက် ဖြစ်ပွားနေသော ပဋိပက္ခတွင် ပြည်သူလူထုဘက်မှ နည်းမျိုးပေါင်းစုံဖြင့် ပါဝင်အားဖြည့်မည်သာ ဖြစ်ပေသည်။ ဤအကြိမ်ရွေးကောက်ပွဲတွင်လည်း လွန်ခဲ့သည့် အနှစ် ၃၀ ကနည်းတူ ပြည်သူလူထု၏ စစ်အစိုးရဆန့်ကျင်ရေး အင်အားပြပွဲကြီးအဖြစ် အကောင်အထည်ဖော်နိုင်ရန် ကြိုးစားသွားမည်သာ ဖြစ်ပေသည်။

အထက်တွင်ဖော်ပြခဲ့သော အခြေခံမူကြီး သုံးရပ်သည် ယနေ့ဗမာပြည်ရှိ ကွန်မြူနစ်ပါတီဝင်များအား တောင်းဆိုလျက်ရှိသည့် လုပ်ငန်းတာဝန်ကြီး သုံးရပ်ဟု ခေါ်ဆိုနိုင်သလို တိုင်းတာသည့် စံသုံးရပ်ဟုလည်း သတ်မှန်နိုင်ပေသည်။

**အုပ်စိုးသူများက လက်နက်ဖြင့် အကြမ်းဖက်ဖိနှိပ်လာပါက အုပ်စိုးခံများအနေနှင့် လက်နက်ဖြင့် အကြမ်းဖက် ခုခံတော်လှန်ခြင်းသည် တရားသည်ဟူသော ခံယူချက်ကို လက်ခံရမည်**

# ဗမာပြည်ကွန်မြူနစ်ပါတီ၏ လုပ်ငန်းစဉ်

## (၁၉၉၅ ခုနှစ် ဒီဇင်ဘာလထုတ် ပြည်သူ့အာဏာ အမှတ် ၁၄ မှ)

(က)

ဗမာပြည်ကွန်မြူနစ်ပါတီသည် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ကို မိမိအတွေးအခေါ်အား လမ်းညွှန်သော သဘောတရားအခြေခံနှင့် လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူကျင့်သုံးသည်။

(အထွေထွေလုပ်ငန်းစဉ်မှ)

ဆိုဗီယက်ယူနီယံမပြိုကွဲခင် အတော်ကြာကြာမှစပြီး နိုင်ငံတကာ့ကွန်မြူနစ် လှုပ်ရှားမှုအတွင်းတွင် အတွေးအခေါ် အယူအဆရေး ရှုပ်ထွေးယိမ်းယိုင်မှုများ ရှိခဲ့သည်။ ဆိုဗီယက်ယူနီယံ ပြိုကွဲသောအခါတွင်မူ ရှုပ်ထွေးယိမ်းယိုင်မှုသည် အထွတ်အထိပ်သို့ ရောက်ခဲ့သည်။

ဤအခြေအနေကို ချက်ကောင်းယူ၍ ခေနရှင်သဘောတရားဆရာများသည် မာ့စ်ဝါဒကို ထိုးနှက်တိုက်ခိုက်လာကြသည်။

ကွန်မြူနစ်ဝါဒကို သစ္စာဖောက်ကျောခိုင်းသွားကြသူများကလည်း သံပြိုင်လိုက်ဟစ်ကြသည်၊ ဤသူများက ပို၍ပင် ဗလာချီ တိုက်ခိုက်တတ်ကြသည်။ သူတို့အပေါ် အာဏာပိုင်များက မျက်မာန်ရှမှာကိုကြောက်ပြီး “ဘယာဂတိ” ဖြင့် လုပ်နေကြခြင်းလည်း ဖြစ်နိုင်သည်။

ထို့ကြောင့် ပါတီသည် မိမိ၏ယုံကြည်ချက်၊ ဦးတည်ချက် (လုပ်ငန်းစဉ်) ကို ထပ်မံ၍ ရှင်းလင်းတင်ပြရန် လိုအပ်လာခဲ့သည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ပစ္စည်းမဲ့လူတန်းစားပါတီဖြစ်သည်။ နိုင်ငံတကာ့ ကွန်မြူနစ်လှုပ်ရှားမှု၏ တပ်ဖွဲ့တခု ဖြစ်သည်။

မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ကို သဘောတရားလမ်းညွှန်အဖြစ် ခံယူသည်။ ပစ္စည်းမဲ့ နိုင်ငံတကာ့ဝါဒကို ကျင့်သုံးသည်။ တချိန်တည်းတွင် ပြည်ချစ်ဝါဒကို ကျင့်သုံးသည်။

ဤကိစ္စများကို ရှင်းလင်းတင်ပြလိုသည်။

(ခ)

တကမ္ဘာလုံးရှိ ပစ္စည်းမဲ့များ စည်းလုံးညီညွတ်ပြီး ကမ္ဘာ့ပစ္စည်းမဲ့ ဆိုရှယ်လစ်တော်လှန်ရေးကြီး ဆင်နွှဲကာ အောင်ပွဲရယူနိုင်မှ သွေးစုပ်ဖိနှိပ်ခံ ပြည်သူများအားလုံး တကယ်တမ်းအပြီးအပိုင် လွတ်မြောက်နိုင်ကြမည်။

ဆိုရှယ်လစ်တော်လှန်ရေးကို တိုင်းပြည်အချို့တွင် ဆင်နွှဲကာ အောင်ပွဲခံယူနိုင်ရုံမျှနှင့် စိတ်ချလက်ချ ဆိုရှယ်လစ်တည်ဆောက်ရေးကို တည်ငြိမ်စွာ လုပ်နိုင်ပြီဟု မဆိုနိုင်။ ကမ္ဘာ့အရင်းရှင်စနစ်၏ ဝိုင်းဝန်းတိုက်ခိုက် ဖျက်ဆီးမှုကို တလျှောက်လုံး ခံနေရမည်သာ ဖြစ်သည်။ ကမ္ဘာ့တော်လှန်ရေးကြီး အောင်မြင်ပြီးမှသာ စိတ်ချလက်ချ ဆိုရှယ်လစ်လောကကို တည်ဆောက်နိုင်မည်။

ကမ္ဘာ့အရင်းရှင်စနစ်သည် ရာစုနှစ်ပေါင်းများစွာ ကြီးစိုးချယ်လှယ် သွေးစုပ်ခွင့်ရခဲ့သဖြင့် စီးပွားရေးအရ အင်အားကြီးမားနေသည်။

နယ်ချဲ့စနစ်ကျင့်သုံးကာ သွေးစုပ်ချယ်လှယ်ခွင့်ကို ရာစုနှစ်နှင့်ချီ၍ ရခဲ့၍တကြောင်း၊ ကမ္ဘာစစ်ကြီးများကို အကြောင်းပြု၍ တကြောင်း၊ နယ်ချဲ့သမားအထူးသဖြင့် အမေရိကန်နယ်ချဲ့သည် စီးပွားရေးအရ အလွန်အားကောင်းခဲ့သည်။

အမေရိကန်နယ်ချဲ့သည် ကမ္ဘာ့ပစ္စည်းမဲ့တော်လှန်ရေး မဖြစ်ပေါ်ရေးအတွက် ကွန်မြူနစ်ဆန့်ကျင်ရေးကို ပေါ်လစီချကာ အရူးအမူးလုပ်ခဲ့သည်။

ကွန်မြူနစ်ဝါဒကလည်း ကမ္ဘာ့ပစ္စည်းမဲ့တော်လှန်ရေးကြီး ဖြစ်ပေါ်ဖို့ အားထုတ်မည်ဆိုသည်ကို ဘယ်တုန်းကမှ ကွယ်ဝှက်မထားခဲ့။ ဖြောင့်ကြေညာပြီး နိုင်ငံတကာတွင် ကွန်မြူနစ်ပါတီများကို ထူထောင်ထားကြခြင်းဖြစ်သည်။

မာ့က်စ်၊ အိန်ဂယ်တို့က ကမ္ဘာ့ပစ္စည်းမဲ့တော်လှန်ရေးကြီးသည် အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမဏီ၊ အမေရိကန် စသည့် ရှေ့တန်းရောက် နိုင်ငံကြီးများမှ ပစ္စည်းမဲ့များ တချိန်တည်း တပြိုင်တည်း ကမ္ဘာ့အရင်းရှင်စနစ်ကို တော်လှန်ကြရမည်ဟု စဉ်းစားမြော်မြင်ခဲ့ကြသည်။ ဤသို့သော ကမ္ဘာ့တော်လှန်ရေးကြီး ဖြစ်ပေါ်စေရန် သူတို့တသက်တာလုံး လုံးပန်းခဲ့ကြသည်။

"ကမ္ဘာ့ပစ္စည်းမဲ့များ သွေးစည်းကြ" ဟူသော ကြွေးကြော်သံဖြင့် ပစ္စည်းမဲ့များကို စုစည်းခဲ့သည်။

"ဆုံးရှုံးစရာ နှောင်ကြိုးပဲရှိတယ်။ အောင်နိုင်စရာက တကမ္ဘာလုံးပဲ" ဟူ၍ လှုံ့ဆော်ခဲ့သည်။ သူတို့တသက်တာအတွင်း ကမ္ဘာ့ပစ္စည်းမဲ့တော်လှန်ရေးကြီး ဖြစ်လိမ့်မည်ဟုလည်း ထင်ခဲ့ကြသည်။ သို့သော် သူတို့ထင်သလို ဖြစ်မလာခဲ့။

ကမ္ဘာ့အရင်းရှင်စနစ်ကို ထာဝစဉ်ကြောက်ဒူးတုန်ရင်ခုန်နေစေမည့် "မာ့က်စ်ဝါဒ" လက်နက်ကိုသာ နိုင်ငံတကာမှ ပစ္စည်းမဲ့များအတွက် အမွေပေးနိုင်ခဲ့ကြသည်။

**လီနင်**။ သူသည် မာ့က်စ်ဝါဒ၏ တော်လှန်ရေးအမွေကို ဆက်ခံသူနှင့် တိုးချဲ့ခဲ့သူဖြစ်သည်။

သူတိုးချဲ့ခဲ့သည်မှာ ရှေ့တန်းရောက်နိုင်ငံကြီးများမှာ တချိန်တည်း တပြိုင်တည်း ကမ္ဘာ့ပစ္စည်းမဲ့ တော်လှန်ရေးလုပ်ဖို့ဆိုသည်မှာ မလွယ်။ ရှေ့တန်းရောက် နိုင်ငံကြီးများရှိ နယ်ချဲ့သမားများက သူတို့တိုင်းပြည်မှ ပစ္စည်းမဲ့များအား လာဘ်ထိုးထားသည်။ တကမ္ဘာလုံးကို သွေးစုပ်ချယ်လှယ်ပြီး ရလာခဲ့သည့် ရောမအမြတ်အစွန်းကြီးထဲမှ အရိုးအရင်းများကို ပေးကမ်းလာဘ်ထိုးနေသည်။ ထို့ကြောင့် နယ်ချဲ့နိုင်ငံများမှ ပစ္စည်းမဲ့များသည် ထုံထိုင်းလာကြသည်။ တော်လှန်ရန် စိတ်မကူးကြ။ သူတို့တတွေ တော်လှန်မှ ကမ္ဘာ့ပစ္စည်းမဲ့များ လွတ်မြောက်ရမည်ဆိုလျှင် ကမ္ဘေကမ္ဘာစောင့်ရမည်။

ထို့ကြောင့် လီနင်က မာ့က်စ်ဝါဒကို တိုးချဲ့လိုက်သည်။ "အခွင့်ကောင်းရတဲ့၊ ပြင်ဆင်မှုလည်းကောင်းတဲ့၊ ခေတ်နောက်ကျတဲ့ တိုင်းပြည်က ပစ္စည်းမဲ့တွေကစပြီး တော်လှန်ရေးလုပ်နိုင်တယ်။ တော်လှန်ရေးအောင်မြင်တဲ့ အခါကျမှ ရှေ့တန်းရောက် တိုင်းပြည်တွေရဲ့ ကမ္ဘာ့တော်လှန်ရေးကို တွန်းတင်ပေးနိုင်တယ်။ ဒီလိုနဲ့ ကမ္ဘာ့ပစ္စည်းမဲ့တော်လှန်ရေးကြီး ဖြစ်မယ်။" ဟု တင်ပြခဲ့သည်။

၁၉၁၇ ခုနှစ်တွင် လီနင်၏ သဘောတရားကို လက်တွေ့စမ်းသပ်ရန် အခွင့်အရေးကြုံခဲ့သည်။ ပထမကမ္ဘာစစ် ဖြစ်လာခဲ့သည်။ ဤစစ်ကြီးမှာ နယ်ချဲ့ချင်းတိုက်သည့် စစ်ဖြစ်သည်။ (မာ့က်စ်၊ အိန်ဂယ်တို့ လက်ထက်က နယ်ချဲ့စနစ် မပေါ်သေး၊ စတင်ပေါ်နေသည့် ဖြစ်စဉ်ကို ဖြတ်သန်းနေဆဲ)။

အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်၊ ဂျာမဏီ နယ်ချဲ့သမားများမှာ သူတို့အချင်းချင်း တိုက်နေရ၍ ရုရှပစ္စည်းမဲ့တော်လှန်ရေးကို တိုက်ဖျက်ရန် အချိန်မရ၊ အင်အားလည်း မရှိဖြစ်နေသည်။ ဒါကိုချက်ကောင်းယူပြီး (၁၉၁၇ အောက်တိုဘာ) တွင် လီနင်၏ခေါင်းဆောင်မှုဖြင့် ဆိုရှယ်လစ်တော်လှန်ရေးကို ဆင်နွှဲကာ အောင်ပွဲခံလိုက်သည်။

လီနင်၏ တော်လှန်ရေးသဘောတရားကြောင့် ရုရှားတော်လှန်ရေး အောင်မြင်ခဲ့ခြင်း ဖြစ်သည်။ လီနင်က ၁၉၀၁ ခုနှစ်ကတည်းက "တော်လှန်ရေးသဘောတရား မရှိရင် တော်လှန်ရေးလှုပ်ရှားမှု မရှိနိုင်" ဟု တင်ပြခဲ့သည်။ တော်လှန်ရေးသဘောတရားဖြင့် ပါတီကို တည်ဆောက်ခဲ့သည်။ ပစ္စည်းမဲ့လူတန်းစားနှင့် ပစ္စည်းမဲ့တပိုင်း လူတန်းစားကို တော်လှန်ရေးအသိ ရှိလာစေရန် စည်းရုံးခဲ့သည်။ ဤသို့ဖြင့် အောက်တိုဘာပစ္စည်းမဲ့ ဆိုရှယ်လစ်တော်လှန်ရေး လုပ်ရန် အသင့်ပြင်ပြီး ဖြစ်နေသည်။ တော်လှန်ရေးလုပ်သောအခါ လူထု၏ လိုအင်ဆန္ဒဖြစ်သော "ငြိမ်းချမ်းရေး၊ မြေယာနှင့် အစားအစာ"ကို ဖြည့်ဆည်းပေးနိုင်ခဲ့သဖြင့် အောင်ပွဲရခဲ့သည်။

အောင်ပွဲရပြီးနောက် ကမ္ဘာ့ပစ္စည်းမဲ့တော်လှန်ရေးကို တွန်းတင်ခဲ့သော်လည်း သူမျှော်လင့်သလို ဖြစ်မလာခဲ့။ ဟန်ဂေရီတော်လှန်ရေးနှင့် ဂျာမဏီတော်လှန်ရေးများ ခဏသာ ဖြစ်ပြီး ရှုံးသွားကြသည်။ ကျန်ရှေ့တန်းရောက် နိုင်ငံများတွင် တော်လှန်ရေးများ ဖြစ်မလာခဲ့။ နယ်ချဲ့စစ်ကြီးလည်း ပြီးဆုံးခဲ့ပြီ။ ကွန်မြူနစ်ဝါဒကို နုနယ်စဉ်ကာလမှာ "ပခက်တွင်းမှ

ကလေးကို လည်းမျိုညှစ်သတ်'' သလို သတ်ပစ်ရန် ကမ္ဘာ့အရင်းရှင်စနစ်တွင် အချက်အလက်ရှိလာခဲ့သည်။ ဆိုဗီယက်ဆိုရှယ်လစ်စနစ်ကို ဝိုင်းဝန်းတိုက်ခဲ့ကြသည်။

''ကမ္ဘာ့ပစ္စည်းမဲ့တော်လှန်ရေးသာ ဖြစ်မလာရင် ဒို့လိုခေတ်နောက်ကျတဲ့ နိုင်ငံက ပစ္စည်းမဲ့တော်လှန်ရေးဟာ ရှုံးသွားမယ်။ ရန်သူဝိုင်းဝိုင်းလည်နေတဲ့ ရန်သူ့ကတုတ်ကို သိမ်းထားရတာဖြစ်တယ်'' ဟု လီနင်က တဖွဖွရေးခဲ့ ပြောခဲ့သည်။ ကမ္ဘာ့တော်လှန်ရေးကြီး ဖြစ်အောင်လည်း တွန်းတင်ခဲ့သည်။ သို့သော် တွန်းတင်၍မရ ဖြစ်နေသည်။ ဤသို့သော ''လက်တွေ့'' ကို ကြုံရသောအခါ လီနင်သည် အချို့သော သဘောတရားရေး မကြံ့ခိုင်သူများ၊ တော်လှန်ရေး သတ္တိဗျတ္တိမရှိသူများလို အကြံကုန် ဉာဏ်ကုန်မဖြစ်ခဲ့။ ကြောက်ဒူးတုန်ပြီး အရှုံးမပေးခဲ့။

ကမ္ဘာ့ပစ္စည်းမဲ့တော်လှန်ရေး၏ လုံးသွားအခန်းမှ ပါရမည့် နယ်ချဲ့နိုင်ငံများမှ ပစ္စည်းမဲ့လူတန်းစားက အိပ်မောကျနေလျှင် အခြားတော်လှန်လိုသူများဘက်သို့ လှည့်ရမည်ဟု လီနင်မြင်ခဲ့သည်။ ရုရှားပြည်တွင် ''စီးပွားရေးပေါ်လစီသစ်'' ချမှတ်ပြီး ဆိုရှယ်လစ်တော်လှန်ရေး အောင်သီးအောင်ပွင့်များကို ထိန်းထားကာ တဖက်ကလည်း တော်လှန်ရေးမဟာမိတ်များကို ရှာခဲ့သည်။

နယ်ချဲ့ခေတ်တွင် တော်လှန်ရေးလုပ်လိုသူများသည် ကိုလိုနီတပိုင်း တိုင်းပြည်များက အမျိုးသားများ ဖြစ်သည်။ နယ်ချဲ့လက်အောက်မှ အမျိုးသား လွတ်လပ်ရေးရရန် ရှန်းကန်နေကြသည်ကို လီနင်တွေ့ခဲ့သည်။ သူတို့ကို ကမ္ဘာ့ပစ္စည်းမဲ့တော်လှန်ရေး၏ ''သဘာဝမဟာမိတ်များ'' အဖြစ်သတ်မှတ်ခဲ့သည်။

ဤသန်းပေါင်းရာထောင်ချီရှိသော အမျိုးသားများပြည်သူများကို လီနင်က နယ်ချဲ့ဆန့်ကျင်ရေး ကိုလိုနီစနစ်ဆန့်ကျင်ရေးအတွက် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ လက်နက်ကို ပေးအပ်ခဲ့သည်။

ယခင်ကဆိုလျှင် နယ်ချဲ့တိုင်းပြည်များမှ ''ဆိုရှယ်လစ်'' ဆိုသူများ ''ဆိုရှယ်'' ဒီမိုကရက်ဆိုသူများသည် နယ်ချဲ့စနစ်နှင့် ကိုလိုနီဝါဒကို မဝေဖန်၊ မတိုက်ခိုက်ကြ။ ကိုလိုနီတိုင်းပြည်များ၏ လွတ်လပ်ရေးကို စိတ်မဝင်စားကြ။ သန်းပေါင်းများစွာသော အမျိုးသားများ၏ လွတ်မြောက်ရေးကို အားမပေးခဲ့ကြပေ။

သူတို့သည် နယ်ချဲ့အရင်းရှင်များက ချပေးသော အရိုးအရင်းကိုစားရင်း နယ်ချဲ့ဝါဒ၊ ကိုလိုနီဝါဒကို ထောက်ခံနေကြသည်။

ထို ''ဆိုရှယ်လစ်'' ဆိုသူများနှင့် ပြောင်းပြန်ပင် ကွန်မြူနစ်များက နယ်ချဲ့ဝါဒနှင့် ကိုလိုနီဝါဒကို ဆန့်ကျင်သည့် အလံအား လွှင့်ထူပြလိုက်သည်။ ကိုလိုနီတိုင်းပြည်များ၏ လွတ်လပ်ရေးနှင့် အဖိနှိပ်ခံအမျိုးသားများ၏ လွတ်မြောက်ရေးကို အားပေးထောက်ခံပြလိုက်သည်။

ထိုအခါကျမှ အာရှ – အာဖရိက – လက်တင်အမေရိကမှ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသား တော်လှန်ရေးသမားများသည် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ (ကွန်မြူနစ်ဝါဒ) ကို တွေ့ရှိကြသည်။ ယခင်အခါများကဆိုလျှင် အမျိုးသားလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်သူများသည် အုတ်နံရံ ခေါင်းနှင့်ဆောင့်ရသလို ဖြစ်နေသည်။ နယ်ချဲ့သမားက အင်အားအဆမတန်ကြီးလွန်းသဖြင့် တိုက်လိုက်ရှုံးလိုက် ဖြစ်နေသည်။ မာ့က်စ်လီနင်ဝါဒကို တွေ့လျှင်တွေ့ချင်း အားရဝမ်းသာလက်ခံကြသည်။ လက်ခံသူများတွင် မော်စီတုန်းပါသည်။ ဟိုချီမင်းပါသည်။ ကင်အီဆွန်း၊ ကပ်စထရို စသူတို့လည်း ပါသည်။ ဗမာပြည်ကွန်မြူနစ်ပါတီကို စတင်ထူထောင်ကြသည့် သခင်အောင်ဆန်း၊ သခင်ဗဟိန်း၊ သခင်စိုး၊ သခင်လှဖေ (ဗိုလ်လက်ျာ)၊ ရဲဘော်ဂိုရှယ်တို့လည်း ပါသည်။

သူတို့ အားလုံးသည် နယ်ချဲ့လက်အောက်ခံ တိုင်းပြည်များမှ နယ်ချဲ့ဆန့်ကျင်ရေးသမား ''ပြည်ချစ်ဝါဒီ'' များဖြစ်ကြသည်။ နောက်ကွန်မြူနစ်ဝါဒ လက်ခံလာသောအခါ ''နိုင်ငံတကာ့ဝါဒီ'' များလည်း ဖြစ်လာကြသည်။

အဖိနှိပ်ခံ တိုင်းပြည်မှ တော်လှန်ရေးသမားများအဖို့ဆိုလျှင် ပြည်ချစ်ဝါဒနှင့် ''နိုင်ငံတကာ့ဝါဒ'' သည် ပဋိပက္ခမဟုတ်။ တခုကိုတခုက အထောက်အကူပြုနေခြင်း ဖြစ်သည်။

**မော်စီတုန်း**။ သူသည် မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို ဆက်ခံတိုးချဲ့ခဲ့သူ ဖြစ်သည်။ ပြည်ချစ်ဝါဒနှင့် နိုင်ငံတကာဝါဒကို တရုတ်ပြည်တော်လှန်ရေးတွင် အောင်မြင်စွာ ပေါင်းစပ်နိုင်ခဲ့သူ ဖြစ်သည်။ ကိုလိုနီ၊ ကိုလိုနီတပိုင်း တိုင်းပြည်များ၏ တော်လှန်ရေးအတွက် လမ်းညွှန်ပြနိုင်သူ၊ လက်တွေ့လုပ်ပြနိုင်ခဲ့သူ ဖြစ်သည်။ ဝပ်တွားနေရသော တရုတ်ပြည်ကြီး

ကို မားမားမတ်မတ် ထရပ်နိုင်အောင် ရှေ့ဆောင်ခဲ့သော ကွန်မြူနစ်တဦး ဖြစ်သည်။

ရုရှားအောက်တိုဘာ တော်လှန်ရေး၏ လမ်းအတိုင်း မဟုတ်ဘဲ ကျေးလက်ကိုအခြေခံသော ရေရှည်တော်လှန်ရေး စစ် ဆင်နွှဲခြင်းဖြင့် အောင်ပွဲကိုရယူခဲ့သူဖြစ်သည်။

ရုရှားတော်လှန်ရေးက မြို့တော်ကို အရင်သိမ်း၊ နောက်မှ ကျေးလက်သို့ တော်လှန်ရေးကို ဖြန့်ကျက်သည့် နည်း ဖြစ်သည်။ ဤနည်းအတိုင်း လုပ်ဖို့ဆိုလျှင် တစုံတရာ သော အခြေအနေနှင့်အချက်အလက်များရှိဖို့ လိုသည်။

ပစ္စည်းမဲ့၊ ပစ္စည်းမဲ့တပိုင်းလူတန်းစားနှင့် အခြား သော လုပ်သားပြည်သူများ (လယ်သမားများ၊ ကိုယ်ပိုင်လုပ် ငန်းရှင်ကလေးများ စသည်) ကို စည်းရုံးထားရမည်။ တော် လှန်ရေးအသိ မြင့်မားလာအောင် လက်တွေ့လုပ်ငန်းများဖြင့် ပညာပေးထားရမည်။ (သမဂ္ဂများဖွဲ့စည်းခြင်း၊ သပိတ်တိုက်ပွဲ၊ လူထုအင်အားပြပွဲ စသည် စသည်) ဤသို့လုပ်နိုင်သည့် ဒီမိုကရေစီအခွင့်အရေး တစုံတရာရှိရမည် ဖြစ်သည်။

အခါအခွင့်ကောင်းဖြစ်သော နယ်ချဲ့အချင်းချင်း စစ်တိုက်နေပြီး အလုပ်ရှုပ်နေတာလည်း ဖြစ်ရမည်။

တရုတ်ပြည်တွင် ထိုသို့သောအခြေအနေနှင့် အချက်အလက်များ မရှိ။ အုပ်စိုးသူလူတန်းစားသည် ဒီမို ကရေစီ အခွင့်အရေးကို နည်းနည်းကလေးမျှမပေး။ ကြမ်းကြမ်း တမ်းတမ်း နှိပ်ကွပ်သည်။

ချန်ကေရှိတ် ကိုမင်တန်အစိုးရက တော်လှန်ရေးကြီး ကို သစ္စာဖောက်ကာ တန်ပြန်တော်လှန်ရေးလုပ်သောအခါ ပိုဆိုးသည်။ ရဲဘော်မော်စီတုန်းက ငြိမ်းချမ်းစွာ နိုင်ငံရေး လုပ်ခွင့်မပေးရင် ကျေးလက်ကိုအခြေခံကာ လက်နက်ကိုင် ပြောက်ကျားတိုက်ပွဲ တိုက်ရမှာပဲဟု တင်ပြခဲ့သည်။

ကျေးလက်ကို အခြေခံလျှင် လယ်သမားထု၏ ထောက်ခံမှု ရှိရမည်။ လယ်သမားထု၏ ရန်သူကြီးဖြစ်သော ပဒေသရာဇ် မြေရှင်စနစ်ကို ပြတ်ပြတ်သားသား ကွန်မြူနစ် များက ဆန့်ကျင်တိုက်ခိုက်ပြရမည်။ လယ်သမားတို့၏ ပဒေသရာဇ်မြေရှင် ဆန့်ကျင်ရေး တိုက်ပွဲကို ထောက်ခံရမည်။ လယ်သမားများ၏ ကျေးလက်အာဏာကို ထူထောင်ပေး ရမည်။

မော်စီတုန်း၏ ကျေးလက်ပြောက်ကျားစစ်ပွဲသည် လီနင် တင်ပြခဲ့ဖူးသော "အလုပ်သမား–လယ်သမား ယာယီ အစိုးရ" အယူအဆကို တရုတ်ပြည်၏ လက်တွေ့အခြေ အနေနှင့် ကိုက်ညီစွာ တိုးချဲ့လိုက်ခြင်းဖြစ်သည်။

ချန်ကေရှိတ် ကိုမင်တန်အစိုးရက မြို့ပေါ်တွင် လူသတ်ပွဲကြီးများ တခြိမ့်ခြိမ့်လုပ်နေချိန်တွင် ဤနည်းမှတပါး တခြားနည်းလမ်း မရှိပေ။

နိုင်ငံများ၏ ဘဝတွင် ပြဿနာကြီးများကို အင် အားသုံးခြင်းဖြင့်သာ ဖြေရှင်းကြခြင်း ဖြစ်သည်။ ဖောက်ပြန် သည့်လူတန်းစားများက အကြမ်းဖက်မှုနှင့် ပြည်တွင်းစစ်ကို စတင်ကြခြင်းမှာ ထုံးစံဖြစ်သည်။ သူတို့သည် ပြဿနာကို ရှင်းရန် လုံ့စွပ်ကို စတင်အသုံးပြုကြသည်ဟု လီနင်က တင်ပြ ခဲ့သည်။

တရုတ်ပြည်တွင်လည်း လီနင်ပြောသလိုပင် ဖြစ်ခဲ့ သည်။ ချန်ကေရှိတ် ကိုမင်တန်အစိုးရက "ကွမ်ကြိုး"၊ "ရှန်ဟဲ"၊ "ချန်ရှား" လူသတ်ပွဲကြီးများဖြင့် ပြည်တွင်းစစ်ကို စတင်ခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းစစ် ၁၀ နှစ်ရှိမှ (၁၉၃၇ တွင်မှ) ဂျပန်စစ် ဝါဒီများက တရုတ်ပြည် တပြည်လုံးကို သိမ်းပိုက်ရန် အထွေထွေ ထိုးစစ်ကြီး ဆင်နွှဲခြင်းဖြစ်သည်။ ဤစစ်ပွဲမှာ နယ်ချဲ့ချင်း ဖြစ် သည့်စစ် မဟုတ်။

ထိုစဉ်က အင်္ဂလိပ် အမေရိကန်တို့သည် တရုတ် – ဂျပန်စစ်ပွဲအပေါ်မှ အမြတ်ထုတ်ရန်သာ စိတ်ဝင်စားကြ သည်။ ဂျပန်စစ်ဝါဒီများနှင့် နယ်ချဲ့သမားများသည် သူတို့ အချင်းချင်း နားလည်မှုရှိကြသည်။ အင်္ဂလိပ်၊ အမေရိကန် တို့က ဂျပန်ကိုတိုက်သည့် စစ်ပွဲကြီးသည် နောက်ငါးနှစ်ကြာမှ (၁၉၄၂) တွင်မှ ဖြစ်လာခြင်းဖြစ်သည်။ ရုရှားအောက်တိုဘာ တော်လှန်ရေးလမ်းအတိုင်း နယ်ချဲ့ချင်းဖြစ်သည့် စစ်ပွဲကို စောင့်မည်ဆိုပါက တရုတ်ပြည်တော်လှန်ရေးသည် (၁၅) နှစ် စောင့်ရမည်။ ထို (၁၅) နှစ်အတွင်းတွင် ချန်ကေရှိတ် သတ် သဖြင့် ကျဆုံးရသော တရုတ်ကွန်မြူနစ်များနှင့် တော်လှန် သော အလုပ်သမား၊ လယ်သမားများ၏အရိုး ဆွေးလောက်ပြီ။

ရုရှားတော်လှန်ရေးလမ်းအတိုင်း မလိုက်ဘဲ တရုတ် တော်လှန်ရေးလမ်းကြောင်းသစ်ကိုထွင်၍ ရှေ့ဆောင်နိုင်ခဲ့ သည်မှာ မော်စီတုန်းအတွေးအခေါ် ဖြစ်သည်။ ဤသို့ဖြင့် တရုတ်ပြည်တော်လှန်ရေး ရှင်သန်ခြင်းဖြစ်သည်။ ကျေးလက်

မှ စတင်သော တော်လှန်ရေးက နောက်ဆုံးမှ မြို့တော်ကို သိမ်းခြင်းဖြစ်သည်။

(ဂ)

ဖက်ဆစ်ဝါဒသည် အရင်းရှင်စနစ် ရေခံမြေခံပေါ်မှ ပေါက်ဖွားသော နယ်ချဲ့စနစ် အမျိုးအစားတခုဖြစ်သည်။ ဖက်ဆစ်စနစ် အာဏာရလာသည်နှင့် တပြိုင်နက် ကွန်မြူနစ်များကို ခပ်ကြမ်းကြမ်း ဖိနှိပ်သည်။ ကွန်မြူနစ်ဆန့်ကျင်ရေး၊ ဆိုဗီယက်ယူနီယံ ဆန့်ကျင်ရေးကို ပေါ်လစီတရပ်အဖြစ် ကျင့်သုံးသည်။

ထိုသို့ ဖက်ဆစ်ဝါဒ – နာဇီဝါဒ လုပ်နေခြင်းကို ကမ္ဘာ့အရင်းရှင်များ နယ်ချဲ့သမားများက ကြိုက်နှစ်သက်ကြသည်။ မြှောက်ပင့်၍ပင် ပေးကြသည်။

၁၉၃၆ တွင် စပိန်ပြည်တွင်းစစ်၌ ဖက်ဆစ်များက ပြောင်ပြောင်တင်းတင်း ပါဝင်ကျူးကျော်ကြသည်။ အင်္ဂလိပ်၊ ပြင်သစ် စသည်တို့က လူကြားကောင်းအောင် "ကြားနေရေး" အလံထူထားပြီး တဖက်လှည့်ဖြင့် ဖက်ဆစ်များဘက်က အားပေးကြသည်။

အရှေ့ဘက်သို့လှည့်၍ ထိုးစစ်ဆင်စေဖို့ ဟစ်တလာကို ချော့မြှူရေး၊ အလျှော့ပေးရေး ပေါ်လစီကို ကျင့်သုံးကြသည်။ မြူးနစ်သဘောတူညီချက် (စာချုပ်) ဖြင့် "ချက်" နိုင်ငံကို ထိုးကျွေးကာ ဟစ်တလာကို အလျှော့ပေး စေ့စပ်ကြသည်။ ကမ္ဘာ့အရင်းရှင်စနစ်ကိုယ်စား နယ်ချဲ့အားလုံး၏ ကိုယ်စား ဟစ်တလာက ဆိုဗီယက်ယူနီယံကို ကျူးကျော်စစ်ဆင်စေလိုသည်မှာ သူတို့၏ရည်ရွယ်ချက် ဖြစ်သည်။

၁၉၂၂ ခုနှစ်တွင် ဖက်ဆစ်ဝါဒ အီတလီပြည်တွင် စတင်ပေါ်ကတည်းက နိုင်ငံတကာကွန်မြူနစ်များက ကမ္ဘာ့ အန္တရာယ်အဖြစ် သိမြင်ကြသည်။ ဂျာမဏီပြည်တွင် နာဇီတို့ အာဏာရလာသော ၁၉၃၃ ခုနှစ်တွင်ကား ဘေးဒုက္ခဆိုးကြီးကို မလွဲမရှောင်သာ တွေ့ရတော့မည်မှာ ကျိန်းသေနေပြီ။

ရဲဘော်စတာလင်၊ ရဲဘော်ဒီမီထရော့ဗ်တို့ ဦးဆောင်သော ကွန်မြူနစ်အင်တာနေရှင်နယ် အဖွဲ့ချုပ်က ဖက်ဆစ်ဆန့်ကျင်ရေးအတွက် ဆော်ဩခဲ့သည်။ ဆိုဗီယက် အစိုးရသည် ဖက်ဆစ်ဝါဒကို ဝိုင်းဝန်းတားဆီးရန်အတွက် အင်္ဂလိပ်၊ ပြင်သစ် အစိုးရများသို့ ချဉ်းကပ်ခဲ့သည်။

ဟစ်တလာကို မြှောက်ပေးပြီး ဆိုဗီယက်ယူနီယံကို တိုက်စေလိုသောစိတ်က မွန်နေသည့် အင်္ဂလိပ်၊ ပြင်သစ်တို့သည် နားမဝင်ခဲ့။ မြူးနစ်စာချုပ်ကို ဟစ်တလာက ဩစတြီးယားကို (၁၉၃၈ မတ်လ) တွင် သိမ်းပိုက်ပြီးချိန်တွင်မှ (၁၉၃၈ စက်တင်ဘာ) တွင် ချုပ်ဆိုခဲ့ကြခြင်းဖြစ်သည်။

ဟစ်တလာကို အရှေ့ဘက်သို့ မြားဦးလှည့်စေရေးမှာ သူတို့၏ပေါ်လစီ ဖြစ်သည်။ ဩစတြီးယားကိုသိမ်းခြင်း၊ ချက်ကို ထိုးကျွေးခြင်းဖြင့် သူတို့ပေါ်လစီအောင်မြင်နေပြီဟု ထင်နေကြသည်။ ချိန်ဘာလိန် (အင်္ဂလိပ် ဝန်ကြီးချုပ်) က ဂျာမဏီနှင့် စစ်မဖြစ်တော့ (ငြိမ်းချမ်းရေးရပြီ) ဟုပင် ပြောခဲ့သည်။

ယင်းသို့သော အခြေအနေတွင် ရဲဘော်စတာလင်သည် စစ်မြားဦး မိမိဘက်တိုးမလာစေရန် ဂျာမဏီနှင့် မကျူးကျော်ရေး စာချုပ်ကို ကမန်းကတန်းချုပ်ခဲ့ရသည်။ (၁၉၃၉ ဩဂုတ်) တွင်ဖြစ်သည်။

၁၉၃၉ စက်တင်ဘာတွင်ကား အင်္ဂလိပ်၊ ပြင်သစ်တို့သည် ဂျာမဏီအပေါ် စစ်မကြေညာ၍ မဖြစ်တော့သည့် အခြေသို့ ဆိုက်ရောက်ခဲ့တော့သည်။

ရက်စွဲများ အရေးကြီးသဖြင့် ဤသို့တင်ပြရခြင်းဖြစ်သည်။ ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲသည် ကမ္ဘာ့တိုးတက်ဖြစ်ပေါ်မှုတွင် အလွန်အရေးကြီးသောအခန်းက ပါခဲ့သဖြင့် ဤသင်ခန်းစာများကို မမေ့သင့်ပေ။ (ဖက်ဆစ်လက်သစ်များ နာဇီလက်သစ်များ၊ စစ်ဝါဒကို ပြန်လည်အသက်သွင်းလိုသူများ ကမ္ဘာတွင် ယခုပေါ်နေပြန်ပြီ။ သမိုင်းသင်ခန်းစာ မယူတတ်လျှင် အနာဂတ် မသာယာနိုင်သည်ကို သတိမူသင့်သည်။)

နိုင်ငံတကာမှ ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ၏ အခန်းသည် နိုင်ငံတကာအတွက် အရေးပါသလို တရုတ်ပြည် တော်လှန်ရေး ရှေ့တဆင့်တက်ရေးအတွက်လည်း အရေးပါခဲ့သည်။ ရဲဘော်မော်စီတုန်း၏ အတွေးအခေါ် ပြောင်မြောက်မှုကြောင့် ဖက်ဆစ်ဆန့်ကျင်ရေး တပ်ပေါင်းစုဖွဲ့နိုင်ခဲ့သည်။ တရုတ်ပြည်တော်လှန်ရေး ကြုံတွေ့နေရသော အကျပ်အတည်းများမှ ကျော်လွှန်နိုင်ခဲ့သည်။

တရုတ်ပြည်နှင့် ဗမာပြည်သည် အာရှတိုက်မှ အိမ်နီးချင်းတိုင်းပြည်များ ဖြစ်ကြသည်သာမက လူ့အဖွဲ့အစည်း

ဖြစ်ပေါ်မှုချင်းလည်း (ထပ်တူမဟုတ်စေကာမူ) ယေဘုယျအားဖြင့် တူညီကြသည်။ သမိုင်းအတွေ့အကြုံချင်းလည်း မကွာခြားလှ။ နယ်ချဲ့စနစ်၊ ဖက်ဆစ်စနစ်နှင့် ကြုံကြိုက်ခဲ့ကြရသည်များမှာလည်း ရှေ့ဆင့်နောက်ဆင့် ဖြစ်ကြသည်။ ထို့ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီသည် မော်စီတုန်းအတွေးအခေါ်ကိုပါ သဘောတရားလမ်းညွှန်အဖြစ် ခံယူခြင်းဖြစ်သည်။

(ဃ)

“သဘောတရားအခြေခံ၊ လုပ်ငန်းလမ်းညွှန်” ဟူသော အသုံးအနှုန်းကို ကွန်မြူနစ်များက ကျယ်ဝန်းသော အဓိပ္ပာယ်ဖြင့် သုံးနှုန်းခြင်းဖြစ်သည်။

သဘောတရားအခြေခံ မခိုင်မာလျှင် ဦးတည်ရာမဲ့ ဖြစ်လိမ့်မည်။ ရပ်တည်ချက်ကို ပျက်ပြားစေလိမ့်မည်။

ရပ်တည်ချက်၊ အမြင်၊ နည်းနာဟူ၍ ကွန်မြူနစ်များက ခွဲခြား၍ ပြောဆိုကြသည်။ ရပ်တည်ချက်သည် အခရာ ဖြစ်သည်။ ရပ်တည်ချက်ပျက်လျှင် မခိုင်မာလျှင် အရာရာပျက်ပြားရတော့သည်။ ရဲဘော်စတာလင် ကွယ်လွန်ပြီးနောက် ဆိုဗီယက်ယူနီယံကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုသည် မာ့က်စ်လီနင်ဝါဒရပ်တည်ချက် မခိုင်မမာ ဖြစ်လာသည်။

မိမိကိုယ်ကို အထင်ကြီးလွန်းပြီး မာနလည်းထောင်လွှားကြသည်။ ကွန်မြူနစ်တို့ မလုပ်အပ်သော ဗိုလ်ကျလွှမ်းမိုးရေးကို လုပ်လာသည်။ နိုင်ငံတကာ့ကွန်မြူနစ် လှုပ်ရှားမှုကို ပြိုကွဲစေသည်။ ကွန်မြူနစ်ပါတီချင်း ဆက်ဆံရေးမှုများကို ကျောခိုင်းလာသည်။ ကွန်မြူနစ်ပါတီတိုင်းတွင် မိမိတိုင်းပြည်၏ လက်တွေ့အခြေအနေအရ အမှီခိုကင်းစွာ မိမိဘာသာဆုံးဖြတ်ပိုင်ခွင့် ရှိပေသည်။ ကွန်မြူနစ်ပါတီတိုင်းသည် နိုင်ငံတကာကွန်မြူနစ် လှုပ်ရှားမှု၏ ညီနောင်တပ်ဖွဲ့ဝင် အချင်းချင်းဖြစ်၍ လိုအပ်သောဝေဖန်မှု၊ သင့်တော်သော အကြံပေးမှုများကား ရှိနိုင်ပေသည်။ သို့သော် ညီနောင်ပါတီ၏ အတွင်းရေး ဝင်စွက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ လူသိရှင်ကြား ပုတ်ခတ်ပြောဆိုခြင်းများ ပြုပါက “ပစ္စည်းမဲ့လူတန်းစား နိုင်ငံတကာ့ဝါဒ” ကို ချိုးဖောက်ခြင်း ဖြစ်တော့သည်။ ညီနောင်ဆက်ဆံရေးကိုလည်း ပျက်ပြားစေသည်။

ရဲဘော်လီနင်၊ ရဲဘော်စတာလင်တို့ စုဆောင်းခဲ့သော ကောင်းမြတ်သည့် အမွေအနှစ်များကို ဆက်ခံသည့် ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီခေါင်းဆောင်စုသည် မိုက်မဲစွာ ဖြုန်းတီးပစ်သလို လုပ်လိုက်ကြသည်။

မာနထောင်လွှားစဉ်က ဖိနပ်ဖြင့် ကုလသမဂ္ဂ စားပွဲကို ခေါက်ခဲ့သည်။ အမေရိကန်နယ်ချဲ့နှင့်တွဲ၍ ကမ္ဘာကို ခွဲဝေဗိုလ်ကျဖို့ ကြံစည်ခဲ့သည်။

မာနတွေ လျှော့ကျသော အခါတွင်မူ (မှားယွင်းသော ပေါ်လစီအရပ်ရပ်ကြောင့် အခြေအနေများ ဆုတ်ယုတ်လာသောအခါ) အမေရိကန်နယ်ချဲ့၏နောက်လိုက်၊ အရင်းရှင်ကမ္ဘာ၏ လက်ဝေခံအဖြစ် မရှက်မကြောက် လက်ခံခဲ့သည်။

ဆိုဗီယက်ပါတီ၏ နောက်ဆုံးခေါင်းဆောင်စုသည် မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို လွယ်လွယ်ပင် စွန့်ပစ်လိုက်ကြသည်။

“ကွန်မြူနစ်”ခေါင်းဆောင်ကြီးများသည် လစ်ဘရယ်ခေနရှင် နိုင်ငံရေးသမားများ၊ လူမျိုးရေးဝါဒီများအဖြစ် ဆုတ်ယုတ်ပျက်ပြားသွားကြတော့သည်။

ချုပ်၍ပြောရလျှင် ရပ်တည်ချက်ပျက်က အရာရာပျက်တော့သည်။ ထို့ကြောင့် ရပ်တည်ချက်ကို အခရာဟု ဆိုခြင်း ဖြင်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီတွင်လည်း အမှားများ ရှိခဲ့ပါသည်။ သို့သော် ရပ်တည်ချက်ပျက်သော အမှားကိုကား ပါတီတရပ်လုံးအနေနှင့် မမှားခဲ့ဖူးပါ။

ကျွန်တော်တို့ ပါတီမှားခဲ့ဖူးသော အမှားများသည် အမြင်ဆိုင်ရာ အမှား၊ နည်းနာဆိုင်ရာ အမှားများ ဖြစ်ကြသည်။

ဥပမာ – ဖက်ဆစ်တော်လှန်ရေးအပြီး (၁၉၄၅) တွင် မှားခဲ့သည့် “ဘရောက်ဒါဝါဒ” အမှား။ နိုင်ငံတကာအခြေအနေကို ပိုတွက်မိခြင်းနှင့် နယ်ချဲ့စနစ်၊ အရင်းရှင်စနစ်၏ သဘောသဘာဝကို မှားယွင်းစွာ တွက်ဆမိခြင်းဟူသော အမြင်ဆိုင်ရာအမှား။ စစ်ကြီးတလျှောက်လုံးတွင် စစ်ဘေးစစ်ဒဏ်တို့ ခံစားခဲ့ရသော ဗမာပြည်လူထုကြီးအတွက် ငြိမ်းချမ်းစေလိုသော ဆန္ဒစွဲအမှား။ ဤသို့သော အမြင်များတွင် မှားခဲ့သဖြင့် နည်းနာအမှားများသည်လည်း ဆက်တိုက်မှားခဲ့ရသည်။ သို့သော် ဤအမှားသည် လအချို့သာကြာသော အမှားဖြစ်၏။ သို့သော် နိုင်ငံရေး၊ စစ်ရေးအရ ထိခိုက်နစ်နာမှုကား များလှသည်။

နောက်ဥပမာတခုကို တင်ပြပါဦးမည်။ (၁၉၆၇) က အမှားဖြစ်သည်။ "ပါတီတွင်းတော်လှန်ရေး"ဟု တရားဝင်ခေါ်သော အမှားက (ဖြုတ်၊ ထုတ်၊ သတ်) ဟူ၍ သိသော အမှားဖြစ်သည်။

ဗမာပြည်တော်လှန်ရေး၏ ဒီရေမြင့်နှင့်ပတ်သက်၍ မှားယွင်းစွာ အကဲဖြတ်သောအမြင်နှင့် မဒ့က်စ်ဝါဒ၊ လီနင်ဝါဒကို ပစ်ပယ်နေကြသော၊ အချောင်ဝါဒဖြစ်အောင် ပြင်ဆင်နေကြသော ပြန်လည်ပြင်ဆင်ရေးသမားများကို မုန်းတီးသော အမြင်နှင့် မိမိပါတီတွင်းတွင် ဤသို့သောသူများ ဘယ်တော့မှ မပေါ်စေရဟူသော ဆန္ဒစွဲအမြင်တို့ကြောင့် ဤကြီးလေးသော အမှားကို ပါတီက ကျူးလွန်မိခြင်း ဖြစ်သည်။ ဆက်တိုက်လိုက်လာသော နည်းနာအမှားကား ဖြုတ်၊ ထုတ်၊ သတ်ခြင်း ဖြစ်သည်။ ဖြုတ်၊ ထုတ်၊ သတ် အလုပ်ခံရသော ရဲဘော်အားလုံးတွင် အများနည်းတူ အမှားများရှိကောင်းရှိပေမည်။ သို့သော် ပြန်ပြင်ရေး ဖြစ်လောက်အောင် ရပ်တည်မှုအရ မှားမည့်သူများကား မဟုတ်ကြပေ။

မှားယွင်းသည့်ကာလကလည်း ကြာသည်။ နိုင်ငံရေးအရ၊ စစ်ရေးအရ နောက်ဆက်တွဲ ဆုံးရှုံးနစ်နာမှုကလည်း များလှသည်။

ဤကား ပါတီ၏ အဓိကမှားများနှင့် ပတ်သက်၍ ဥပမာထုတ်ပြခြင်း ဖြစ်သည်။ အခြား စစ်ရေးအမှား၊ မြေယာဆိုင်ရာအမှား စသဖြင့်လည်း ရှိကြပါသည်။

"ဗမာပြည်ကွန်မြူနစ်ပါတီသည် မိမိ၏လုပ်ငန်းများတွင် ချို့ယွင်းမှုများနှင့် မှားယွင်းမှုများကို ဖုံးကွယ်ခြင်း မပြုဘဲ ကိုယ့်ကိုယ်ကို ဝေဖန်ရေး၊ ဝေဖန်ရေးနည်းနာဖြင့် မပြတ်ဆေးကြောပြီး အချိန်မီ ပြုပြင်ကာ ပါတီဝင်များနှင့် ကေဒါများအား ပညာပေးခြင်း ပြုပေသည်။" ဟု အထွေထွေလုပ်ငန်းစဉ်တွင် ရှင်းရှင်းလင်းလင်း ရေးထားပါသည်။ ဤအတိုင်းလည်း ကျင့်သုံးသွားမည်ဖြစ်သည်။

ဤစာတမ်းတွင် ပါတီက ဘာတွေမှန်ခဲ့သည် ဆိုသည်ကို ရေးသားရန် မရည်ရွယ်ပါ။ သို့သော် လိုအပ်သည်ဟု ထင်သဖြင့် လိုသလောက်တင်ပြပါမည်။

* နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ တိုင်းပြည်လွတ်လပ်ရေးတိုက်ပွဲတွင် ကောင်းမှုအလီလီ ပြုခဲ့ခြင်း။

* ပဒေသရာဇ်မြေရှင်စနစ်ကို အကုန်အစင်အကြွင်းမဲ့ ဖျက်သိမ်းပစ်ပြီး "လယ်လုပ်သူလယ်ပိုင်ရေး" မူကို ကိုင်စွဲကာ တိုက်ပွဲဝင်ခဲ့သဖြင့် မြေရှင်စနစ်ကို အကြီးအကျယ် ချည့်နဲ့သွားစေခြင်း။ (မြေရှင်စနစ် အကြွင်းအကျန်များ ရှိဆဲဖြစ်သည်။)

* ပါတီသည် မဒ့က်စ်ဝါဒ သဘောတရားအခြေခံပေါ်တွင် ထာဝစဉ်ရပ်တည်ခဲ့ခြင်း။

* ဖိနှိပ်သူများ၏ အကြမ်းဖက်ဖိနှိပ်မှုကို အဖိနှိပ်ခံလူတန်းစားက (မည်မျှပင် မိမိ၏အင်အား နည်းနေပါစေ၊ ရန်/ငါ အင်အား အချိုးအစား မည်မျှပင်ကွာခြားနေပါစေ) ပုန်ကန်တော်လှန်ရမည်။ ပုန်ကန်တော်လှန်ခြင်းသည် တရားသည်ဟု ခံယူကျင့်သုံးခဲ့ခြင်း။

* အဆက်ဆက်သော ဖောက်ပြန်ရေးအစိုးရနှင့် စစ်အစိုးရကတဖက်၊ ပြည်သူလူထုကြီးကတဖက် ဖြစ်ပွားနေသည့် အဓိကပဋိပက္ခတွင် ပြည်သူလူထုကြီးဘက်က ထာဝစဉ်ရပ်တည်ခြင်း စသည်တို့သည် ပါတီက မှန်ကန်သည့် အချက်အချို့ ဖြစ်သည်။

## ( င)

**အမြင်ကိစ္စ**။ ကိစ္စတိုင်းတွင် အမျိုးမျိုးအဖုံဖုံသော အမြင်များ ရှိနိုင်သည်။ စင်းလုံးချော မှန်ကန်သည့်အမြင်ဖြစ်ဖို့ဆိုသည်မှာ ခဲယဉ်းမည်ဖြစ်သော်လည်း အခြေခံအားဖြင့် မှန်ကန်သောအမြင်ကား ဖြစ်ကိုဖြစ်ရမည်။ မှားယွင်းချွတ်ချော်သော အမြင်ဟူသမျှသည် ဆန္ဒစွဲအမြင်များသာ ဖြစ်သည်။

မှန်ကန်သော အမြင်ဖြစ်ရန်အတွက် အဓိကလိုအပ်သည်မှာ "သိပ္ပံနည်းကျရေး" ဖြစ်သည်။ လက်တွေ့များက (အခိုင်အမာ အချက်အလက်များကို) စူးစမ်းလေ့လာရမည်။ စနစ်တကျစူးစမ်းလေ့လာသည့် "သိပ္ပံနည်းကျ စိတ်ဓာတ်နှင့် လုပ်ဟန်" ရှိရမည်။

ကျွန်တော်တို့တိုင်းပြည်သည် ပဒေသရာဇ်ခေတ်၊ ကိုလိုနီခေတ်၊ ဒီမိုကရေစီဆိတ်သုဉ်းသော "လွတ်လပ်ရေး" ခေတ်တို့ကို ဖြတ်သန်းခဲ့ရသည်။ ထို့ကြောင့် သိပ္ပံစိတ်ဓာတ် (စနစ်တကျ စူးစမ်းလေ့လာရေး) တွင် အားနည်းခဲ့သည်။

စူးစမ်းလေ့လာရေးကို ဆန္ဒစွဲဖြင့် အစားထိုးတတ်သဖြင့် သွက်သွက်လည်အောင် မှားခဲ့လှလေပြီ။ မဆလ ခေတ်

တွင် ထုတ်ပြန်သော စာရင်းဇယားများသည် ဆန္ဒစွဲ၏နမူနာ များ ဖြစ်သည်။ အဆင်းရဲဆုံးနိုင်ငံအဖြစ် ဒေဝါလီခံရတော့မှပဲ ဆန္ဒစွဲစာရင်းတွေဖြစ်ကြောင်း သိရတော့သည့်အဖြစ်မျိုးကို သင်ခန်းစာယူတတ်ကြရမည်။

ဆန္ဒစွဲနည်းနည်းပါလျှင် နည်းနည်းမှားမည်။ ဆန္ဒစွဲ များများပါလျှင် များများမှားမည်မှာ ဓမ္မတာပင်ဖြစ်သည်။

(စ)

**နည်းနာကိစ္စ**။ ရွေးချယ်ရန် ရွေးလမ်းအများဆုံး ရှိသော ကိစ္စဖြစ်သည်။ အမြင်တွင် သိပ္ပံနည်းကျ ဖြစ်သလောက် နည်းနာရွေးချယ်မှုတွင် မှန်ကန်နိုင်ပေသည်။

**အမြင်ကိစ္စ**၊ နည်းနာကိစ္စများတွင် အဓိကရှောင်ကြဉ်သင့်သည့်အချက်မှာ သမိုင်းမျဉ်းပြိုင်ဆွဲပြီး မြင်သော အမြင်နှင့် အတွေ့အကြုံဝါဒအရ လုပ်ခြင်း၊ တရားသေ လုပ်ခြင်း၊ သူများလုပ်သလို တကောက်ကောက် လိုက်လုပ်ခြင်းတို့ ဖြစ်သည်။ "ဟိုတုန်းက ဒီလိုလုပ်လိုက်တာပဲ"၊ "ဟိုတိုင်းပြည်မှာ ဒီလိုမြင်ပြီး ဒီလိုလုပ်တာပဲ" ဟု လွယ်လွယ် စဉ်းစားကာ လွယ်လွယ်လုပ်သော အမြင်နှင့်နည်းနာ ဖြစ်သည်။

သမိုင်းသည် ထပ်တူထပ်မျှ ထပ်ပြန်ကျော့ခြင်း မရှိပေ။ ဆင်တူရိုးမှားဖြစ်ခြင်းကား ရှိနိုင်ပေသည်။ ကိုယ့်တိုင်းပြည်တွင် ဖြစ်ပါစေ ဟိုတုန်းကအဖြစ်မျိုး "ထပ်တူ" နောက်ထပ်ဖြစ်ခြင်း မရှိနိုင်ပေ။

တခြားတိုင်းပြည်တွင် ဖြစ်ခြင်းမျိုး ကိုယ့်ဆီမှာ ဖြစ်ဖို့ကား ဘယ်တော့မှ မဖြစ်နိုင်ချေ။

ထို့ကြောင့် ထပ်တူကူးချခြင်း၊ ပုံတူကူး လုပ်ခြင်းများသည် အန္တရာယ်ရှိတတ်လှသည်။ သွက်သွက်ခါအောင် မှားတတ်သည်။

(ဆ)

မာ့က်စ်နှင့် အိန်ဂယ်တို့က ငါတို့၏သဘောတရားသည် တရားသေမဟုတ်။ အလုပ်လမ်းညွှန်သာဖြစ်သည် ဟု အကြိမ်ကြိမ် ပြောခဲ့ကြ၏။

သိပ္ပံနည်းကျ သဘောတရားတရပ်သည် အခြားသော သိပ္ပံပညာများလိုပင် ရှေ့သို့တိုးတက်သည်။ ဘေးသို့လည်း ဖြန့်ကျက်သည်။ အဆုံးစွန်ရောက်ပြီ၊ ပြီးပြည့်စုံပြီ၊ နောက်ထပ်တိုးချဲ့လို့မရ၊ ရှေ့တက်လို့မရတော့သော သပ္ပံပညာဟူ၍ မရှိနိုင်ပေ။

မာ့က်စ်ဝါဒသည်လည်း သိပ္ပံနည်းကျသဘောတရား ဖြစ်ပေရာ ရှေ့သို့၊ ဘေးသို့ တိုးတက်ဖြန့်ကျက်နေရပေမည်။

သိပ္ပံပညာတွေ့ရှိချက်တခုသည် နောက်ထပ်တိုးချဲ့သော တွေ့ရှိချက်တခုကြောင့် ၎င်း၏ပင်ကိုယ်အရည်အသွေး ပျက်ပြယ်သွားသည် မဟုတ်။ ပို၍တောက်ပြောင်လာခြင်းသာ ဖြစ်သည်။ မာ့က်စ်ဝါဒသည်လည်း ဤနိယာမအတိုင်းပင် ဖြစ်ပေသည်။ မာ့က်စ်ဝါဒ ဘဏ္ဍာတိုက်သည် အမြဲပြည့်တင်းနေမည့် ဘဏ္ဍာတိုက်ဖြစ်သည်။ လီနင်ဝါဒသည်လည်းကောင်း၊ မော်စီတုန်းအတွေးအခေါ်သည်လည်းကောင်း မာ့က်စ်ဝါဒ ဘဏ္ဍာတိုက်ကို ဖြည့်ဆည်းခဲ့ခြင်းဖြစ်ပေသည်။ နောက်ထပ်လည်း ဤဘဏ္ဍာတိုက်ကို ဖြည့်ဆည်းကြဦးမည်ပင်။ ။

**အဆက်ဆက်သော ဖောက်ပြန်ရေးအစိုးရနှင့် စစ်အစိုးရကတဖက်၊ ပြည်သူလူထုကြီးကတဖက် ဖြစ်ပွားနေသည့် အဓိကပဋိပက္ခတွင် ပြည်သူလူထုကြီးဘက်က ထာဝစဉ်ရပ်တည်ခြင်း**

# ကွန်မြူနစ်တော်လှန်ရေးသမား၊ လေထီးတပ်သား၊ ပြောက်ကျားကွန်မန်ဒို

(ပြည်သူ့အာဏာဂျာနယ် ထုတ်ဝေခြင်း ၇၅ နှစ်ပြည့်အထိမ်းအမှတ် ပြည်သူ့အာဏာဂျာနယ် အမှတ် (၄၃) မှာ ပြည်သူ့အာဏာဂျာနယ်ရဲ့ စာတည်းအဖွဲ့ဝင်တဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဗိုလ်မှူးချစ်ကောင်းအကြောင်း ရေးသားဖော်ပြလိုက်ပါတယ်။)

ဗိုလ်မှူးချစ်ကောင်းရဲ့ ဂုဏ်ရောင်ပြောင်တဲ့သမိုင်းကို သူ့အတ္ထုပ္ပတ္တိ၊ သူရေးတဲ့စာတွေနဲ့ သူ့အကြောင်း စာအုပ်၊ စာပေတွေမှာ အထင်အရှား တွေ့နိုင်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဗဟိုကော်မတီဝင်၊ ဗကပ ပြည်သူ့တပ်မတော်က ဗိုလ်မှူးကြီး။ ပါတီရဲဘော်အဖြစ်နဲ့ အိန္ဒိယသွားပြီး လေထီးသင်တန်း အပါအဝင် စစ်သင်တန်းတွေ တက်ခဲ့သူ။ ဂျပန်အထွက်၊ အင်္ဂလိပ် ပြန်အဝင်မှာ ဗမာ့တပ်မတော်ကို ပြောင်းလဲဖွဲ့စည်းတော့ တပ်ကထွက်ပြီး ပါတီတာဝန်တွေကို အားကြိုးမာန်တက် ထမ်းရွက်ခဲ့သူ။ သခင်ဗဟိန်းနဲ့အတူ ပါတီရဲ့ ပထမဆုံး ပြည်သူ့အာဏာဂျာနယ် ထုတ်ဝေဖို့ အားထုတ်ကြိုးပမ်းခဲ့သူ။ ဂျာနယ်ရဲ့ စာတည်းအဖွဲ့ဝင်။ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ လက်နက်ကိုင်တော်လှန်ရေး အတွင်းမှာပဲ သူရဲကောင်းပီသစွာ၊ ကွန်မြူနစ်ကောင်း ပီသစွာ ကျဆုံးသွားတဲ့ ကွန်မြူနစ်အာဇာနည်တဦးစသဖြင့် သူ့သမိုင်းကို လူအများ သိကြပါတယ်။

ဗကပ ပြည်သူ့တပ်မတော်ရဲ့ နိုင်ငံရေးမှူး၊ ဗိုလ်မှူးကြီးဖြစ်လို့ ဗိုလ်မှူးချစ်ကောင်း၊ ကာနယ်ချစ်ကောင်းလို့ လူသိများပေမယ့် အမည်ရင်းက စိုးမောင် ဖြစ်ပါတယ်။ မြင်းခြံစိုးမောင်၊ မြင်းခြံစိုးမြင့်၊ အောင်ထွန်း၊ ဗိုလ်ချစ်ကောင်း စတဲ့ ကလောင်တွေနဲ့ စာရေးသလို အဲဒီနာမည်တွေနဲ့ နိုင်ငံရေးအလုပ်၊ တော်လှန်ရေး အလုပ်တွေလည်း လုပ်ပါတယ်။ ကိုတူး၊ ဗိုလ်တူးလို့လည်း သူ့ရဲဘော်တွေက ခေါ်ကြတယ်။ မြင်းခြံ၊ လယ်သစ်ရွာမှာ မွေးဖွားပြီး မြင်းခြံမြို့ပေါ်က အမေရိကန်နှစ်ခြင်း ခရစ်ယာန်သာသနာ ပြုကျောင်း (ABM) မှာ ပညာဆည်းပူးခဲ့တယ်။ မန္တလေး ဥပစာကောလိပ်မှာ ဥပစာအထက်တန်းအောင်တဲ့အထိ ပညာသင်ခဲ့တယ်။ မြင်းခြံကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌဖြစ်သလို ကျောင်းသားသံမဏိတပ်မှာလည်း ပါခဲ့တယ်။ မြင်းခြံဆိုတာ ပြည်တွင်းစစ် အစောပိုင်းမှာ ထင်ရှားတဲ့ မသုံးလုံးဒေသ (မန္တလေး၊ မိတ္ထီလာ၊ မြင်းခြံ) ရဲ့ မြို့တမြို့ပါ။ ကွန်မြူနစ်နဲ့ ဆေးပေ့ါလိပ်ထွက်တဲ့မြို့လို့ ရာဇဝင်တွင်ပါတယ်။ ဗိုလ်မှူးချစ်ကောင်း၊ ရဲဘော်လေးမောင်စတဲ့ ကွန်မြူနစ် အာဇာနည်တွေရဲ့ မွေးရပ်မြေပါ။

ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ထဲဝင်ကြမယ်ဆိုပြီး ယိုးဒယားနိုင်ငံကိုသွားဖို့ ကြိုးစားတဲ့ မြင်းခြံသားအစုကို ကြည့်ရင် ကိုစိုးမောင် (ဗိုလ်မှူးချစ်ကောင်း)၊ သခင်အုန်းတင် (နောင်အခါမှာ ပြည်သူ့ရဲဘော်ပါတီရဲ့ အထွေထွေအတွင်းရေးမှူးချုပ် ဖြစ်လာတဲ့ ဗိုလ်အုန်းတင်)၊ သခင်ဗိုလ် (ဒို့ဗမာ လက်ရုံးတပ်ခေါင်းဆောင်) ကိုဘကွန်း (မန္တလေးအရေးတော်ပုံ)၊

ကိုထွန်းမြင့် (ကျောင်းသားသံမဏိတပ်) တို့ကို တွေ့နိုင်တယ်။ မြင်းခြံ သခင်ဗိုလ်က မြင်းခြံ လက်ရုံးတပ်ခေါင်းဆောင်အဖြစ် ထင်ရှားပါတယ်။ နာမည်တူဖြစ်တဲ့ ညောင်တုန်း သခင်ဗိုလ်ကတော့ ဗမာပြည်ကွန်မြူနစ်ပါတီ စတင်တည်ထောင်ရာမှာ ပါဝင်ခဲ့ပြီး အိန္ဒိယမှာ ဗိုလ်မှူးချစ်ကောင်းနဲ့အတူ စစ်သင်တန်းတက်ခဲ့သူပါ။ ဗမာပြည်စစ်ဆင်ရေးအတွက် အိန္ဒိယ၊ ဂျက်ဆိုလေယာဉ်ကွင်းက အထွက်မှာပဲ လေယာဉ်ပျက်ကျလို့ ကျဆုံးသွားပါတယ်။ ၁၉၅၇ ခုနှစ်မှာ ဗိုလ်ချစ်ကောင်း အဖမ်းခံရတော့လည်း မြင်းခြံ ပမညတ အမတ် ဦးမောင်ကိုနဲ့အတူ အဖမ်းခံရတာပါ။

ဗိုလ်မှူးချစ်ကောင်းဟာ လွတ်လပ်ရေးအတွက် လက်နက်ကိုင်တိုက်မယ်ဆိုတဲ့ သူ့ရည်မှန်းချက်ကို ဖြစ်အောင် လုပ်တယ်။ စစ်ထဲဝင်တယ်။ မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်းမှာ ကွန်မြူနစ်ကလာပ်စည်းတွေနဲ့ ချိတ်မိပြီး ကွန်မြူနစ်သင်တန်းတွေ တက်တယ်။ ဖက်ဆစ်တော်လှန်ရေးအတွက် သခင်သိန်းဖေ (သိန်းဖေမြင့်) ရှိတဲ့ အိန္ဒိယကို သွားပြီး စစ်သင်တန်းတက်ဖို့ ရွေးချယ်စေလွှတ်ခံရတယ်။ သခင်သိန်းဖေက စစ်အတွင်းမဟာမိတ်ဖြစ်တဲ့ အင်္ဂလိပ်နဲ့ဆက်ဖို့ ဗမာပြည်ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုရဲ့ ကိုယ်စားလှယ်အဖြစ် အိန္ဒိယကို ကြိုရောက်နှင့်ပြီး လိုအပ်တဲ့ ချိတ်ဆက်မှုတွေ၊ အစီအစဉ်တွေ လုပ်ရပါတယ်။ အင်္ဂလိပ်က အရှေ့တိုင်း စစ်ဆင်ရေးအတွက် ၁၉၄၁ ခုနှစ် ကတည်းက "အိန္ဒိယမစ်ရှင်" ဆိုတာကို ဖွဲ့ထားတာပါ။ GSI (K) ဆိုတဲ့ အမည်ဝှက် ပေးထားတယ်။ ဒါကြောင့် သခင်သန်းထွန်းက ဗိုလ်မှူးချစ်ကောင်းတို့ မဟာမိတ်နဲ့ဆက်သွယ်တဲ့အခါ ပြောရမယ့် စကားဝှက်အဖြစ် GSI (K) ကို ပေးလိုက်ပါတယ်။ ဒါပေမဲ့ မြစ်ကြီးနားက အမေရိကန် ဝမ်းအိုဝမ်း (၁၀၁) စခန်းကိုရောက်တဲ့အခါ ဗိုလ်မှူးချစ်ကောင်းတို့က (K) ကို 12 လို့ထင်လို့ GSI (12) လို့ မှားပြောမိတယ်။ ဒါပေမဲ့ အမေရိကန်အရာရှိက GSI (K) ကို ဆိုလိုမှန်းသိပါတယ်။ အမေရိကန်စစ်ဗိုလ်က သူတို့အဖွဲ့ကို အင်္ဂလိပ်စစ်ဗိုလ်နဲ့ ချိတ်ဆက်ပေးလိုက်ပါတယ်။

ဗိုလ်မှူးချစ်ကောင်း၊ ဗိုလ်အုန်းမောင်နဲ့ မန်းဝင်းမောင်တို့အဖွဲ့က မြစ်ကြီးနားကနေ ကာလကတ္တားကို လေယာဉ်နဲ့ သွားကြပါတယ်။ အိန္ဒိယမှာ စစ်သင်တန်း၊ လေထီးသင်တန်းတွေတက်မယ့် ပထမအသုတ်ပါ။ အိန္ဒိယမှာ သခင်သိန်းဖေနဲ့ တွေ့ကြတဲ့အခါ ဗိုလ်မှူးချစ်ကောင်းကို သခင်သိန်းဖေက အခုလို အကဲဖြတ် မှတ်ချက်ပြုပါတယ်။

"ဗိုလ်တူးခေါ် အောင်ထွန်းမှာ မြင်းခြံသားဖြစ်သည်။ အရပ်ရှည်ပြီး အသားအရေခြောက်သည်။ မျက်မှောင်ကုတ်ကုတ်၊ မျက်စိစွေစွေနှင့် အောက်သိုးသိုးရှု ရှိသောကြောင့် မြင်မြင်ချင်း သူ့အတွင်းသဘောကို အကဲခတ်မည်ဆိုပါက အထင်မှားစရာရှိပေသည်။ မျက်မှောင်ကုတ်၍ ရှုသိုးသော်လည်း အလွန်စိတ်သဘော ဖြူစင်သည်။ ရိုးသားပွင့်လင်းသည်။ သည်းခံစိတ်နှင့် ဇွဲကြီးလှပေသည်။ ခပ်ကြောင်ကြောင်ပြောတတ်ဆိုတတ် တွေးတတ်သော်လည်း မှတ်ဉာဏ်ကောင်းသည်။ စဉ်းစားဉာဏ်ကလည်း မခေလှ။ အဝတ်အစားနှင့် ဟန်အမူအရာ မသပ်ရပ်သော်လည်း လက်ရေးလက်သား သပ်ရပ်လှသည်မှာလည်း အံ့သြဖွယ်ပင်ဖြစ်၏။

သူကား မြင်းခြံစိုးမြင့် အမည်ဖြင့် ဆောင်းပါးများစွာကို ရေးသားဖူးသူဖြစ်၏။ စာရူးဟု ခေါ်ရလောက်အောင် စာဖတ်၍ စာမှတ်သူဖြစ်သည်။ ကျွန်တော်တို့ စာရေးဆရာများရေးပြီး ကိုယ်ဘယ်နေရာမှာ ဘာရေးခဲ့သည်ကို မေ့နေတတ်ပေရာ သူလိုလူမျိုးက ဖော်ပေးတတ်သည်။

ဗိုလ်တူးသည် မန္တလေးကောလိပ်သို့ ရောက်အောင် ပညာသင်ခဲ့သော်လည်း စစ်သားရိုးရိုး အဖြစ်ဖြင့်ပင် တိုင်းပြည်တာဝန်ကို ထမ်းရွက်ရန် ဘီအိုင်အေသို့ ဝင်ခဲ့လေသည်။ နောက် မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်းသို့ တက်ရ လေသည်။ မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်းမှာ ဂျပန်ဆရာတို့၏ ပါးရိုက်ခံ၍ ပညာသင်ရင်း ကွန်မြူနစ်ကလာပ်စည်းများနှင့် တွေ့ခဲ့

သည်။ တိတ်တိတ်ပုန်း ပို့ချနေသော ကွန်မြူနစ် သင်တန်းများကို တက်ခဲ့ရလေသည်။ ထို့နောက် အိန္ဒိယပြည်သို့ လိုက်ပါရန် ရွေးချယ်ခြင်းခံရသဖြင့် ကျွန်တော်တို့ထံ ရောက်လာခဲ့ခြင်း ဖြစ်ပေသည်။”

သခင်သိန်းဖေရဲ့ ဒီအကဲဖြတ်ချက် တခုတည်းနဲ့တင် မြင်းခြံအောင်ထွန်း (ခေါ်) ဗိုလ်မှူးချစ်ကောင်းဟာ ဘယ်လိုလူစားဆိုတာ ရှင်းပါတယ်။ ဓာတ်ပုံတွေထဲမှာလည်း အမြဲလိုလို ပြုံးနေတဲ့ သူ့မျက်နှာမှာ စိတ်သဘော ဖြူစင်သူတယောက် ဖြစ်တာကို အထင်းသားတွေ့နိုင်ပါတယ်။ သေရဲ၊ တိုက်ရဲတဲ့ စိတ်ဓာတ်ကိုလည်း သူ့စာအုပ် “အနှစ်နှစ်ဆယ်” ထဲမှာ တိုက်ပွဲတွေအကြောင်း ရေးသားထားပုံကို ကြည့်ရင် သိသာမြင်သာပါတယ်။ သေမင်းနဲ့ ရင်ဆိုင်ပြီး စစ်ခင်းနေတာကို ပေ့ါပေ့ါပါးပါး ရေးထားတာပါ။ စာရေးတာလည်း အတော်ကောင်းတဲ့ တော်လှန်ရေးသမား စာရေးဆရာတဦးပါ။

ဗိုလ်မှူးချစ်ကောင်းနဲ့မန်းဝင်းမောင်က အိန္ဒိယသွားတော့လည်း ပထမအသုတ်မှာ အတူတူ၊ အိန္ဒိယက တဆင့် သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုကိုသွားပြီး သင်တန်း ထပ်တက်ရတော့လည်း အတူတူပါ။ ကိုလံဘို သွားရတဲ့အစုက သခင်ဗိုလ်၊ မန်းဝင်းမောင်၊ ဗိုလ်အုန်းမောင်၊ ဗိုလ်သန်း၊ ဗိုလ်မှူးချစ်ကောင်းတို့ ဖြစ်ပါတယ်။ အိန္ဒိယသွားပြီး စစ်သင်တန်း တက်ကြတဲ့ ကာလမှာ သူတို့ချင်း တယောက်ကို တယောက် ကိုတင် (မန်းဝင်းမောင်)၊ ကိုဖြူ (သခင်ဗိုလ်)၊ ကိုမြ (ကိုအုန်းမောင်)၊ အောင်ထွန်း (ဗိုလ်တူး) လို့ ခေါ်ကြတယ်။ သခင်တင်ရွှေက ဖိုးရုံ၊ ဒေါ်မြရီ (ကျောက်ဆည်) က မခင်စီ အမည်နဲ့ပါ။ သခင်တင်ရွှေနဲ့ ဒေါ်မြရီကို အိန္ဒိယမလွတ်ခင်မှာ သခင်စိုးက လက်ထပ်ပေးပါတယ်။ အင်္ဂလိပ်တွေကတော့ သခင်တင်ရွှေကို လန့်စ်လော့ (Lancelot)၊ ဒေါ်မြရီကို ဂွန်းအစ်ဗီးယား (Guinevere) လို့ အမည်ဝှက် ပေးထားတယ်။ အင်္ဂလိပ်ဒဏ္ဍာရီထဲက သူရဲကောင်းတပ်မှူးနဲ့ သူ့ချစ်သူ မိဖုရားရဲ့ နာမည်ပါ။

ဗမာ့လွတ်လပ်ရေးအတွက် အရှေ့ဘက်ထွက်ပြီး အကူအညီရှာသူတွေက ဂျပန်ထောက်လှမ်းရေးနဲ့ တွေ့ရပြီး ဂျပန်သင်ပေးတဲ့ စစ်ပညာကို ယူရပါတယ်။ တခါ ဂျပန်ကို ပြန်ချဖို့ အနောက်ဘက်ထွက်ပြီး အကူအညီရှာသူတွေက အမေရိကန် ထောက်လှမ်းရေးနဲ့ဗြိတိသျှ ထောက်လှမ်းရေးတွေဆီက စစ်ပညာကို ယူကြရတယ်။ ဒုတိယကမ္ဘာစစ်မှာ ဖက်ဆစ်၊ နာဇီ ဝင်ရိုးတန်းအုပ်စုရဲ့ ထောက်လှမ်းရေး အဖွဲ့တွေ အရေးပါကြသလို ဖက်ဆစ်ဆန့်ကျင်ရေး လုပ်တဲ့အခါ အမေရိကန်နဲ့အင်္ဂလိပ် ထောက်လှမ်းရေးတွေက အခရာကျပါတယ်။ အာရှမှာ အမေရိကန် သေနင်္ဗျူဟာဌာနရုံး (Office of Strategies - OSS) ရဲ့ ၁၀၁ တပ်ခွဲ (Detachment 101) နဲ့ အင်္ဂလိပ် ၁၃၆ တပ်ဖွဲ့ (Force 136) က အဓိက လှုပ်ရှားကြတယ်။ ဗိုလ်မှူးချစ်ကောင်းတို့ မြစ်ကြီးနားမှာ တွေ့ခဲ့တာ အမေရိကန်ထောက်လှမ်းရေးအဖွဲ့ ၁၀၁ တပ်ခွဲပါ။ သူတို့က ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ဖြစ်တဲ့ ၁၃၆ တပ်ဖွဲ့ရှိရာ ကာလကတ္တားကို လေယာဉ်နဲ့ပို့ပေးလိုက်တာ ဖြစ်ပါတယ်။

အမေရိကန် OSS က နောင်အခါမှာ CIA ဖြစ်လာပါတယ်။ ဗြိတိသျှ ၁၃၆ တပ်ဖွဲ့ကတော့ ဒုတိယ ကမ္ဘာစစ်အတွင်းမှာ ဖွဲ့ထားတဲ့ အထူးစစ်ဆင်ရေး အမှုဆောင်အဖွဲ့ (Special Operations Executive - SOE) ရဲ့ အရှေ့ဖျားဒေသဌာနခွဲ ဖြစ်ပါတယ်။ ၁၃၆ တပ်ဖွဲ့မှာ ဗမာပြည်ဖက်ဆစ်တော်လှန်ရေး လုပ်ငန်းတွေအတွက် ဗမာပြည်ဌာနခွဲ (Burma Country Section - BCS) ရှိပါတယ်။ ဗြိတိသျှထောက်လှမ်းရေး အဖွဲ့ရဲ့ ဘီလတ်စစ်ဆင်ရေး (Operation Billet) က ဗမာပြည်က တော်လှန်ရေးသမားတွေကို အိန္ဒိယနဲ့ကိုလံဘိုမှာ စစ်သင်တန်း (လျှို့ဝှက်စစ်ဆင်ရေး သင်တန်း၊ ကွန်မန်ဒိုသင်တန်း) တွေ ပေးပါတယ်။ ဗိုလ်မှူးချစ်ကောင်းတို့ကို ကာလကတ္တားနဲ့ ၁၂ မိုင်ဝေးတဲ့နေရာက အိမ်တအိမ်မှာ သင်တန်းပေးပါတယ်။ အဲဒီမှာ သင်တန်းကျောင်းဖွင့်ထားပြီး အရှေ့တိုင်း စကားပြန်သင်တန်းကျောင်း

(School of Eastern Interpreters - SEI) ဆိုတဲ့ ဟန်ပြ အမည် ပေးထားပါတယ်။ ဒါကြောင့် ဒေါ်မြရီက SEI ကျောင်း တက်ရတယ်လို့ သူရေးတဲ့စာတွေ၊ အင်တာဗျူးတွေမှာ မကြာ ခဏ ရည်ညွှန်းလေ့ရှိပါတယ်။ သခင်သိန်းဖေကတော့ ကျောင်း နာမည် မေ့နေတယ်လို့ ရေးထားတာ ဖတ်ရတယ်။ ကျောင်းဖွင့် ထားတဲ့အိမ်က ကဗျာဆရာကြီး ရာဘင်ဒရာနာ့သ်တဂိုးရဲ့ အိမ်ပါ။ ၁၃၆ တပ်ဖွဲ့က ရုံးတွေ၊ သင်တန်းကျောင်းတွေ လုပ် ထားတဲ့အိမ်တွေထဲမှာ မူဆလင်အဖွဲ့ချုပ်က မိုဟာမက် အလီ ဂျင်းနားရဲ့ ဘုံဘေကအိမ်လည်း ပါပါတယ်။

ဘီလတ်စစ်ဆင်ရေးမှာ လေထီးဆင်းမယ့် အဖွဲ့တွေ ကို သုံးအုပ်စု ခွဲထားပါတယ်။ အထက်ဗမာပြည်အတွက် ဂရိန်း (Grain)၊ အောက်ဗမာပြည်အတွက် နေးရှင်း (Nation) နဲ့ ရခိုင်တိုင်းအတွက် မန်နူယယ် (Manual) ဆိုပြီးတော့ပါ။ အထက်ဗမာပြည်အတွက် သတ်မှတ်ထားတဲ့ ဂရိန်းအုပ်စုရဲ့ လေထီးတပ်ဖွဲ့ကို Elephant လို့ အမည်ပေးပါတယ်။ အဲဒီ အဖွဲ့မှာ သခင်တင်ရွှေနဲ့ ကိုကိုကြီး (ဗန်းမော်) တို့ ပါပါတယ်။ ဒေါ်မြရီက ကျောက်ဆည် အခြေအနေအရ လေထီးဆင်းဖို့ မလိုတော့လို့ မပါတော့ဘူး။ ဗိုလ်မှူးချစ်ကောင်းနဲ့ ကိုသန်း ပါတဲ့အဖွဲ့ကို Reindeer လို့ အမည်ပေးထားပါတယ်။ သူတို့ အဖွဲ့မှာပါတဲ့ အင်္ဂလိပ်အရာရှိတွေရဲ့ အမည်တွေကအစ ဗိုလ်မှူးချစ်ကောင်းက "အနှစ်နှစ်ဆယ်" စာအုပ်မှာ အတိ အကျ မှတ်တမ်းတင်ထားပါတယ်။ တခြားအင်္ဂလိပ်ဘာသာ နဲ့ မှတ်တမ်းတွေပါ အချက်အလက်နဲ့ ကွဲလွဲမှု မရှိပါဘူး။ အင်မတန် စေ့စပ်သူပါ။ အင်္ဂလိပ်မှတ်တမ်းမှာ ဗိုလ်မှူးချစ်ကောင်း ကို အောင်ထွန်းလို့ ဖော်ပြထားပါတယ်။

ဦးသိန်းဖေမြင့်ရဲ့ မှတ်တမ်းမှာ "မတ်လ ၁၈ ရက်နေ့ က ဗိုလ်တူးခေါ်သော မြင်းခြံအောင်ထွန်းအား သခင်သန်းထွန်း ရှိရာ တောင်ငူဒေသ တနေရာတွင် လေထီးနှင့် ချပေးရသည်။ ဗိုလ်တူး ခေါ် မြင်းခြံအောင်ထွန်းကား ကွန်တော် အယုံကြည် ဆုံး၊ စိတ်အချဆုံး ရဲဘော်တဦး ဖြစ်သည်။ သူ့ထံတွင်




ဌာနချုပ်သို့ပေးရန် စာတစောင် ရေးခဲ့၏။ ယင်းစာမှာ (၁) ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုက ရန်ကုန်မြို့ကို သိမ်းရန်၊ (၂) ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုက ခေါင်းဆောင်ပြီး ယာယီအမျိုးသား အစိုးရဖွဲ့ရန်၊ (၃) လက်နက်များကို ဖွက် ထားရန်၊ အချက် ၃ ချက် ပါလေသည်။ ထိုစာကို ဗိုလ်တူး သည် လျှို့ဝှက်စွာ ယူဆောင်ပြီး သွားရလေသည်" လို့ ဖော်ပြ ထားပါတယ်။

ပြည်တွင်းစစ်အတွင်း ဗိုလ်မှူးချစ်ကောင်း အဖမ်းခံ ရပြီး ကြိုးတိုက်ထဲ ရောက်နေချိန်မှာ ဒေါ်မြရီက ထောင်ဝင်စာ သွားတွေ့ပါတယ်။ "မခင်စီရေ ကျုပ်သေမယ်ဆိုရင် သေပျော် ပါပြီဗျာ။ တိုင်းပြည်အတွက် လုပ်ခဲ့ပြီးပြီပဲ။ ဒါပေမဲ့ ကျုပ် မသေချင်သေးဘူး။ ဘာဖြစ်လို့လဲဆိုရင် ကျုပ်မှာ တိုင်းပြည် အတွက် တင်ပြစရာတွေ ရှိသေးတယ်" လို့ ဗိုလ်မှူး

ချစ်ကောင်းက ဒေါ်မြရီကို ပြောပါတယ်။ တိုင်းပြည်အတွက် တတ်နိုင်သလောက် အလုပ်လုပ်သွားချင်တဲ့ သူ့ဆန္ဒကို အထင်းသား တွေ့ရပါတယ်။

ဒေါ်မြရီက သမ္မတဖြစ်နေတဲ့ မန်းဝင်းမောင်နဲ့ တွေ့တဲ့အခါ “ကိုတင် သမ္မတကြီးဖြစ်မှ ကိုတူးသေရတာမျိုး အဖြစ်မခံနိုင်ဘူး” လို့ ပြောခဲ့ပါတယ်။ အိန္ဒိယမှာ စစ်သင်တန်း အတူတက်ခဲ့၊ ဖက်ဆစ်တော်လှန်ရေးမှာ အတူတိုက်ပွဲဝင်ခဲ့ကြတဲ့ ရဲဘော်ရဲဘက်တွေကြားက သံယောဇဉ်နဲ့ သွေးစည်းချစ်ကြည်မှုက ဂုဏ်ယူစရာ၊ ကြည်နူးစရာပါ။ ဗိုလ်မှူးချစ်ကောင်းက သေဒဏ်ကနေ လွတ်မြောက်ခဲ့ပေမယ့် တိုင်းပြည်အတွက် လက်နက်ကိုင်တော်လှန်ရေးမှာ အသက်ပေးသွားပါတယ်။ အဆုံးစွန်သော စွန့်လွှတ်အနစ်နာခံမှုပြုဖို့ ပိုင်းဖြတ်ထားသူတယောက် ဆိုတာကို သူ့တော်လှန်ရေးဖြတ်သန်းမှုမှာ အထင်အရှားမြင်တွေ့နိုင်ပါတယ်။ ဗိုလ်မှူးချစ်ကောင်းဟာ တော်လှန်ရေးခရီးတဝက်မှာ ကျဆုံးသွားပေမယ့် ဂုဏ်ရောင်ပြောင်တဲ့ သူ့သမိုင်းနဲ့ တော်လှန်ရေးအမွေကို နောက်မျိုးဆက်တွေအတွက် ချန်ထားခဲ့ပါတယ်။

၁၃၊ ၉၊ ၂၀၂၀။

ရည်ညွှန်း။

သိန်းဖေမြင့်၊ “စစ်အတွင်းခရီးသည်” ၊ “မဟာမိတ်နှင့် ဗမာ့တမန်”
ဗိုလ်မှူးချစ်ကောင်း၊ “အနှစ်နှစ်ဆယ်”
ဒေါ်မြရီ (ကျောက်ဆည်)၊ “ဖက်ဆစ်တော်လှန်ရေးနှင့် တော်လှန်ရေးစိတ်ဓာတ်”
သန်းဝင်းလှိုင်၊ “ကာနယ်ချစ်ကောင်း”
Terence O’Brien (1987) The Moonlight War: The Story of Clandestine Operations in Southeast Asia, 1944-1945
Keggie Carew (2017) Dadland
Richard Duckett (2017) The Special Operations Executive (SOE) in Burma: Jungle Warfare and Intelligence Gathering in World War

# ဗမာပြည်စစ်အုပ်စုရဲ့
# ကြားနေရေးဝါဒ

ဗမာပြည်မှာ စစ်အုပ်စုအုပ်စိုးနေခဲ့တာ နှစ်ပေါင်း ၆၀ ပြည့်ခါနီးပါပြီ။ ၅၈ ခုနှစ် အာဏာသိမ်းကာလကိုပါ ထည့်တွက်လိုက်ရင် နှစ်ပေါင်း ၆၀ ကျော်ပြီလို့တောင် ဆိုနိုင်ပါတယ်။ သူတို့အာဏာအုပ်စီးထားခဲ့ကြတဲ့ ဒီကာလရှည်ကြီး တလျှောက်မှာ သူတို့တတွေက နိုင်ငံတကာရေးရာမှာ ကြားနေရေးဝါဒကို ကျင့်သုံးတယ်လို့ တလျှောက်လုံး အသံကောင်း ဟစ်ခဲ့ကြတာကိုလည်း သတိပြုမိကြမှာပါ။ နိုင်ငံတကာမြင်ကွင်းမှာ လူလိမ္မာကြီးလုပ်တာလို့ ပြောနိုင်ပါတယ်။

ဒီနေရာမှာ မေးစရာ ဖြစ်လာတာက သူတို့ ဘာလို့ဒီလိုလုပ်တာလဲ၊ လုပ်နေတာလဲ ဆိုတာပါပဲ။

ဗမာပြည်ဟာ ပထဝီအနေအထားအရ အရေးပါတဲ့နေရာမှာ တည်ရှိပါတယ်။ အာရှတိုက်မှာ အခရာကျတဲ့ နေရာတခုမှာ ရောက်နေပါတယ်။ ဒါကြောင့် နိုင်ငံကြီးတွေအားလုံးက အာရုံစိုက်ကြတယ်ဆိုတာ လူတိုင်းသိပါတယ်။ ပိုတိကျအောင် ပြောရရင် ပြင်ပအင်အားကြီးတွေက အာရုံစိုက်ကြတာနဲ့အတူ အနည်းနဲ့အများ ဆိုသလို လက်ပါကြတာတွေလည်း ရှိပါတယ်။ ဒီလိုအနေအထားမှာ ပြည်တွင်းမှာပြည်သူတွေကို ရက်ရက်စက်စက် သတ်ဖြတ်နေတဲ့ စစ်အာဏာရှင်ဘီလူးတွေဟာ နိုင်ငံတကာမှာကျတော့ အားလုံးကို မျက်နှာချိုသွေးတဲ့နည်းနဲ့ သူတို့ရဲ့သတ္တိကို ဖော်ပြနေကြပါတယ်။ ဗမာနိုင်ငံ လွတ်လပ်ရေးရချိန်လောက်ကစပြီး ပေါ်ပေါက်ခဲ့တဲ့ စစ်အေးစစ်ပွဲကာလ တလျှောက်မှာ ဗမာပြည်က အုပ်စိုးသူတွေဟာ ကြားနေရေးဝါဒဆိုတဲ့ ကြွေးကြော်သံနဲ့ နန်းတက်လာကြပြီး ဘယ်နိုင်ငံကြီး၊ စစ်အေးစစ်ပွဲရဲ့ ဘယ်ဘက်ကိုမှ မဆန့်ကျင်၊ မကန့်ကွက်ဘဲ ခွတုတ်တဲ့ ပေါ်လစီကိုသာ ကျင့်သုံးခဲ့ကြပါတယ်။ သူတို့ကျင့်သုံးတဲ့ ကြားနေရေးဆိုတာ အဲဒါပါပဲ။ ကိုယ့်အနီးအနားမှာတင် ဖြစ်ပွားနေတဲ့ အင်ဒိုချိုင်းနား – ဗီယက်နမ် စစ်ပွဲလိုဟာမျိုးကိုတောင်မှ လေသံတခွန်းမဟ၊ နှုတ်ပိတ်ရေငုံနေခဲ့ကြတာပါ။

အာဏာရှင်တွေ အဓိကအာရုံစိုက်တာဟာ တိုင်းပြည်မှာ သူတို့အာဏာ တည်မြဲရေးသာပဲ ဖြစ်ပါတယ်။ သူတို့အနေနဲ့ ပြည်တွင်း – ပြည်ပ နှစ်ဘက်ညှပ်မိမယ့် အန္တရာယ်ကို မလိုလားပါဘူး။ အဲဒီနိုင်ငံကြီးတွေက ဗမာပြည်တွင်းမှာ သူတို့လုပ်ချင်တိုင်း လုပ်နေတာတွေကို မတားဆီး၊ မဆန့်ကျင်ဖို့ဟာ ဒီအာဏာရှင်တွေအတွက် အဓိကနဲ့ အရေးအကြီးဆုံးပဲ ဖြစ်ပါတယ်။ ဒါ့အပြင် အဲဒီနိုင်ငံကြီးတွေဆီက “အထောက်အပံ့” နာမည်ခံ လက်နက်ခဲယမ်းနဲ့ ပြည်တွင်း ဖိနှိပ်ရေးယန္တရားတွေကို အလကားမတ်တင်းဈေးနဲ့ဝယ်တာ အပါအဝင် နည်းအမျိုးမျိုးနဲ့ လက်ဖြန့်ခံယူနေကြပါတယ်။ ဒီနေရာမှာ သင်းတို့တတွေ အကြီး

အကျယ် သင်ခန်းစာရခဲ့တာက ၁၉၆၇ ခုနှစ်မှာ မဆလ အစိုးရက ပြည်တွင်း ဆန်ပြတ်လပ်မှုကနေ လူထုအုံကြွမှုတွေ ဖြစ်ပေါ်လာပြီး သူတို့ပလ္လင် ယိမ်းခါလာတော့ ပြည်သူလူထုကို အာရုံလွှဲဖို့ အတွက် တရုတ် – ဗမာ အရေးအခင်းကို ဖန်တီးခဲ့တဲ့ကိစ္စပါပဲ။ အဲဒီနောက်မှာ ဗိုလ်နေဝင်းကိုယ်တိုင် ပီကင်းကို ပျာပျာသလဲပြေးပြီး တောင်းပန်ခဲ့ရတာကို သူတို့မမေ့တန်လောက်သေးပါဘူး။

အခု စစ်အေးစစ်ပွဲရဲ့ အခင်းအကျင်းဟာ ပြောင်းစပြုနေပြီလို့ ကမ္ဘာ့မီဒီယာတွေက ဆိုနေကြပါတယ်။ ဒီလိုအပြောင်းအလဲမှာ စစ်အာဏာရှင်တွေရဲ့ သဘောထား ဘယ်လိုအပြောင်းအလဲ ရှိမလဲဆိုတာ စိတ်ဝင်စားစရာပါ။ အခုအထိ မြင်နေရတာကတော့ ဘာမှ မပြောင်းလဲပါဘူး။ “ဟို ဆရာ့လည်း လေးစားပါတယ် – ဒီဆရာ့လည်း လေးစားပါတယ်”ဆိုတာမျိုးပဲ လူလိမ္မာလေး လုပ်နေတုန်းလို့ ဆိုနိုင်ပါတယ်။ ပြည်တွင်းမှာတော့ ပြည်တွင်းစစ်ကို တိုးမြှင့်၊ ဖိနှိပ်မှုတွေ ဆက်တိုက်လုပ်မြဲလုပ်နေတုန်းပါ။ သင်းတို့တတွေဟာ နိုင်ငံတကာရေးရာမှာ ကြားနေရေး အော်နေပေမယ့် ပြည်တွင်းရေးမှာတော့ သူတို့ဟာ ဘက်မလိုက်ဘဲမနေပါဘူး။ ဖိနှိပ်သူနဲ့ အဖိနှိပ်ခံတွေအကြား ပဋိပက္ခဖြစ်ပေါ်တိုင်း ဖိနှိပ်သူတွေဘက်ကချည်း လိုက်ပါကာကွယ်နေခဲ့တယ်ဆိုတာ ရှင်းနေပါတယ်။ ဒီရပ်တည်ချက်ကနေ ဘယ်တုန်းကမှ မယိမ်းယိုင် မသွေဖည်ခဲ့ဖူးပါဘူး။

ဗမာပြည်ဟာ ပထဝီအနေအထားအရ အရေးပါတဲ့နေရာမှာ တည်ရှိပါတယ်။ အာရှတိုက်မှာ အခရာကျတဲ့နေရာတခုမှာ ရောက်နေပါတယ်။

# ရွေးကောက်ပွဲနိုင်ငံရေးတခုတည်းသာ ရှိသည်မဟုတ်ပါ

ရွေးကောက်ပွဲအကြိုကာလ အသံမျိုးစုံ ပွက်ပွက်ညံလာသည်။ အရောင်မျိုးစုံ အမြင်မျိုးစုံထွက်လာသည်။

လက်တွေ့နိုင်ငံရေးတွင် ရွေးကောက်ပွဲသပိတ်မှောက်ခြင်း သို့မဟုတ် ပြည်သူကို အကျိုးရှိစေပြီး နိုင်ငံရေးအပြောင်းအလဲ ဖော်ဆောင်နိုင်မည်ဟု မျှော်လင့်ရသည့် ပါတီကို မဲထည့်ဖို့ တိုက်တွန်းနှိုးဆော်ရခြင်းမျိုးတွေ ရှိတတ်ပါသည်။ ဤလက်တွေ့နိုင်ငံရေးကို ကိုယ့်တိုင်းပြည်၏ အချိန်အခါ၊ အခြေအနေ၊ အချက်အလက်နှင့် ရန်/ငါ အင်အားအနေအထားတို့အပေါ် မူတည်၍ တွက်ချက်ရစမြဲ ဖြစ်သည်။

ယခုကျတော့ အချိန်အခါ၊ အခြေအနေ၊ အချက်အလက်တွေ ပြောင်းသွားပြီ။ ယခုရွေးကောက်ပွဲက ၂၀၀၈ နာဂစ် အခြေခံဥပဒေအောက်မှ ကျင်းပသော ကိုဗစ်ကာလ ၂၀၂၀ ရွေးကောက်ပွဲ ဖြစ်သည်။ ယခုရွေးကောက်ပွဲ၌ လူထုကို မည်သို့မည်ပုံလုပ်ပါဟု မတိုက်တွန်းလိုပါ။ ဤရွေးကောက်ပွဲ၏ လာရာ၊ လားရာနှင့် ရလဒ်တို့ကိုသာ ညွှန်ပြသင့်သည်ဟု ယူဆမိသည်။

ရွေးကောက်ပွဲနှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်းကြီး မြင်နိုင်သည့် အဓိကအချက် ၂ ချက်ကိုပဲ ပြောပါမည်။

(၁)

"ရွေးကောက်ပွဲက တက်လာရင် စစ်တပ်မျက်နှာကြည့်လုပ်ရတဲ့ အစိုးရ ဖြစ်လိမ့်မယ်"။ ဦးနုအစိုးရကို စစ်တပ်က နောက်မှကြိုးကိုင်ထားသော ခေတ်ကာလက ရွေးကောက်ပွဲအပေါ် ဗကပ သဘောထား ဖြစ်ပါသည်။ သည်ဘက်ခေတ် ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ ရဲဘော်ကြင်မောင်က စောစွာကတည်းကပင် "ဒေါ်အောင်ဆန်းစုကြည်က သူ့ပေါ်လစီကို ဘာမှ မပြောသေး။ ဒီပုတ်ထဲက ဒီပဲ – ပဲ နေမှာပဲ။ ရွေးကောက်ပွဲနဲ့ တက်လာရင် မကောင်း၊ စစ်အစိုးရလုပ်ပေးတဲ့ ရွေးကောက်ပွဲက တက်လာတာကို ဘာစိတ်ကူးယဉ်မှုမျိုးမှ မထားနဲ့" ဟု ၉၀ ခုနှစ်လောက်ကတည်းက ရှင်းရှင်းလင်းလင်း ပြောထားပြီး ဖြစ်ပါသည်။ (ယနေ့ ၂၅၊ ၇၊ ၂၀၂၀) မှာ တပ်မတော်က ၂၀၂၀ ရွေးကောက်ပွဲတွင် သူတို့တပ်တွင်း မဲရုံတချို့ကိုသာ အပြင်ထုတ်ပေးနိုင်မည်၊ ကျန်တဲ့မဲရုံတွေ တပ်တွင်းမှာပဲ ဆက်ထားရမည်ဟု ပြောလိုက်ပြီ။ ယခုရွေးကောက်ပွဲကော်မရှင်၏ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များအတိုင်း လိုက်နာပါမည်ဆိုသော သူတို့ကတိကို သူတို့ဖောက်ဖျက်ပြီ။ ရွေးကောက်ပွဲ ပွင့်လင်းမြင်သာမှုကို သူတို့ချိုးဖျက်ပြီ။ ရွေးကောက်ပွဲဖြစ်ဖြစ် ရွေးကောက်ပွဲကော်မရှင်ဖြစ်ဖြစ် သူတို့ လိုက်နာချင်တာပဲ လိုက်နာမည့်သဘော ဖြစ်သည်။ ဘာမျှ ယုံကြည်စရာ မရှိပါ။ )

သည့်နောက်ပိုင်းကာလတွင်လည်း "၂၀၀၈ အခြေခံဥပဒေအောက် ရွေးကောက်ပွဲဝင်သည်ကို မထောက်ခံ၊ လွှတ်တော်တွင်း ဝင်/ပြင် လမ်းကြောင်းကို မထောက်ခံ။ လွှတ်တော်တွင်းမှ ၂၀၀၈ နာဂစ်အခြေခံဥပဒေကို ပြင်လျှင်လည်း အောင်မြင်မယ်လို့ မထင်" ဟူ၍လည်း ပါတီ၏ စာစောင်စာတမ်းများထဲမှ ပြတ်ပြတ်သားသား တင်ပြခဲ့ပါသည်။ သို့ရာတွင် "ကျွန်တော်တို့ သဘောမတူသော်လည်း ကပျက်ယပျက်

လုပ်မည်မဟုတ်ပါ။ လစ်ဘရယ်လမ်းကြောင်း လမ်းဆုံးအောင် လျှောက်လှမ်းသည်ကို စောင့်ကြည့်ပါမည်။ ထိုင်၍ စောင့်နေမည်မဟုတ်ပါ။ လစ်ဘရယ်လမ်းကြောင်း မပေါက်လျှင် ရက်ဒီကယ်လမ်းကြောင်းဖြင့် အစားထိုးရန် ပြင်စရာရှိသည်တို့ကို ပြင်ဆင်ရင်း စောင့်ပါမည်”ဟု တင်ပြခဲ့ပါသည်။ ဤကတိအတိုင်း တည်တည်ကြည်ကြည် စောင့်ထိန်းပြီး ဂရုတစိုက် စောင့်ကြည့်နေခဲ့ပါသည်။

ယခုတော့ ဝင်/ပြင် လမ်းကြောင်း တိုးမပေါက်သည့်အပြင် ရင်ကြားစေ့ရေး လမ်းကြောင်းသည်လည်း ပူးပေါင်းရေးလမ်းကြောင်း ဖြစ်သွားခဲ့ပါပြီ။ လွှတ်တော်တွင်း ၂၀၀၈ နာဂစ်ဥပဒေ ပြင်ရေးသည်လည်း အပြီးသတ်မှာ ဗိုးဖတ်ဆိုပြီး အမှိုက်ပုံ သွားကပ်ပါသည်။ ဤသို့ မအောင်မမြင်ဖြစ်သွားချိန် လွှတ်တော်ပြင်ပ လူထုလှုပ်ရှားမှုနှင့် ပေါင်းစပ်ရန် လိုအပ်ချက်ကိုလည်း ပစ်ပစ်ခါခါ ပယ်ချထားပါသည်။ (ရုရှားတော်လှန်ရေးတွင် လီနင်က ကွန်မြူနစ်များ လွှတ်တော်တွင်းသို့ အမတ်ရွေးပွဲ ဝင်ရောက်ယှဉ်ပြိုင်စေခဲ့သည့် ကာလတခု ရှိခဲ့ဖူးပါသည်။ လွှတ်တော်တွင်းမှာ လီနင်က မြေဝေရေး အဆိုတင်ခဲ့ပါသည်။ မဲခွဲတော့ ကွန်မြူနစ်တွေ ရှုံးပါသည်။ လီနင်က ငြိမ်းချမ်းရေး အဆို တင်ပြန်တော့လည်း အမတ်အချို့က “အဖနိုင်ငံကယ်တင်ရေး”ဆိုပြီး ငြိမ်းချမ်းရေးကို ပယ်ချသည်။ လီနင်က လွှတ်တော်ကို “စကားပြောစင်တမျိုး”ဟုသာ သဘောထားခဲ့သည်။ ဤတွင် လီနင်က လွှတ်တော်ပြင်ပ စစ်တပ်ကိုသွား၍ မြေဝေရေးနှင့် ငြိမ်းချမ်းရေးအတွက် ဝါဒဖြန့်သည်။ စည်းရုံးသည်။ ဒီတော့ စစ်တပ်က လက်ခံလာပြီး (၁၀) သန်းလောက်ရှိတဲ့ စစ်တပ်ကြီးက စစ်မတိုက်တော့ဘဲ စစ်သားတွေ အိမ်ပြန်လာကြမှ မြေဝေရေးနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ကာ လီနင်တို့ အာဏာခိုင်မြဲသွားသည်။ လွှတ်တော်တွင်းလှုပ်ရှားမှုနှင့် လွှတ်တော်ပ လှုပ်ရှားမှုတို့ကို လီနင်တို့က ယင်းကဲ့သို့ ပေါင်းစပ်ဆောင်ရွက်ခဲ့သည်။) ဗမာပြည် မျက်မှောက်တွင်ကား စစ်အမတ်အစိတ်သားဖြင့် ထိန်းချုပ်ထားသော စစ်လွှတ်တော်က ၂၀၀၈ နာဂစ်ဥပဒေပုဒ်မတွေထဲက ဘာမှအရေးမပါသော စာသားတချို့နှင့် အချက်အလက် တချက်နှစ်ချက် ပြင်တာကိုပင် အပြင်မခံလို၊ အကျောက်အကန်ကာကွယ်ထားသည်။ အာဏာရပါတီကလည်း လွှတ်တော်တွင်း တိုက်ပွဲရှုံးနိမ့်ချိန် လွှတ်တော်ပ လှုပ်ရှားမှုနှင့် ချိတ်ဆက်လိုက်လျှင် စစ်တပ်ငြိုငြင်သွားမှာကို အကြောက်ကြီး ကြောက်သည်။ သည်လမ်းကို ပြတ်ပြတ်သားသား စွန့်ပယ်ထားသည်။

၂၀၀၈ နာဂစ်အခြေခံဥပဒေအောက်မှ အစိုးရတိုင်းသည် စစ်ဗျူရိုကရေစီယန္တရားနှင့် လည်ပတ်ခုတ်မောင်းနေရပြီး အနှစ်သာရအားဖြင့် စစ်အုပ်စုက ကြိုးကိုင်ခြယ်လှယ်နေသော စစ်အာဏာရှင် အစိုးရသာ ဖြစ်နေသည်။ ၂၀၀၈ နာဂစ်အခြေခံဥပဒေအောက်က ရွေးကောက်ပွဲ၊ လွှတ်တော်၊ အစိုးရ ဆိုသည်တို့သည် စစ်အာဏာရှင်စနစ် သားစဉ်မြေးဆက် အဆင်ပြေပြေအုပ်ချုပ်နိုင်ရေးအတွက် လူထုကိုလိမ်ညာလှည့်ဖြားရန် ခင်းကျင်းပြသထားသော အဆောင်အယောင်များသာ ဖြစ်သည်။ ၂၀၀၈ ဥပဒေက မွေးဖွားပေးလိုက်သော အစိုးရများသည် မျက်နှာချင်းမတူပေမယ့် စရိုက်တူ၊ အကျင့်တူ၊ သန္ဓေတူသော သားများသာဖြစ်ကြောင်း ဦးသိန်းစိန်အစိုးရနှင့် ဒီချုပ်အစိုးရတို့က သက်သေပြခဲ့ပြီ။

၂၀၀၈ နာဂစ်အခြေခံဥပဒေအောက်က ယခု ၂၀၂၀ ရွေးကောက်ပွဲမှာလည်း စစ်အုပ်စုက ခေါင်းကိုင်ဖခင်ဖြစ်သည်။ ယခင်ရွေးကောက်ပွဲများကဲ့သို့ပင် စစ်အုပ်စုက နောက်ကွယ်မှ ကြိုးကိုင်ချုပ်ထိန်းထားသော အစိုးရ(ဖအေတူသားကလေး) ကိုသာ မွေးဖွားပေးပါလိမ့်မည်။

(၂)

၂၀၁၅ ရွေးကောက်ပွဲတုန်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြွေးကြော်ခဲ့သော “အပြောင်းအလဲ”အပေါ် ပြည်သူတွေက ဟုတ်နိုးနိုး မျှော်လင့်ချက်ကြီးခဲ့သည်။ အစိုးရသက်တမ်း ၅ နှစ် ရှိသွားပြီ။ ဘာမျှ မပြောင်းလဲ။ စစ်အာဏာရှင်စနစ်က ဆက်လက်ကြီးစိုးမြဲ။ စစ်အုပ်စုဝင်တွေ စစ်ထိပ်သီး

တွေ တက်ရမည့် နိုင်ငံတကာခုံရုံးကို သူတို့ကိုယ်စား သူတို့ကို အကာအကွယ်ပေးဖို့ စစ်အုပ်စုရဲ့ တိုက်ဖော်တိုက်ဖက် သေဖော်သေဖက်အဖြစ် နိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည် ရဲရဲတင်းတင်း လှမ်းတက်သွားသည်ကို လူထုက အံ့သြတကြီး တွေ့မြင်လိုက်သည်။

အလုပ်သမားလူတန်းစားကတော့ ဒီချုပ် စတက်လျှင်တက်ချင်း စစ်ကိုင်းအလုပ်သမားသပိတ် ချိတက်မှုမှာ စတင်ပြီး အကြမ်းဖက် ဖြိုခွဲမှုကို ခံလိုက်ရသည်။ မျက်မှောက်ကိုဗစ်ကာလအထိ အလုပ်သမားသပိတ်တွေ တခြိမ်းခြိမ်း အဆက်မပြတ်ပေါ်ခဲ့သည်။ ၅ နှစ်တာကာလ အစိုးရ စင်ပေါ်တက်ချိန်မှသည် စင်ပေါ်မှ ဆင်းတော့မည့်အချိန်အထိ အလုပ်သမားကျောကုန်း တအုန်းအုန်းရိုက်သံတွေသာ ကြားနေရသည်။ အစိုးရက အလုပ်သမားနှင့် အလုပ်ရှင်ပဋိပက္ခများတွင် အလုပ်ရှင်ဘက်က ပင်းပြီး ရပ်တည်သည့် သာဓကတွေများစွာ ရှိခဲ့သည်။ ကိုဗစ် ကပ်ရောဂါကို ခုခံနေရသည့် ကာလအတွင်းမှာပင်လျှင် အလုပ်သမားတွေကို အလေးထား ထောက်ပံ့ပေးသည်ထက် အလုပ်ရှင်တွေကို ငွေကြေးအရ ပံ့ပိုး ကူညီတာကို အထင်အရှားတွေ့ရသည်။

တောင်သူလယ်သမားတွေ ကျေးလက်နေတွေ အမယ်အိုပါမကျန် လက်ထိတ်ခတ် အကြမ်းဖက် ဖမ်းဆီးအကျဉ်းချတာတွေ ရှိခဲ့သည်။ လယ်သမားတွေ လယ်မလုပ်ရဘဲ တရားရုံးသို့ အမှုရင်ဆိုင်ဖို့ သွားနေရသည်။ ထောင်ကျသည်။ သေသူလည်း သေသည်။ အစိုးရက လုပ်ငန်းရှင်ဘက်က ပင်းပြီး ဒေသခံကျေးလက်လူထုအပေါ် မတရား ဖိနှိပ်ကြောင်း လက်ပံတောင်းဒေသနည်းတူ “အောင်သပြေကျေးရွာ” က သက်သေပြသည်။ တောင်သူလယ်သမားတွေ မြေယာ မတရားသိမ်းပိုက်ခံရသည့် အမှုပေါင်းများစွာ ယခုအထိ မဖြေရှင်းနိုင်သေး။ ဒါ့အပြင် စစ်တပ်၊ စစ်အာဏာပိုင်နှင့် လုပ်ငန်းရှင်တွေက အခမ့်မြေယာလုယူသိမ်းပိုက်မှုတွေ အသစ်ထပ်မံဖြစ်ပေါ်နေသည်။ ဒီအစိုးရခေတ်မှာ မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေကြမ်းကို ဖာထေး၊ လွှတ်တော်မှာ ဆွေးနွေးပြီး ထုတ်ပြန်လိုက်ခြင်းကြောင့် တောင်ပေါ်ဒေသ တိုင်းရင်းသားပေါင်းစုံအပါအဝင် တောင်သူလယ်သမားတွေအတွက် နူရာ ဝဲစွဲ၊ လဲရာ သူခိုးထောင်းခံလိုက်ရတာမက လည်ပင်းတွေကိုပါ ကြိုးကွင်းအစွပ်ခံလိုက်ရတာ ဖြစ်သည်။

ဒီ ၅ နှစ်တာအတွင်းမှာလည်း ယခင်အစိုးရခေတ်များကဲ့သို့ပင် ကျောင်းသားသမဂ္ဂအဖွဲ့ဝင် ကျောင်းသားတွေ အများအပြား ဖမ်းဆီးအကျဉ်းချခြင်းခံရသည်။ ယခင်အစိုးရများနည်းတူ ဒီချုပ်အစိုးရကလည်း ကျောင်းသားသမဂ္ဂဆိုလျှင် ပြုံပြင်သည်။ ကိုလိုနီအစိုးရမှအစ ဖောက်ပြန်ရေးအစိုးရ အဆက်ဆက်ကဲ့သို့ပင် အုပ်စိုးသူများနှင့် ကျောင်းအာဏာပိုင်တို့၏ လက်ပါးစေ ကျောင်းသားအဖွဲ့အစည်းမျိုးကိုပဲ လိုလားသည်။ ကျောင်းသားသမဂ္ဂနှင့် စင်ပြိုင် ကျောင်းသားအဖွဲ့အစည်းများ ဖွဲ့စည်းရေးကို တွန်းအားပေးသည်။ ဒီမိုကရေစီ ပညာရေးစနစ်ကို ငြင်းပယ်ဖိနှိပ်သည်။

အစိုးရအဆက်ဆက် ပြည်တွင်းစစ်သမိုင်းတလျှောက် စစ်ဖြစ်ပွားရာ တိုင်းရင်းသားဒေသများတွင် အရပ်သားပြည်သူတွေ အသက်ပေါင်းများစွာ ဆုံးရှုံးကြရ၊ စစ်တပ်၏ သတ်ဖြတ်မှု မုဒိမ်းကျင့်မှု၊ လုယက်မှုတို့ကို ခံရသည့်နည်းတူ မျက်မှောက်အစိုးရခေတ်တွင်လည်း ဆက်လက်ခံစားနေရသည်။ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် စစ်တပ်က သဲကြီးမဲကြီး ပြည်တွင်းစစ်ကို ဆင်နွှဲသည်။ ပိုမိုထူးခြားသည်မှာ ဒေါ်အောင်ဆန်းစုကြည်က အေအေတပ်ဖွဲ့ကို အပြုတ်ချေမှုန်းခိုင်းသည်။ သမ္မတက ရခိုင်မှာ စစ်လေယာဉ် ပုံးကြဲမှုကို ခွင့်ပြုပေးသည်။ ပုံးကြဲလို့ ကျေးရွာတွေ ရွာလုံးကျွတ်မျှ မီးလောင်တာတွေ၊ ကျောင်းတွေပါမကျန် ပုံးကြဲတာတွေ၊ ဒေသခံပြည်သူတွေကို စစ်တပ်က ဖမ်းဆီးနှိပ်စက်တာတွေ၊ ကျောင်းသားကလေးငယ်ပါမချန် သတ်ဖြတ်တာတွေ၊ ကလေးမိခင်ပါမချန် မုဒိမ်းကျင့်တာတွေစသော အနိဋ္ဌာရုံ

သတင်းတွေ အင်တာနက်လိုင်းတွေ ဖြတ်တောက်ထားတဲ့ကြားက နေ့စဉ်လိုလို အဆက်မပြတ် ကြားသိနေရသည်။

စစ်အစိုးရအဆက်ဆက်ကဲ့သို့ပင် ယခု အစိုးရလက်ထက်တွင်လည်း ပြည်သူတွေအဖိနှိပ်ခံရဆဲ၊ သေကြေဒုက္ခရောက်နေကြရဆဲ၊ ဆင်းရဲငတ်ပြတ်နေကြရဆဲဖြစ်ကြောင်း အကျဉ်းသဘော ဖော်ပြလိုက်ခြင်းဖြစ်သည်။

၂၀၀၈ အခြေခံဥပဒေအောက်က ရွေးကောက်ပွဲ၊ လွှတ်တော်နှင့် အစိုးရတို့သည် အနှစ်သာရအားဖြင့် စစ်အာဏာရှင်စနစ်သာဖြစ်ကြောင်း၊ အဖိနှိပ်ခံပြည်သူများသည် စစ်အာဏာနှင့် ၂၀၀၈ အခြေခံဥပဒေအောက်မှ မလွတ်မြောက်သေးသမျှ ဆက်လက်အဖိနှိပ် ခံနေရဦးမည်ဖြစ်ကြောင်း တင်ပြခြင်းသာ ဖြစ်သည်။

ရွေးကောက်ပွဲနိုင်ငံရေးအသံတွေ သဲသဲလှုပ်နေစဉ် စစ်အုပ်စု စစ်ထိပ်သီးတွေက သူတို့၏ အိမ်တော်များထဲမှ ကြိတ်၍ ပြုံးနေကြပါလိမ့်မည်။ ရွေးကောက်ပွဲဖြင့် ၂၀၀၈ အခြေခံဥပဒေအောက် ဝင်ရေးလမ်းကြောင်းကို သူတို့ခင်းပေးထားသည်။ ဒီလမ်းအတိုင်း စည်စည်ကားကား တိုးဝှေ့လျှောက်လှမ်းလာနေသည်ကို သူတို့ဘယ်မှာ သဘောမကျဘဲ နေမည်နည်း။

၂၀၀၈ အောက် ဒီချုပ် ဒူးထောက်ဝင်ရောက် သွားခဲ့သည့်အတွက် (၈၈ အောင်သီးအောင်နှံဖြစ်တဲ့) ၁၉၉၀ ရလဒ်ပျက်ပြယ်သွားပြီး (၂၀၀၈ ခြေဥ) တရားဝင်သလို ဖြစ်သွားတာကြောင့် တိုက်ရပိုခက်သွားသည်။ နာဂစ်ဆန္ဒခံယူပွဲနဲ့ ရွေးကောက်ပွဲကြိုတင်မဲကြောင့်လည်းကောင်း၊ သန်းခေါင်စာရင်းအရ မဲပေးသူဦးရေ မသမာမှုပေါ် ပေါက်လာသောကြောင့်လည်းကောင်း၊ ၂၀၀၈ ခြေဥနဲ့ ၂၀၁၀ ရွေကောက်ပွဲရဲ့ တရားမျှတမှုအပေါ် မေးခွန်းအထုတ်ခံနေရတာ ဖြစ်သည်။

ဗမာပြည်နိုင်ငံရေးမှာ ယဉ်ကျေးမှုဓလေ့တရပ်လိုလစ်ဘရယ်တွေဆင်နွှဲနေသော ရွေးကောက်ပွဲနိုင်ငံရေး တခုတည်းသာ ရှိသည်မဟုတ်ပါ။ စစ်အာဏာရှင်စနစ်၏ ရက်စက်ကြမ်းကြုတ်သော ဖိနှိပ်မှုကို ခေါင်းငုံ့မခံဘဲ တွန်းလှန်တိုက်ပွဲဝင်နေကြသော လူထုနိုင်ငံရေးတိုက်ပွဲတွေလည်း ရှိပါသည်။ ဒီနေ့အထိ အလုပ်သမားတိုက်ပွဲတွေ ဆက်ဖြစ်နေပါသည်။ တပြည်လုံးတွင် စစ်အုပ်စု၏ လက်ကိုင်တုတ် စစ်တပ်ကို ခုခံဆန့်ကျင်တိုက်ပွဲဝင်နေကြသော တိုင်းရင်းသားပြည်သူတွေ၏ လက်နက်ကိုင် တိုက်ပွဲတွေ ရှိနေပါသည်။ ၇ ရက် ဇူလိုင် အထိမ်းအမှတ်နေ့တွင် သွေးကြွေးကို မမေ့ဖို့ လမ်းတွေပေါ် စာရေးပြီး နှိုးဆော်သော ကျောင်းသားများ၏ စာလုံးကြီး ပိုစတာ လှုပ်ရှားမှု ရှိခဲ့ပါသည်။ အရပ်သားများအား စစ်တပ်က ရက်စက်စွာ သတ်ဖြတ်မှုကို ဆန့်ကျင်ကန့်ကွက်သော ကျောက်မဲလူထု၏ စီတန်းလှည့်လည် ဆန္ဒပြမှုသည်လည်း ရွေးကောက်ပွဲအကြိုကာလမှာပင်လျှင် ဖြစ်ပေါ်လာနေပါသည်။

တချိန်တည်းတွင် ကမ္ဘာတဝန်းတွင်လည်း ဖောက်ပြန်သော အစိုးရတို့၏ လူမျိုးခွဲခြားမှု၊ အသားအရောင်ခွဲခြားမှုနှင့် မတရားဖိနှိပ်အုပ်စိုးမှုတို့ကို တွန်းလှန်ကန့်ကွက် ဆန္ဒပြကြသော လူထုလှုပ်ရှားမှုတွေ ပိုမိုကျယ်ပြန့်စွာ ဖြစ်ပေါ်လာနေပါသည်။

ဤအချိန်တွင် ရွေးကောက်ပွဲလမ်းကြောင်း၊ ဝင်ပြင်လမ်းကြောင်း၊ စစ်အာဏာနှင့် ပူးပေါင်းရေးလမ်းကြောင်းတို့သည် လက်တွေ့အရ မှားယွင်းကြောင်း ဖော်ထုတ်ပြီး အုပ်စိုးသူများ၏ မတရားဖိနှိပ်မှုများကို ပြည်သူတွေက ပြတ်ပြတ်သားသား ခုခံဆန့်ကျင်သော၊ တိုက်ပွဲဝင်သော၊ တော်လှန်သော လမ်းကြောင်းကို ညွှန်ပြပေးရပါမည်။ တော်လှန်သော အတွေးအခေါ်ကို ပြည်သူလူထုကြီးတရပ်လုံးက ဆုပ်ကိုင်မိသောအခါ ကြီးမားသော အင်အားတရပ် ဖြစ်တည်လာပြီး မိုးမြေကို မှောက်လှန်လိုက်သလို တကယ့်အပြောင်းအလဲကြီးတရပ်ကို ဖန်တီးနိုင်ပေလိမ့်မည်။ ၂၀၀၈ အခြေခံဥပဒေအောက်ရှိ စစ်အစိုးရ၏ လိမ်ညာမှု မှိုင်းအမျိုးမျိုးမှ ဖောက်ထွက်ချိုးတက်ရန် ပြည်သူလူထုကြီးက တစတစတောင်းဆိုလာနေပြီ။

# ကျောင်းဒကာ

လက်နက်ကိုင်တော်လှန်ရေးထဲ ရောက်စတွင် ကျွန်တော်သည် မိတ်ဆွေလူမျိုးစု လက်နက်ကိုင်အဖွဲ့ တဖွဲ့ထဲမှာ နေခဲ့ရကာ ထိုအဖွဲ့မှ ခေါင်းဆောင်များနှင့်အတူ သူတို့၏ စည်းရုံးရေးနယ်မြေ၊ ရွာကြီး၊ ရွာငယ်များသို့ ရောက်ဖူးခဲ့သည်။ ထိုလူမျိုးစုသည် ဘာသာရေးကိုင်းရှိုင်းသော လူမျိုးစုဖြစ်ဟန် တူပါသည်။ ဥပုသ်နေ့များတွင် ဘုန်းကြီးကျောင်းသို့ ရွာရှိ လူကုန်ပင် လှူဖွယ်ပစ္စည်း၊ ဆွမ်း၊ ပန်း၊ ဖယောင်းတိုင် အမွှေးတိုင်များဖြင့် သွားရောက်ကြပြီး သီလယူကြသည်။ ဘုန်းကြီးကျောင်းများသည် ရွာကြီးများမှာဆိုလျှင် ကြီးကျယ်ခမ်းနားပြီး ရွှေရောင်၊ မှန်ရောင် တဖိတ်ဖိတ် တောက်နေကြသည်။ ရွာလတ်၊ ရွာငယ်များမှာပင် ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်ဒေသ ကျေးရွာကျောင်းများထက် များစွာကြီးသော ကျောင်းများကို တွေ့ရသည်။

ဤသို့တွေ့ရခြင်းသည် ထိုမိတ်ဆွေ လူမျိုးစုအဖွဲ့အစည်းမှ ကေဒါများက ကျေးရွာများသို့ရောက်တိုင်း (ရန်သူ့တပ် လှုပ်ရှားမှုနှင့် ဝေးလျှင်) ဘုန်းကြီးကျောင်းများသို့ မပျက်မကွက် ဝင်ရောက်ကာ၊ ကျောင်းထိုင်ဆရာတော်များအား ဝတ်ဖြည့် ကန်တော့ခြင်း၊ စကားစမြည် ပြောဆိုလျှောက်ထားခြင်း ပြုကြသောကြောင့်ဖြစ်သည်။ ရွာလူထုကို စည်းရုံးရာတွင် ရွာ၏ ဘုန်းကြီး၊ ရဟန်းများကို စည်းရုံးရေးသည် မရှိမဖြစ်လိုအပ်သည်ဟု ဆိုကြပါသည်။ လက်နက်ကိုင်တော်လှန်ရေးထဲရောက်စ ကျွန်တော့်အဖို့ သင်ခန်းစာတခုအဖြစ် မှတ်ယူခဲ့ပါသည်။ တာဝန်ကျရာ ပါတီနယ်မြေသို့ ရောက်ပြီး၊ ရှေ့တန်းနယ်မြေသို့ စည်းရုံးရေးဆင်းရသောအခါတွင် ထိုသင်ခန်းစာကို ကျွန်တော်လက်တွေ့ ကျင့်သုံးခဲ့ပါသည်။

ပါတီ၏ မြို့နယ်တပ်များ လှုပ်ရှားရာ ရှေ့တန်းနယ်မြေသို့ ကျွန်တော်ဆင်းရသောအခါတွင် တပ်ဖွဲ့များနှင့် မတွေ့မီမှာ မြို့နှင့် အလွန်အလှမ်းကွာပြီး၊ ရန်သူ့တပ်များ အရောက်အပေါက်နည်းသော ရွာလေးတရွာရှိ ဘုန်းကြီးကျောင်းတကျောင်းတွင် လုံခြုံစိတ်ချစွာ တည်းခိုခွင့်ရခဲ့ပါသည်။ ကျောင်းတွင် ကျောင်းထိုင်ဆရာတော်မှလွဲ၍ ဦးပဉ္စင်း၊ ကိုရင်တို့ မရှိ။ ဘုန်းကြီးကျောင်းသား နှစ်ယောက်သာ ရှိပါသည်။ ဤနယ်မြေသည် ရန်ကုန်နှင့် အလွန် အလှမ်းဝေးလှသော်လည်း ဆရာတော်သည် ရန်ကုန်ရှိ စာသင်တိုက် တတိုက်မှာ နှစ်များစွာ သီတင်း သုံးခဲ့ဖူး သော ပုဂ္ဂိုလ်ဖြစ်နေပါသည်။ ထို့ပြင်၊ လောကီစာပေများကို လေ့လာလိုက်စားခဲ့သူလည်း ဖြစ်သည်။ ထိုအချိန်က နာမည်ကြီးခဲ့သော စာရေးဆရာများဖြစ်သည့် ဗန်းမော်တင်အောင်၊ တက္ကသိုလ်ဘုန်းနိုင်စသည့် စာရေးဆရာများ၏ ဝတ္ထုစာအုပ်အတော်များများကို ဖတ်ခဲ့ဖူးသည့်အပြင်၊ မော်စီတုန်း၏ ကျမ်းများကိုပင် ဖတ်ဖူးကြောင်း သိရသဖြင့် ကျွန်တော်သည် ဆရာတော်နှင့် စာပေအကြောင်း၊ နိုင်ငံရေး အကြောင်းတို့ကို အတော်များများ ဆွေးနွေးပြောဆိုဖြစ်ခဲ့ပါသည်။

ဆရာတော်က သူသည် သာသနာပြုရေးအတွက် ဤနယ်စွန်နယ်ဖျား ဒေသသို့ ထွက်လာခဲ့ခြင်း ဖြစ်သည်ဟု အမိန့်ရှိပါသည်။ ဤနယ်မြေရှိ အစွန်အဖျား ကျေးရွာများသည် ဆင်းရဲကြသဖြင့် အချို့ ကျေးရွာများမှာ ဘုန်းကြီးကျောင်းများ မရှိကြ။ ရှိသော ဘုန်းကြီးကျောင်းများသည်လည်း ယိုယွင်းပျက်စီးနေကြကာ၊ ကျေးရွာအနေနှင့် ပြင်ဆင်ပေးရန် အလှူငွေ အလုံအလောက် မတတ်နိုင်ကြသဖြင့် ပါတီ

အနေနှင့် လိုအပ်သော အလှူငွေများကို ထည့်ဝင်ပေးရန်နှင့် ကျောင်းမရှိသော ကျေးရွာများတွင် ကျောင်းဆောက်လုပ်လှူဒါန်းပေးရန်လည်း မေတ္တာရပ်ခံပါသည်။

နယ်မြေထဲမှာ လှုပ်ရှားနေသော တပ်ဖွဲ့နှင့် ဆုံပြီး နောက်တွင် ကျေးရွာများသို့ တပ်ဖွဲ့နှင့်အတူ ကျွန်တော်လှည့်လည်ခဲ့ပါသည်။ အစွန်အဖျားကျသော ကျေးရွာတရွာတွင် ကျောင်းတကျောင်းသည် တဆောင်တည်းသော အဆောက်အဦအဖြစ် ယာယီသဘောလောက်သာ ဆောက်ထားကြောင်း တွေ့ရသည်တွင်၊ ကျောင်းထိုင်ဆရာတော်အား ကျောင်းနှင့်ပတ်သက်၍ ကျွန်တော်လျှောက်ထားမေးမြန်းခဲ့ပါသည်။ ဆရာတော်က – မူလကျောင်းဆောင် ယိုင်နဲ့ပြိုကျသွားသောကြောင့် ကျေးရွာသားများက အရေးပေါ်အဖြစ် ယာယီကျောင်းဆောင် ဆောက်ထားပေးခြင်းဖြစ်ကြောင်း၊ ပါတီ (မြို့နယ်ကော်မတီ) က နွေပေါက်လာလျှင် ကျောင်းဆောက်လှူဒါန်းပေးမည်ဖြစ်ကြောင်း အမိန့်ရှိပါသည် (နွေရာသီတွင် ထိုရွာသို့ ကျွန်တော်ရောက်သော အခါတွင် ကျောင်းက ဆောက်လုပ် ပြီးစီးနေနှင့်ပြီး၍ သံဃာတော်များ သီတင်းသုံးနေကြကြောင်း တွေ့ရပါသည်။ ကျောင်းရေစက်ချပွဲကို ကျွန်တော် မကြုံလိုက်ပါ)။ မြို့နယ်တပ်မှူးအား ကျွန်တော်မေးမြန်းကြည့်ရာ၊ ကျောင်းဆောက်ရန်အတွက် တောထဲမှ သစ်များကို ခွဲပေးရန် လွှသမားများအား စရန်ငွေပေးပြီး ဖြစ်ကြောင်း၊ သစ်များကို သယ်ယူရာတွင်လည်း မဝေးလှကြောင်း၊ မိုးအကုန်တွင် လိုအပ်သော သစ်များစုံသလောက်ရှိလျှင်၊ ကျောင်းကို စတင်ဆောက်လုပ်ရန် လက်သမားများနှင့်လည်း စကားပြောထားပြီးဖြစ်ကြောင်း ပြောပြပါသည်။

ကျောင်းတွင် ကျောင်းထိုင်ဆရာတော်၊ ဦးပဥ္စင်း တပါး၊ ကိုရင်တပါးနှင့် ကျောင်းသားနှစ်ယောက်သာ ရှိပါသည်။ ကျေးရွာက အိမ်ခြေ (၆၀) ခန့်သာ ရှိပြီး၊ ရွာသားအများစုသည် ရာဘာခြံအလုပ်သမားများဖြစ်သည်။ အချို့က တောင်ယာလုပ်ခြင်း အမဲလိုက်ခြင်း၊ အခြားရွာများရှိ ဥယျာဉ်များတွင် ပေါင်းသင်၊ မြက်ခုတ် နေ့စားလုပ်ခြင်းအားဖြင့် အသက်မွေးကြသူများ ဖြစ်သည်။ အသက်ရှင် ရပ်တည်ရေး အတွက်ပင် အနိုင်နိုင်ဖြစ်နေကြကာ၊ ဘုန်းကြီးကျောင်း အတွက် ဆွမ်း၊ ကျောင်း၊ ဆေး၊ သင်္ကန်းတည်းဟူသော ပစ္စည်းလေးပါးအနက် တန်ဖိုးအကြီးဆုံးဖြစ်သော ကျောင်း အတွက် လှူဒါန်းရန်မတတ်နိုင်ကြသဖြင့်၊ ပါတီက လှူဒါန်းရန် စီစဉ်ထားခြင်း ဖြစ်သည်။ ထို့ပြင် ပါတီက အခြား ကျေးရွာ အချို့တွင်လည်း ဘုန်းကြီးကျောင်းများ ဆောက်လုပ်လှူဒါန်း ထားကြောင်း သိရပါသည်။

ကျွန်တော်စာဖတ်တတ်စ မူလတန်းကျောင်းသား အရွယ်လောက်က 'ဓမ္မန္တရာယ်' ဟူသော စာစောင်တစောင်ကို အိမ်တိုင်းလိုလိုမှာ တွေ့ဖူးခဲ့သည် (တကယ်တော့ ထိုစဉ်က အာဏာရှိခဲ့သော ဖ ဆ ပ လ အစိုးရက ပြည်သူလူထုအား မဖြစ်မနေ တက်ရောက်စေသော 'ဓမ္မန္တရာယ် ရှုတ်ချပွဲ' ဆိုသည်ကို ကျင်းပကာ၊ တက်ရောက်သူတိုင်းအား ဝေပေးသော စာစောင်ဖြစ်သည်)။ စေတီဘုရားပုံတော်က မျက်နှာဖုံးအပြည့်ဖြစ်ပြီး၊ လက်ယာဘက်၊ အောက်နားတွင် လူတယောက်က အခြားသူတယောက်အား ဘုရားဆီ လက်ညှိုးထိုးပြနေသော ကာတွန်းပုံတပုံပါသည်။ ဘုရားပုံတော်ပါသဖြင့် အချို့အိမ်များက အိမ်ခေါင်းရင်းဘက် ထရံတွင် ထိုစာအုပ်ကို ကပ်ထားကြသည်။ ကျွန်တော်တို့အိမ်၌မူ ကျွန်တော့်အဖေက ထိုစာအုပ်ကို သူ့စာအုပ်ပုံလေးထဲရှိ အခြားစာအုပ်များကြားတွင် ထားသည်။ ကျွန်တော် အလယ်တန်းကျောင်းသား အရွယ်ရောက်မှသာ ထိုစာအုပ်ကို ဟိုလှန် သည်လှန် ဖတ်မိသည်။ စာအုပ်မျက်နှာဖုံးပါ ဘုရားသည် ရွှေတိဂုံဘုရားဖြစ်ကြောင်း၊ ကာတွန်းပုံထဲက လက်ညှိုးထိုးပြနေသူကို သခင်သန်းထွန်းအဖြစ် ရည်ညွှန်းထားကြောင်း သိရပါသည်။

ထိုစဉ်က ကျွန်တော်သည် သခင်သန်းထွန်းအကြောင်းကိုသော်လည်းကောင်း၊ စာအုပ်ထဲတွင် မကြာခဏ ရည်ညွှန်းရေးသော နစ်ဖြူ (ဗမာပြည်ကွန်မြူနစ်ပါတီ) နှင့် နစ်နီ (အလံ

နီကွန်မြူနစ်ပါတီ) တို့ အကြောင်းကိုသော်လည်းကောင်း ဘာတခုမှ မသိပါ။ စာအုပ်တအုပ်လုံးမှာ ရေးသားထားသည်များကို ခြုံငုံ၍ နားလည်မိသည်ကား ကွန်မြူနစ်များသည် ဘာသာရေး (ဗုဒ္ဓဘာသာ) ၏ ရန်သူဖြစ်ကြောင်း၊ ကွန်မြူနစ်များက ဘာသာရေးကို ဆန့်ကျင်ကြောင်း၊ ဘုရားဆင်းတုတော်များကိုပင် ဖျက်ဆီးကြောင်းပင် ဖြစ်သည်။ ဘုန်းကြီးများနှင့် လမ်းမှာဆုံမိလျှင်ပင်၊ အဖေနှင့်အတူ လမ်းဘေးဆင်း၍ ရှိခိုးရသော ကျွန်တော်သည် ထို နစ်ဖြူ၊ နစ်နီဟုခေါ်သော ကွန်မြူနစ်များကို လူမဟုတ်သော ကြောက်စရာသတ္တဝါများဟု ထင်ခဲ့မိပါသည်။ တူ၊ တံစဉ် အမှတ်အသားကိုလည်း တူနှင့် တံစဉ် ပေါင်းစပ်ထားခြင်းအဖြစ် မမြင်ဘဲ ကြောက်စရာကြီးတခုအဖြစ် မြင်မိပါသည် ကျွန်တော် အထက်တန်း ကျောင်းသားအရွယ် ရောက်မှသာ ကျောင်းသားခေါင်းဆောင်တယောက်၏ ရှင်းပြချက်အရ ထိုအမှတ်အသားသည် တူနှင့် တံစဉ် ပေါင်းစပ်ထားခြင်းဖြစ်ကြောင်း၊၊ အလုပ်သမားနှင့် လယ်သမားလူတန်းစားတို့ကို ကိုယ်စားပြုကြောင်း သိရပါသည်။ အလုပ်သမား၊ လယ်သမား၊ ဆင်းရဲသားများအတွက် လုပ်နေသော ကွန်မြူနစ်များက ဘာသာရေးကို ဆန့်ကျင်ကြောင်းနှင့် ဘုရားဆင်းတုတော်များကို ဖျက်ဆီးကြောင်းကို ထိုစာစောင်ထဲမှာ ဘာကြောင့်ရေးသားသလဲ ဆိုသည်ကိုတော့ ကျွန်တော်နားမလည်ခဲ့ပါ။ ထိုစာစောင်၏ ရိုက်ခတ်မှုက ကျွန်တော့်အပေါ်မှာ တာရှည်သက်ရောက်နေခဲ့သည်။ အရွယ်ရောက်ချိန်တွင် မာ့က်စ်ဝါဒကို ကျွန်တော်လေ့လာ၍ အားရကျေနပ်စွာ ယုံကြည်လက်ခံနေသည့် တချိန်တည်းမှာပင် "ငါကွန်မြူနစ်ဖြစ်သွားပြီလား" ဟူသော စိုးရိမ်စိတ် ဖြစ်ပေါ်မိပါသည်။ အကြောင်းမှာ ကွန်မြူနစ်များသည် မိစ္ဆာဒိဋ္ဌိများဖြစ်သည်ဟူသော အစွဲကြောင့်ဖြစ်ပါသည်။ နေ့စဉ်ဖြတ်သန်းနေရသော လူတန်းစားပဋိပက္ခနှင့် လူတန်းစားတိုက်ပွဲကြောင့်သာ ထို 'ဓမ္မန္တရာယ်' စာစောင်မှနေ၍ ဖြစ်ပေါ်ခဲ့သော အစွဲအလန်းများ ပျောက်သွားခဲ့ခြင်း ဖြစ်ပါသည်။ တကယ်တော့ အုပ်စိုးသူလူတန်းစား၏ ကွန်မြူနစ်ဆန့်ကျင်ရေး မှိုင်းတိုက်မှုသည် သင်းတို့၏ ဖိနှိပ်မှုကြောင့် ဖြစ်ပေါ်လာရသော လူတန်းစားအသိ၊ လူတန်းစားအမုန်းကို မချေဖျက်နိုင်ပါ။

ခုတော့ ဘုန်းကြီးကျောင်း၊ ရဟန်းသံဃာနှင့် ဘုရားပုထိုးစေတီများမရှိနိုင်ဟု ကျွန်တော်ငယ်စဉ်က ထင်ခဲ့သည်နှင့် ဆန့်ကျင်စွာပင်၊ ကွန်မြူနစ်နယ်မြေတွင် ကွန်မြူနစ်ပါတီက ဘုန်းကြီးကျောင်းများကို ဆောက်လုပ် လှူဒါန်းသည်ကို အံ့သြစွာ တွေ့ရပါသည်။ 'ဓမ္မန္တရာယ်' စာစောင်၏ အာဘော်အရဆိုလျှင် ဘုန်းကြီး၊ ရဟန်းများသည် ကွန်မြူနစ်ဟု အသံကြားရုံမျှနှင့်ပင် ထွက်ပြေးကြရန်ရှိပါသည်။ ကွန်မြူနစ်ပါတီဝင်ဖြစ်သော ကျွန်တော်နှင့် အခြားပါတီရဲဘော်များသည် ရွာသူရွာသားများနည်းတူပင် ရဟန်းသံဃာများအား ရိုသေစွာ ရှိခိုးခြင်း၊ စကားစမြည်ပြောဆိုလျှောက်ထားခြင်းပြုကြကာ၊ ရဟန်းသံဃာများကလည်း ကျွန်တော်တို့ ကွန်မြူနစ်များအား မိစ္ဆာဒိဋ္ဌိများအဖြစ်၊ ရွာသားများနှင့် ခွဲခြားဆက်ဆံခြင်း မပြုကြသည့်အပြင် တောတွင်းလက်နက်ကိုင်များအဖြစ် ရွံ့ခြင်း၊ ကြောက်ခြင်းလည်း မရှိကြကြောင်း တွေ့ရပါသည်။

ကျွန်တော်သည် ကျေးရွာများသို့ရောက်တိုင်း၊ အခွင့်သာလျှင် (နယ်မြေအခြေအနေအေးချမ်းလျှင်)၊ ဘုန်းကြီးကျောင်းသို့တက်ပြီး၊ ကျောင်းထိုင်ဆရာတော်၊ ခန်းနေဦးပဉ္စင်းတို့ကို ဝတ်ပြုရှိခိုးခြင်း၊ စကားစမြည် ပြောဆိုလျှောက်ထားခြင်းပြုခဲ့ပါသည်။ ဤသို့ဖြင့် ပါတီနယ်မြေတွင်းရှိ ရဟန်းသံဃာအတော်များများနှင့် သိကျွမ်း၊ ရင်းနှီး ခဲ့ပါသည်။ ခရီးဝေးသွားခြင်း၊ ဆေးဝါးဝယ်ခြင်းစသည့် ကိစ္စများအတွက် ဝတ္ထု (ငွေကြေး) လိုသော ဆရာတော်များက အလှူခံလျှင်၊ ကျွန်တော်အပါအဝင် ပါတီကေဒါများက ပါတီကိုယ်စား ထောက်ပံ့လှူဒါန်းခဲ့ပါသည်။ သံဃာတော်များကလည်း ပါတီအား တတ်နိုင်သည့်ဘက်မှနေ၍ အကူအညီပေးကြပါသည်။ ကျွန်တော်တို့၏ ခြေကုပ်စခန်းနှင့် အလုပ်မဝေး

သော ကျေးရွာမှ ကျောင်းထိုင်ဆရာတော် တပါးဆိုလျှင်၊ အခွန်ကောက်ချိန်တွင်၊ ထိုရွာမှ အခွန်ငွေကို သူကိုယ်တိုင် ကောက်ပြီး၊ ကျွန်တော်တို့ထံသို့ စာရင်းနှင့်တကွ ပို့ပေးလေ့ရှိသည်။ ဖိလစ်ပိုင် ကွန်မြူနစ်ပါတီ (CPP-NPA) ကို ထိုတိုင်းပြည်မှ လူများစုကိုးကွယ်သော ရိုမန်ကက်သလစ် ဘာသာ၏ ဘုန်းကြီးများက ထောက်ခံအားပေးခြင်းကို ကျွန်တော် အမှတ်ရမိပါသည်။

သံဃာတော်များ၏ ကျွန်တော်တို့အပေါ် ထားရှိသော မေတ္တာနှင့်ပတ်သက်၍ ကျွန်တော် ယနေ့ထိတိုင် မမေ့နိုင်သော ဖြစ်ရပ်တခုရှိခဲ့ပါသည်။

တခါက မြို့နယ်တပ်များထဲမှ ထုတ်နုတ်အင်အား စုစုပေါင်း လူ (၇၀) ခန့်ပါသော စစ်ကြောင်းကို ခရိုင်တပ်မှူးကြီး ကိုယ်တိုင်ဦးစီးကာ ပါတီ၏ အခြေခံနယ်မြေထဲမှာ လှည့်လည်ခဲ့သည်။ တနေ့၊ ညနေမိုးချုပ်ချိန်တွင် ကျွန်တော်တို့ စစ်ကြောင်းသည် ရန်သူ့တပ်စခန်းတခုရှိရာ ရွာအနီးရှိ ရွာတရွာသို့ ရောက်သည်။ ရွာထဲမှာ ခဏနားပြီး၊ ကျွန်တော်တို့ ပြန်ထွက်လာခဲ့သည်။ ကျွန်တော်တို့ ထွက်ထွက်ချင်းပင်၊ ရန်သူက လက်နက်ကြီး၊ လက်နက်ငယ်များကို တဒိန်းဒိန်း၊ တဒိုင်းဒိုင်း ပစ်ဖေါက်တော့သည်။ တကယ်တော့ ကျွန်တော်တို့အား ပစ်ခတ်ခြင်း မဟုတ်ပါ။ ရန်သူကျွန်တော်တို့ စစ်ကြောင်း၏ အင်အားကို (၁၀၀) ကျော်ဟု ခန့်မှန်းကာ၊ ကြောက်ဒူးတုန်ပြီး သေနတ်သံပေးခြင်းပင် ဖြစ်သည် (ရန်သူ့စစ်သားများသည် သူတို့စခန်းအနီးပတ်ဝန်းကျင်မှာ သူတို့ထက် အင်အားကြီးသော ရန်သူရှိနေသည်ဟု သတင်းရလျှင်၊ ဤသို့ လက်နက်ကြီး၊ လက်နက်ငယ်သံများပေးကာ၊ ကြောက်စိတ်ဖြေတတ်ကြောင်း ကျွန်တော့်တို့၏ အတွေ့အကြုံအရ ကောင်းစွာသိပြီးဖြစ်ပါသည်။) ထိုညက သန်းခေါင်ကျော်အချိန် အထိပင်၊ ရန်သူက လက်နက်ကြီးများကို ပစ်ဖေါက်ခဲ့သည်။ နောက်နေ့ နံက်၊ ထမင်းတည်စားပြီးနောက်၊ ခရီးဆက်ခဲ့ရာ၊ ကျွန်တော်တို့ ခြေကုပ်စခန်းအနီးရှိ၊ ဘုန်းကြီးကျောင်းသို့ ရောက်ပြီး စခန်းချ အနားယူကြသည်။ ကျောင်းပေါ်တက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးရာ၌၊ ဆရာတော်က – ညက လက်နက်ကြီးသံများ ကြားရ၍ တိုက်ပွဲအကြီးအကျယ် ဖြစ်သည်ဟု ထင်ကြောင်း၊ ကျွန်တော်တို့ တတွေ ဘေးကင်းကြပါစေဟု တညလုံး ဆုတောင်းပေးနေခဲ့ကြောင်း၊ ယခု ကျွန်တော်တို့ ဘေးမသီရန်မခဘဲ ပြန်ရောက်လာသည်ကို တွေ့ရမှ စိတ်အေးရကြောင်းအမိန့်ရှိပါသည်။

တနေ့တွင် ကျွန်တော်နှင့် အထူးရင်းနှီးသော ကျောင်းထိုင်ဆရာတော်တပါးက ပါတီလှူဒါန်းသော ကျောင်းသစ် တကျောင်း၏ ရေစက်ချပွဲသို့ ကျွန်တော့်အား တက်ရောက်စေလိုကြောင်း အမိန့်ရှိပါသည်။ ဘုန်းကြီးကျောင်း မရှိသော ရွာလေးတရွာအတွက် မြို့နယ်ကော်မတီက ကျောင်းဆောက်ပေးပြီး၊ ကျောင်းထိုင်မည့် ဆရာတော် ဘုန်းကြီးတပါးကို မြို့ပေါ်ရှိ ဂိုဏ်းချုပ်ဆရာတော်က ခန့်အပ်ပေးမည်ဖြစ်ပါသည်။ ထိုရွာလေးသည် အိမ်ခြေ (၂၀) ခန့်သာရှိသော ရွာသိမ်ရွာငယ်လေးဖြစ်ပြီး၊ ရွာဟုဆိုသော်လည်း အိမ်များက တအိမ်နှင့်တအိမ် တခေါ်လောက် ဝေးသည့် အပြင် တောင်ကုန်းများခြားနေတတ်သော တောင်ယာတဲများ ဖြစ်သည်။ ဗုဒ္ဓဘာသာ ပိုးကရင်လူမျိုးများ ဖြစ်သော်လည်း ဘုန်းကြီးကျောင်း မရှိသဖြင့်၊ နာရေးအတွက်ပင် သရဏဂုံတင်ပေးမည့် သံဃာများကို ပင့်ဆောင်ရန် အလွန်အခက်တွေ့ခဲ့သည်။ သို့ဖြစ်ရာ ရွာသူရွာသားများက သူတို့ရွာမှာ ဘုန်းကြီးကျောင်းတကျောင်း ထားရှိပြီး ကိုးကွယ်လိုကြသည်။ သို့ရာတွင် ဆင်းရဲသူ ဆင်းရဲသားများဖြစ်ကြရာ၊ ဤကိစ္စအတွက် မစွမ်းဆောင်နိုင်ကြချေ။ ဤအခြေအနေကို နားလည်ထောက်ထားသောအားဖြင့် မြို့နယ်ကော်မတီက ရွာလူကြီး အပါအဝင် ရွာသားများနှင့် တိုင်ပင်ပြီး၊ ကျောင်းတကျောင်း တည်ထောင်ပေးရန် စီစဉ်ခဲ့ခြင်း ဖြစ်သည်။

ကျောင်းရေစက်ချပွဲသို့ မြို့ပေါ်မှ ဂိုဏ်းချုပ်ဆရာတော်ကိုယ်တိုင် ကြွရောက်ပြီး ရေစက်ချပေးခဲ့သည်။ ပထမ

တွင် ဂိုဏ်းချုပ်ဆရာတော်က သူတခါမှ မရောက်ဖူးသော နယ်စွန်နယ်ဖျားလည်း ဖြစ်သည်ကတကြောင်း၊ ကွန်မြူနစ်သူပုန်များကို ကြောက်သည်ကလည်း တကြောင်းကြောင့် ရေစက်ချ အလှူပွဲသို့ ကြွရောက်ရန် ဝန်လေးနေခဲ့သည်။ ကျွန်တော်တို့နှင့် ရင်းနှီးသော ကျောင်းထိုင်ဆရာတော်များက ကျွန်တော်တို့ ပါတီ၏ သဘောထားနှင့် ကျွန်တော်တို့ ပါတီကေဒါများသည် ရိုင်းစိုင်းကြမ်းတမ်းသူများ မဟုတ်ကြောင်းနှင့် လုံခြုံရေးအတွက် အာမခံကြောင်း ရှင်းပြလျှောက်ထားပြီး၊ ဝိုင်းဝန်းအားပေး တိုက်တွန်းမှသာ ကြွရောက်လာမည်ဟု ကတိပေးခဲ့ကြောင်း သိရပါသည်။

ကျောင်းရေစက်ချပွဲ အကြိုနေ့ ညနေတွင် ကျွန်တော်တို့၏ တပ်ဖွဲ့ကို ကျောင်းနှင့် အတန်ငယ်ဝေးသော တောထဲမှာ စခန်းချစေပြီး၊ မည်သည့်ရဲဘော်မှ ကျောင်းအနီးသို့ လက်နက်ကိုင်၊ ယူနီဖေါင်းဝတ်လျက် မသွားစေရဘဲ၊ ကျောင်းအလှူပွဲသို့ အရပ်ဝတ်ဖြင့်သာ အလှည့်ကျ သွားစေပါသည်။

အရပ်ဝတ် ဝတ်ထားသော ကျွန်တော်တို့ ပါတီကေဒါများက ဂိုဏ်းချုပ်ဆရာတော်လိုက်ပါလာမည့် စက်လှေကို ကျောင်းအနီးရှိ၊ လှေဆိပ်တွင် နယ်ခံကျောင်းထိုင်ဆရာတော်များ၊ ရွာလူကြီးများနှင့်အတူ စောင့်ကြိုနေကြသည်။ ဂိုဏ်းချုပ် ဆရာတော်ကြီး၊ လှေပေါ်မှ ကုန်းပေါ်သို့ တက်တက်ချင်းပင်၊ ဆီးကြိုနေသူများကို လှမ်းကြည့်လိုက်ရာ၊ ကျွန်တော်တို့ရဲဘော်များကို မြင်သွားပြီး၊ ကျွန်တော်တို့မှန်းရိပ်မိသွားဟန်တူပါသည်။ စိုးရိမ်ထိတ်လန့်ပုံဖြင့် မျက်နှာပျက်သွားပါသည်။ ကျွန်တော်တို့က ချက်ချင်းဆိုသလို ဖိနပ်ချွတ်၊ ကိုယ်ကို ကိုင်းညွှတ်ပြီး၊ လက်အုပ်ချီလိုက်တော့မှသာ စိုးရိမ်ထိတ်လန့်ဟန် ပျောက်သွားပါသည်။ ဂိုဏ်းချုပ်ဆရာတော်ကြီးက သံဃာအချို့နှင့် ဒကာ၊ ဒကာမအချို့ လိုက်ပါလျက် ကျောင်းပေါ်သို့ ကြွပြီး၊ ကျောင်းဆိုင်ဆရာတော်တပါးက အခန်းတခန်းထဲသို့ ပင့်သွားပါသည်။

ကျွန်တော်တို့က ဆရာတော်ကြီးကြွသွားရာ အခန်းထဲသို့ လိုက်မဝင်တော့ဘဲ၊ အခန်းအပြင်မှသာ ရှိခိုးခဲ့ပါသည်။ ဆရာတော်ကြီးအား အနှောင့်အယှက် မပေးလိုသည်က တကြောင်း၊ ကျွန်တော်တို့နှင့် စကားစမြည်ပြောဆိုကြောင်း ရန်သူတပ်ဆီ သတင်းပေါက်ကြားပြီး ဆရာတော်ကြီးအား အမှုမပတ်စေလိုသောကြောင့် ဖြစ်ပါသည်။ ညဦးပိုင်းတွင် ကျွန်တော်တို့ ရဲဘော်များက ကျောင်းထိုင်ဆရာတော် အချို့နှင့် စကားစမြည်ပြောဆိုခဲ့ပါသည်။ ဆရာတော်ကြီးက ကျွန်တော်တို့နှင့် စကားမပြောသော်လည်း “ကွန်မြူနစ်တွေ ယဉ်ယဉ်ကျေးကျေးတွေပါပဲလား။”ဟု ချီးမွမ်းကြောင်း ကျောင်းထိုင်ဆရာတော်များက ပြောပြပါသည်။ ဆရာတော်ကြီးနှင့်အတူ ပါလာသော မြို့ပေါ်မှ ဒကာ၊ ဒကာမများကလည်း ကျွန်တော်တို့အား ဤသို့ပင် မြင်ပုံရကြောင်း သူတို့၏ မျက်နှာအမူအယာများမှာ တွေ့ရပါသည်။

နောက်နေ့ နံက်၊ အာရုဏ်ဆွမ်းမကပ်မီတွင် သံဃာတော်များက ပရိတ်ရွတ်ပြီးနောက်၊ ဂိုဏ်းချုပ်ဆရာတော်ကြီးက တရားဟောပါသည်။ တရားကို တိုတိုတုတ်တုတ်ဟောပြီးနောက် ရေစက်ချဆုတောင်းပေးပါသည်။ ရေစက်ခွက်ကို ရွာလူကြီးကကိုင်ပြီး အမျှဝေပါသည်။ ရေစက်ခွက်ကို ကျွန်တော်တို့ ပါတီကေဒါတဦးဦးကကိုင်လျှင်၊ အကယ်၍ ဤသတင်း ရန်သူ့တပ်ဆီ သတင်းပေါက်ကြားသွားပါက ဤကျောင်းကို “ကွန်မြူနစ်ကျောင်း” ဟုဆိုကာ၊ ကျောင်းနှင့် ကျောင်းထိုင်ဆရာတော်ကို ရန်ရှာမည်စိုးသောကြောင့် ဖြစ်ပါသည်။

တကယ့်ကျောင်းဒကာက တချိန်က ‘ဓမ္မန္တရာယ်’ ဟု မဟုတ်မတရား စွပ်စွဲခံခဲ့ရသော ကျွန်တော်တို့ပါတီ၊ ကွန်မြူနစ်ပါတီသာ ဖြစ်ပါသည်။

၁၅ - ၇ - ၂၀၂၀

# ဘယ်လမ်းရွေးမလဲ ကာချုပ်မင်းအောင်လှိုင်

ဒီတလောမှာ ကာချုပ်မင်းအောင်လှိုင်တယောက် အတော်လေး ပွဲဆူနေတာ တွေ့ရပါတယ်။ ပွဲစတာကတော့ ဒီနှစ် ဇွန်လ တုန်းက ရုရှားနိုင်ငံရဲ့ ၇၅ နှစ်ပြည့် မဟာမျိုးချစ်စစ်ပွဲ အောင်ပွဲအခမ်းအနားသွားတက်စဉ်က စခဲ့တာလို့ ပြောနိုင် ပါတယ်။ အဲဒီခရီးစဉ်အတွင်း ရုရှားနိုင်ငံမှာ ရုပ်မြင်သံကြား အစီအစဉ်၊ နောက်ပြီး သတင်းဌာနတချို့နဲ့ တွေ့ဆုံမေးမြန်း တာတွေ လုပ်ခဲ့တယ်။

အဲဒီအထဲမှာ ရခိုင်တပ်တော် (AA) နဲ့ပတ်သက်ပြီး တော့ ဒီလိုအကြမ်းဖက်အဖွဲ့အစည်းတခု ရပ်တည်နေနိုင်တာ ဟာ ပြည်ပအင်အားကြီးအဖွဲ့အစည်းတရပ်က ထောက်ပံ့ပေး ထားလို့ ဖြစ်တယ်လို့ ပြောခဲ့တယ်။ ဒါဟာ အိမ်နီးချင်း တရုတ်ပြည်ကို ရည်ညွှန်းတာပဲဆိုပြီး ဂယက်ထသွားပါတယ်။ နောင်မှာတော့ တရုတ်ပြည်ကို ရည်ညွှန်းတာ မဟုတ်ပါဘူး လို့ ငြင်းပေမယ့် ဘယ်သူ့ကို ပြောတာလဲဆိုတာတော့ မပြော ပါဘူး။

ဒီနောက် အဲဒီရုရှားခရီးစဉ်မှာပဲ ပြုလုပ်ခဲ့တဲ့ အင် တာဗျူးတခုကို ဒီသြဂုတ်လဆန်းကျမှ ပုံနှိပ်ဖော်ပြလာတာ တွေ့ရတယ်။ အဲဒီအထဲမှာတော့ နာမည်တပ်မပြောပေမယ့် ဒေါ်အောင်ဆန်းစုကြည်ကို ရည်ညွှန်းပြီး ကာလုံမခေါ်ဘဲ တယောက်တည်းသဘောနဲ့ ဆုံးဖြတ်လုပ်ကိုင်နေတာဟာ တိုင်းပြည်အတွက်အန္တရာယ်ကြီးတယ်လို့ ပြောထားပါတယ်။

မကြာသေးခင်ကတော့ကြံ့ဖွံ့ပါတီဦးဆောင်တဲ့ နိုင်ငံ ရေးပါတီ ၃၄ ပါတီနဲ့ ကာချုပ်တွေ့ကြပါတယ်။ လက်ရှိရွေး ကောက်ပွဲကော်မရှင်ကို အယုံအကြည် မရှိကြကြောင်း၊ လာ မယ့် ရွေးကောက်ပွဲ တရားမျှတမှုမရှိရင် ကာချုပ်က အရေးယူ ဆောင်ရွက်ပေးဖို့ ခပ်ပြောင်ပြောင်ပဲ တိုးလျှိုးတိုင်တောကြ ပါတယ်။ သတင်းတရပ်အရတော့ ဒီပွဲမှာ 'တိုင်းပြည်နဲ့ လူမျိုးကောင်းစားဖို့ဆိုရင် သူမလုပ်ရဲတာ ဘာမှမရှိဘူး' လို့ ကာချုပ်က ပြောတယ်လို့ ဆိုပါတယ်။ လူမိုက်စကား ပြော လိုက်တာပါ။ စစ်တပ်က ထုတ်ပြန်ချက်ထဲမှာတော့ 'နိုင်ငံ ရေးပါတီတွေအနေနဲ့ ကိုယ်စားလှယ်လောင်းရွေးချယ်ရာမှာ နိုင်ငံရေးမှာ တပ်မတော်ရဲ့ဦးဆောင်မှုအခန်းကို နားလည်တဲ့ သူတွေကို ရွေးချယ်ကြဖို့' မှာကြားတယ်လို့ တွေ့ရတယ်။

အခု ကျင်းပပြီးစီးသွားတဲ့ ပင်လုံညီလာခံအဖွင့် မိန့်ခွန်းကတော့ အတော်လေး ပွဲဆူသွားပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံမှာ တိုင်းရင်းသားအခွင့်အရေးတွေ အပြည့်အဝပေး ထားပြီး ဖြစ်တယ်လို့ ခပ်ပြတ်ပြတ်ပဲ ပြောသွားပါတယ်။ အဲဒီ တော့ အခုတိုင်းရင်းသားအခွင့်အရေးတွေ တောင်းဆိုနေတာ ဟာ မလိုအပ်ဘူးလို့ ပြောလိုက်တာပဲ ဖြစ်ပါတယ်။ နောက်ပြီး နှစ် ၇၀ ကျော်ကြာ ပြည်တွင်းစစ်ဖြစ်နေတာဟာ တပ်မတော် နဲ့ မဆိုင်ဘူး၊ ခေတ်အဆက်ဆက်က အစိုးရတွေနဲ့ ဖြစ်နေ ကြတာ၊ တပ်မတော်က အစိုးရအဆက်ဆက်ကို အကာ အကွယ်ပေးနေတာသာ ဖြစ်တယ်လို့ ဆိုပါတယ်။ ဒီလို သဘောထားမျိုးနဲ့ကတော့ ငြိမ်းချမ်းရေးခရီးက ကြာလေ ဝေးလေလို့ပဲ ပြောရမှာပါ။

တဖက်မှာလည်း ဒီတလော ကြံ့ဖွံ့လှုပ်ရှားမှုတွေ ဟာ စစ်တပ်နဲ့ ဇာတ်တိုက်ထားသလိုပါပဲ။ သူတို့သာ အစိုးရ ဖြစ်ရင် 'ငြိမ်းချမ်းရေးအရယူပြမယ်' လို့ ကြုံးဝါးပါတယ်။ ဒီချုပ်အစိုးရလက်ထက် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေနဲ့ ပတ် သက်ပြီး တိုင်းရင်းသားတွေဘက်က 'ဦးသိန်းစိန်လက်ထက်နဲ့ မတူဘူး။ ဟိုတုန်းက အစိုးရနဲ့တပ်မတော်က တဖွဲ့တည်း တသဘောတည်း ဖြစ်တယ်။ အခုက (၃) ဖွဲ့ဆွေးနွေးရသလို ဖြစ်နေတယ်' လို့ အသံထွက်တယ်။ စစ်တပ်ကလည်း အဲဒီလိုဖြစ်အောင် လုပ်နေတယ် မဟုတ်လား။ ဒီချုပ်ကိုယ်

တိုင်ကလည်း သူဟာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ ကြားဒိုင်လူကြီး နေရာကပါလို့ အောက်ကလိသံထွက်ရပါတယ်။ ဟုတ်မှာပါ။ ဒီချုပ်အစိုးရက စစ်တပ်ကို အမိန့်ပေးနိုင်ပုံ မရပါဘူး။ စစ်တပ်ကတော့ 'သမ္မတကသာ ဖွဲ့စည်းပုံဥပဒေနဲ့အညီ အမိန့်ပေးရင် နာခံမှာပါ' လို့ ဆိုပါတယ်။ သူတို့သဘောထားနဲ့ကိုက်ရင် 'ဖွဲ့စည်းပုံနဲ့ညီပြီး' မကိုက်ရင်တော့ 'ဖွဲ့စည်းပုံနဲ့ မညီဘူး' ဖြစ်မှာပါ။ 'ရခိုင်တိုက်ပွဲမှာ ရဟတ်ယာဉ်တွေ သုံးပြီး တိုက်ပါ' 'အေအေကို အကြမ်းဖက်အဖွဲ့လို့ သဘောထားပြီး ချေမှုန်းပါ' ဆိုတာတွေကတော့ ဖွဲ့စည်းပုံနဲ့ညီပုံ ရပါတယ်။

အခုလို ဒီချုပ်အစိုးရလက်ထက် 'ငြိမ်းချမ်းရေးဆွေးနွေးပွဲ' တွေမှာ စစ်တပ်က ကဖျက်ယဖျက်လုပ်နေပြီး ကြံ့ဖွံ့အစိုးရဖြစ်လာရင်တော့ အဲဒီလို မလုပ်တော့ဘဲ ငြိမ်းချမ်းရေးရလိမ့်မယ်လို့ ထင်ရင်တော့ အမှားကြီးမှားပါလိမ့်မယ်။ မဟာလူမျိုးကြီး ဝါဒကျင့်သုံးနေတဲ့ စစ်အာဏာရှင်တွေရှိနေသမျှ (ကြံ့ဖွံ့ဟာလည်း ဒီပုတ်ထဲက ဒီပဲပါ။) ဒီမိုကရေစီရော တိုင်းရင်းသားတွေလိုချင်နေတဲ့ အခွင့်အရေးတွေပါရကြမှာ မဟုတ်ပါဘူး။

ကြံ့ဖွံ့ က ဒီတလောလုပ်တဲ့ သတင်းစာရှင်းလင်းပွဲတွေမှာ ပြောရေးဆိုခွင့်ရှိသူ တယောက် ပြောသွားတာကလည်း ခြိမ်းခြောက်မှုတမျိုးလို့ ဆိုရမှာပါ။ ရွေးကောက်ပွဲသာ တရားမမျှတရင် (သူတို့မနိုင်ရင်) လူထုက ငုံ့ခံနေမှာ မဟုတ်ဘူးဆိုပဲ။ အထက်က ကာချုပ်ရဲ့ 'မလုပ်ရဲတာ မရှိဘူး' ဆိုတာနဲ့ ဆက်စပ်စဉ်းစားဖို့ပါ။ သူတို့ပြောတဲ့ လူထုဆိုတာကတော့ အားလုံးသိကြတဲ့အတိုင်း သူတို့လက်ကိုင်တုတ် (မဘသ) စတဲ့ အစွန်းရောက် အမျိုးသားရေးဝါဒီတွေပေါ့။ သူတို့ရဲ့ အစွမ်းအစတွေကတော့ တကယ့်ပြည်သူတွေ တွေ့ပြီးသိပြီး ဖြစ်ပါတယ်။

ဒီအချက်တွေကို ကြည့်ရင် စစ်တပ်နဲ့ကြံ့ဖွံ့ဟာ ဒီချုပ်အစိုးရဖြစ်တာကို လုံးဝလက်မခံနိုင်ကြဘူးဆိုတာ သိသာထင်ရှားလှတယ်။ စစ် (၃) စစ်ကို အကာအကွယ်ပေးထားတဲ့ ၂၀၀၈ ခြေဥ ဟန်ပြကောင်းဖို့အတွက် ဒီချုပ်က လွှတ်တော်ထဲမှာ အတိုက်အခံနေရာကသာ အသုံးတော်ခံတာကို မြင်ချင်ကြတယ်။ ဦးသိန်းစိန်အစိုးရ လက်ထက်လိုပေါ့။ ဒါပေမဲ့ ၂၀၁၅ ရွေးကောက်ပွဲမှာ ဒီချုပ်က တောင်ပြိုကမ်းပြို အနိုင်ရသွားတာကြောင့် အတော့်ကို မခံချိမခံသာ ဖြစ်သွားကြတယ်။ အခု ၂၀၂၀ ရွေးကောက်ပွဲမှာ သူတို့အနိုင်ရအောင် မီးကုန်ယမ်းကုန် ကြိုးစားကြလိမ့်မယ်။ အခုကိုပဲ ဘီလူးဆိုင်းတီး ဘီလူးကြိမ်းကြိမ်းနေကြပြီ မဟုတ်လား။

အထက်မှာ ပြောထားသလို ကာချုပ်မင်းအောင်လှိုင်ကလည်း ပုံပျက်ပန်းပျက် ပျာရာခတ်နေတာ တွေ့ရတယ်။ ဘာကြောင့်လဲ။ သူက လာမယ့်နှစ်မှာ ၆၅ နှစ် ပြည့်တော့မှာဖြစ်တယ်။ ပင်စင်ယူရတော့မှာလားဆိုတဲ့ ပြဿနာရှိပါတယ်။ ကာချုပ်သက်တမ်းနဲ့ပတ်သက်ပြီး ၂၀၁၆ သတင်းစာရှင်းလင်းပွဲတခုမှာ '၆၀ ကျော်သွားတော့ သက်တမ်းတိုးထားလား' လို့ သတင်းထောက်တယောက်က မေးလာတာကို သူကိုယ်တိုင် ဖြေထားတာ ရှိပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအရ စစ်တပ်က သီးခြားလွတ်လပ်တဲ့အဖွဲ့အစည်းဖြစ်တယ်။ အရပ်ဘက်ဝန်ထမ်းစည်းမျဉ်းတွေက သူတို့အပေါ် မသက်ရောက်ဘူး။ စစ်တပ်နဲ့ဆိုင်တဲ့ ဥပဒေတခုအရ 'စစ်မှုဆက်ထမ်းဖို့ လိုအပ်ရင် ဆက်ထမ်းနိုင်တယ်' တဲ့။ ဒါပေမဲ့ မသေမချင်း ရာထူးမစွန့်တာမျိုး မဖြစ်အောင် ကန့်သတ်ထားတာ ရှိတယ်။ စစ်တပ်မှာ ဥပဒေကဲ့သို့ အာဏာတည်တဲ့ အမိန့်တွေ ထုတ်နိုင်တဲ့ ကာကွယ်ရေးဌာနကောင်စီ (ကကန) ဆိုတာ ရှိတယ်။ အဲဒီ ကကန က ၁၉၇၃ ခုနှစ်မှာ အမိန့်တရပ် ထုတ်ထားတယ်။ အဲဒါက ဘယ်အဆင့်ဆိုရင် သက်တမ်းဘယ်လောက်ပဲ တာဝန်ထမ်းခွင့်ရှိတယ်လို့ သတ်မှတ်ထားတာလို့ ဆိုပါတယ်။ သူ့အသုံးအနှုန်းအရတော့ ရာသက်ပန်ရာထူး မစွန့်တာမျိုး မဖြစ်အောင် သက်တမ်း 'ကန့်သတ်ထားတာ' တဲ့။ သက်တမ်းတိုးတာ မဟုတ်ဘူးဆိုပဲ။ (မောင်မင်းကြီးသားများ ကျေးဇူးကြီးလှပါပေတယ်။) သက်တမ်းကန့်

သတ်ချက်ကိုတော့ ထုတ်မပြောပါဘူး။ ဒါကတော့ ကာချုပ် ဝှက်ဖဲလို့ ဆိုရမှာပါ။ တခုတော့ရှိပါတယ်။ ဗိုလ်သန်းရွှေရဲ့ ကာချုပ်သက်တမ်းပြန်ကြည့်ရင်တော့ မှန်းဆလို့ ရနိုင်ပါမယ်။

သက်တမ်းပြည့်တော့မယ်ဆိုရင်တော့ ရှေ့ခရီး အတွက် သူ့အနေနဲ့ ကြိုတင်စဉ်းစားပြင်ဆင်ထားရမှာ ဖြစ်ပါတယ်။ သူဘယ်လမ်းကြောင်း သွားချင်နေသလဲ ဆိုတာ တော့ လယ်ပြင်မှာ ဆင်သွားနေသလိုပါပဲလို့ ဖြေရမှာပါ။ အထက်မှာ ပြောထားတဲ့ အင်တာဗျူးတွေမှာလည်း မေးမြန်း သူတွေက ရေလာမြောင်းပေး (သမ္မတလုပ်မှာလား) မေးကြ သလို ဖြေသူကာချုပ်ကလည်း ရေစီးကမ်းပြိုဖြေထားတာ တွေ့ရမှာပါ။

ကာချုပ်ရဲ့ 'နိုင်ငံတော်သမ္မတအိပ်မက်' က တကယ် အကောင်အထည်ပေါ်လာနိုင်ပဲ့မလား။ လောလောဆယ် အခင်းအကျင်းတွေအရတော့ ဖြစ်နိုင်ချေ 'သုည' လို့ပဲ ဆိုရ မှာပါ။ သမ္မတဖြစ်ဖို့ဆိုရင် ဒီချုပ်က ရွေးကောက်ပွဲရှုံးရမယ်။ ကြံ့ဖွံ့ နိုင်ပြီး အစိုးရ ဖြစ်ရမယ်။ ကြံ့ဖွံ့အစိုးရဖြစ်ရင်တောင် သူ့ကို သမ္မတတင်ပဲ့မလားဆိုတာကလည်း ရှိသေးတယ်။ ဉက္ကဋ္ဌကြီးဗိုလ်သန်းဌေးကလည်း သူတို့အမှုဆောင် ကော်မတီ က တာဝန်ပေးရင် သမ္မတလုပ်မယ်လို့ လေသံပစ်နေတာ မဟုတ်လား။ ပြောရရင်တော့ ဒီလမ်းက ကာချုပ် အကြိုက် ဆုံးဖြစ်ပေမယ့် ဖြစ်နိုင်ချေကတော့ အနည်းဆုံးပါပဲ။

နောက်တလမ်းကတော့ သက်ပြည့်ပင်စင်ယူပြီး နိုင်ငံရေးထဲလည်း ဝင်မပါတော့ဘဲ ခပ်လျှိုလျှိုနေဖို့ပါ။ ဒါပေမဲ့ နအဖ ခေတ် မဟုတ်တော့လို့ ဗိုလ်သန်းရွှေတို့လို ပင်စင်လစာ တနင့်တပိုးတော့ ရနိုင်မှာ မဟုတ်ဘူး။ နောက်ပြီး သူက ဗိုလ်သန်းရွှေလောက် အရှိန်ဩဇာကြီးတာ မဟုတ်တော့ နောင်ရေးစိတ်အေးရပဲ့မလား ဆိုတာလည်း ပူပန်စရာပါပဲ။ ဩဇာကြီးလှတဲ့ ဗိုလ်နေဝင်းတောင် ဇာတ်သိမ်းကောင်းခဲ့တာ မဟုတ်ပါ။ နောက်ပြီး လောလောလတ်လတ် ပြဋ္ဌာန်းထားတဲ့ ဥပဒေအရပြစ်မှုရှိခဲ့တာကို သိရှိပြီးနောက် ၃ နှစ်အတွင်း အရေးယူနိုင်တယ်ဆိုတာကလည်း ရှိနေတယ် မဟုတ်လား။ ကိုယ့်ရှူးကိုယ်ပတ်မယ့်ကိန်းပါပဲ။ ဒါကြောင့် ဒီလမ်းက ကာချုပ် မင်းအောင်လှိုင်အတွက်တော့ ခြောက်အိပ်မက် ဖြစ်နေမှာပါ။

၂၀၂၀ ရွေးကောက်ပွဲဟာ တရားမမျှတလို့ဆိုပြီး အထက်မှာ ဖော်ပြခဲ့သလို (မဘသ) စတဲ့ အစွန်းရောက် တွေက အကြမ်းဖက် အဓိကရုဏ်းတွေ ဖန်တီး၊ စစ်တပ်က အခြေအနေတွေ ဝင်ထိန်းရပါတယ်ဆိုပြီး စစ်အာဏာသိမ်းတဲ့ လမ်းကြောင်းလည်း သူတို့ (စစ်တပ်နဲ့ကြံ့ဖွံ့) က အကွက်ဆင်ထားတာ တွေ့ရပါတယ်။ ဖြစ်နိုင်ချေနည်းတယ် ဆိုပေမယ့် ဖြစ်မလာဘူးလို့လည်း ယတိပြတ် မပြောနိုင်ပါဘူး။ ဒီလိုလုပ်လာရင်တော့ လူထုကြီးတရပ်လုံးက ပြတ်ပြတ် သားသား ဆန့်ကျင်တိုက်ပွဲဝင်ကြရမှာပဲ ဖြစ်ပါတယ်။ ဒီ အတွက်လည်း သတိပြု ပြင်ဆင်ထားကြဖို့ လိုပါမယ်။

ကျန်တဲ့တလမ်းကတော့ သူ့ဝှက်ဖဲကို ထုတ်သုံးတဲ့ လမ်းပါ။ သက်တမ်းကန့်သတ်ချက် မပြည့်သေးဘူးဆိုပြီး ကာချုပ်နေရာမှာ ဆက်နေသွားမယ့်လမ်းပါ။ ဒီလမ်းကျပြန် တော့လည်း သူ့တပ်ထဲကကို သဘောမတွေ့သူတွေ ရှိနိုင်ပါ တယ်။ သူက ထိပ်က ပိတ်ထိုင်နေတော့ ၇၃ ခုနှစ် ကကန အမိန့်အရ အောက်က ဗိုလ်ချုပ်တွေ ရာထူးဆက် မတက် နိုင်ဘဲ ကန့်သတ်ချက်ထိပြီး တပ်က နားရမှာတွေ ဖြစ်လာကြ မယ်။ ဒီလို မဖြစ်ချင်တဲ့ ဗိုလ်ချုပ်တွေက သူကာချုပ် ဆက်လုပ် နေမှာကို ကြိုက်ကြမှာ မဟုတ်ပါဘူး။

ဘယ်လမ်းဖြစ်မလဲ ဆိုတာကတော့ ပိတ်ကားပေါ် ဆက်စောင့်ကြည့်ကြရပါမယ်။ ဒါပေမဲ့ ဖြစ်လာနိုင်ချေတွေ အတွက် သတိကြီးကြီးနဲ့ ကြိုတင်ပြင်ဆင်ထားကြဖို့ လိုပါ မယ်။

ဖူးချစ်ရဲ့ မှာတမ်းနဲ့ပဲ အဆုံးသတ်ပါမယ်။
'ပြည်သူအပေါင်း နိုးနိုးကြားကြားရှိကြလော့'

နိုင်ငံတကာကဗျာ

# ထောင်ထဲကပေးစာ

(ဇူလိုင် ၄ရက်အပေါ် ကွန်မြူနစ်ခေါင်းဆောင်တဦးရဲ့ သဘောထား)

အယ်ဒီတာ့မှတ်ချက် – အလုပ်သမားသတင်းစာ (အရင်က ဒေလီဝပ်ကား၊ နောင်မှာပြည်သူ့ကမ္ဘာ - People's World လို့ နာမည်ပြောင်းလိုက်တယ်) ရဲ့ အယ်ဒီတာတဦးဖြစ်တဲ့ ကားလ်ဝင်းတား (Carl Winter) ဟာ အမေရိကန်အစိုးရကို ဖြုတ်ချဖို့ ကြံစည်တယ်ဆိုပြီး ၁၉၄၉ခုနှစ်မှာ ကွန်မြူနစ်ဆန့်ကျင်ရေး စမစ်ဥပဒေ (Smith Act) နဲ့ အဖမ်းခံရတဲ့ ပထမဆုံးအစု ထဲကတဦး ဖြစ်ပါတယ်။ သူ့ကိုအမေရိကန် တရားရုံးက ထောင်ဒဏ် ၅ နှစ် ချမှတ်ခဲ့ပါတယ်။ သူလွတ်ရက်စေ့တဲ့အချိန်မှာ သူ့ကိုပြန်ဖမ်းပြီး ၁၉၆၃ ခုနှစ် ကျမှ လွတ်ပါတယ်။ စမစ်ဥပဒေလို့ခေါ်တဲ့ နိုင်ငံခြားသားများမှတ်ပုံတင်ဥပဒေဟာ အမေရိကန် အစိုးရကို အကြမ်းဖက်တဲ့နည်းနဲ့ဖြုတ်ချဖို့ကြံစည်သူ၊ တင်ပြသူမှန်သမျှကို ရာဇဝတ်မှုလို့ သတ်မှတ်ထားပါတယ်။ နောက်ပြီး အမေရိကန် နိုင်ငံသားမဟုတ်တဲ့ အရွယ်ရောက်သူမှန်သမျှ အစိုးရဆီမှာ မှတ်ပုံတင်ရမယ်လို့လည်း ပြဋ္ဌာန်းထားပါတယ်။ စစ်အေး စစ်ပွဲဖြစ်တော့ ဒီဥပဒေဟာ အမေရိကန်ကွန်မြူနစ်ပါတီဝင်တွေကို ပစ်မှတ်ထားအရေးယူဖို့အတွက် လက်စွဲတခု ဖြစ်လာခဲ့ ပါတယ်။ တရားစွဲသူတွေဟာ ကွန်မြူနစ်ကြေညာစာတမ်းထဲက အရင်းရှင်စနစ်ကို ဖြိုချပြီး ဆိုရှယ်လစ်စနစ်နဲ့ အစားထိုးရမယ် ဆိုတဲ့ စာသားတွေကိုပဲ ထောက်ပြကြပါတယ်။ တရားခံတွေကို အဲဒီစာ သားတွေကို ယုံကြည်သဘောတူသလားလို့မေးပြီး "ယုံကြည်သဘောတူ တယ်" လို့ ဖြေလိုက်ရုံနဲ့ အမေရိကန်အစိုးရကို ဖြုတ်ချဖို့ ယုံကြည်သဘော တူတယ်လို့ အဓိပ္ပာယ်ထွက် သွားတော့တာပါပဲ။ အဲဒီဥပဒေကို ၁၉၅၇ ခုနှစ်ကျမှ တခြားအလားတူဥပဒေတွေနဲ့ အတူ အခြေခံဥပဒေနဲ့ မကိုက်ညီ ဘူးဆိုပြီး ပြန်ပြင်ခဲ့ပါတယ်။



ကားလ်ဝင်းတားရဲ့သမီး မီရှယ်လ်အာ့တ် (Michele Artt) က ပြည်သူ့ကမ္ဘာကို ၁၉၅၁ ခုနှစ်တုန်းက သူ့ဖခင် ထောင်ထဲကနေ ရေးပေး ခဲ့တဲ့ စာတစောင်ပေးခဲ့ပါတယ်။ အဲဒီစာထဲမှာ ဇူလိုင်၄ရက် (အမေရိကန် နိုင်ငံလွတ်လပ်ရေးနေ့) နဲ့ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခြင်း အဓိပ္ပာယ် တို့နဲ့ ပတ်သက်တဲ့ ကဗျာတစ်ပုဒ် ပါပါတယ်။ ဒီစာနဲ့ပတ်သက်ပြီး မီရှယ်လ်က "ဇူလိုင် ၄ ရက်နေ့ရောက်တိုင်း လူဝစ္စဘာ့ဂ် အကျဉ်းထောင် ထဲမှာ စမစ်ဥပဒေနဲ့အဖမ်းခံနေရတုန်း ကျွန်မအဖေ ကျွန်မဆီကို ရေးလိုက်တဲ့စာလေးကို သတိရနေတယ်။ ၁၉၄၉ ခုနှစ်တုန်းက အခြားကွန်မြူနစ် ပါတီခေါင်းဆောင်များနဲ့အတူ ကျွန်မအဖေဟာ 'အစိုးရကို အကြမ်းဖက်



ဖြုတ်ချဖို့ သင်ပြဖော်ထုတ်တယ်’ လို့ တရားစွဲ ပြစ်ဒဏ်ပေးခံခဲ့ရပါတယ်။ လီဘာတီရုပ်တုနဲ့ ဒီရုပ်တုကို ကာကွယ်သူတွေကို ဂုဏ်ပြုရေးသားတဲ့ သူ့ရဲ့ မျိုးချစ်ကဗျာဟာ ၁၉၉၁ ခုနှစ် သူ ကွယ်လွန်တဲ့ အချိန်အထိ သူကာ ကွယ်သွားတဲ့ သူ့ယုံကြည်ချက်တွေကို ပြောကြားသလို ဖြစ်နေပါတယ်။”

အောက်မှာ ဖော်ပြထားတာက သူ့ရဲ့ကဗျာ အပြည့်အစုံပါ။ ဒီလွတ်လပ်ရေးနေ့မှာ ဖိနှိပ်မှုတွေအကြားကနေ စစ်မှန်တဲ့ ဒီမိုကရေစီအတွက် တိုက်ပွဲဝင်သွားသူတွေကို ဆက်လက်သတိရသွားကြရအောင်ပါ။

*ချစ်သမီးလေးမစ်ကီ (မီရှယ်လ်ကို ချစ်စနိုးခေါ်တဲ့နာမည်ပါ) –*
*ဘက်ဒ်လိုကျွန်းမှာ* ***(Bedloe’s Island)*** *လေဘာတီ*
*ရုပ်တုကြီးကို စိုက်ထူဖို့အုတ်မြစ်ချတာဟာ မနေ့ကဆိုရင် ၆၇ နှစ်*
*တိတိပြည့်ပါပြီ။ နယူးယောက် ဟယ်ရယ်လ်ထရီဗြွန်းသတင်းစာထဲမှာ*
*အဲဒီရုပ်တုရဲ့ လှပတဲ့ပုံကို တွေ့လိုက်ရတယ်။ အဲဒီတော့မှပဲ သမီးကို*
*နှုတ်ဆက်တဲ့အနေနဲ့ အဖေ နယူးယောက်ကနေ*
*သမီးရဲ့အမေကတဆင့် လေဘာတီရုပ်တုကလေး ပေးလိုက်တုန်းက*
*ပေးချင်တဲ့ သတင်းစကားလေးကို ပြန်ရမိတယ်။ ဒါကြောင့်*
*ဒီကဗျာလေးကိုပဲ သမီးအတွက် ရေးပေးလိုက်ပါတယ်။*
*ဒီကဗျာထဲမှာ အဖေပြောချင်တာတွေအားလုံး၊ ဒါမှမဟုတ်*
*တစိတ်တပိုင်းပါဝင်ပါတယ်။ ဒါတွေကို အဖေ့ခေါင်းထဲမှာ*
*သိမ်းထားခဲ့ရာကနေ အခုတော့ သွန်ထုတ်လိုက်ပါပြီ။ တခါတလေ*
*ဒါကို စန္ဒရားပေါ်မှာ သီချင်းလေးတပုဒ်ဖန်တီး၊ ကကွက်ကလေးတခု*
*ဖော်ဆောင်ပြီး အဖေ့ကိုတီးပြ၊ ကပြပေါ့။*

သူ့ကိုတင်ထားတဲ့ စင်ပေါ်ကနေ
သမီးကို အမြဲတစေစိုက်ကြည့်နေပြီး
အလေးအနက်ပြောနေသလိုရှိတယ် –
ငါဘယ်သူဆိုတာ မင်းသိမှာပါ
ဘာကြောင့်လဲဆိုတော့ ငါက လေဘာတီမိခင်
ကိုယ်တိုင်ဖြစ်လို့ပါပဲ။
ချစ်သမီးလေးသတိရဖို့က အရင်က သူ့ကို
ပင်လယ်ပြင်ဖြတ်သယ်လာတဲ့သင်္ဘော ပြင်သစ်ကသင်္ဘော
အဖေတို့ကို သူတို့က ဒီမီးရှူးတိုင်ပို့ပေးတာဟာ
မျက်စိတွေ ပြာဝေစေဖို့မဟုတ်
လူတိုင်းလွတ်လပ်ရေးကို လိုချင်ကြတယ်ဆိုတာကို
သတိပေးဖို့။ နောက်ပြီးသူမကိုင်ထားတဲ့
ဇူလိုင် ၄ ရက် ရက်စွဲထိုးထားတဲ့ စာအုပ်ဟာလည်း
လူတိုင်းကို အဲဒီကတိပေးခဲ့တယ်။
ဒါပေမဲ့ အဲဒီမှာရေးထားတဲ့ အဓိပ္ပာယ်ဟာ
တိုက်ခိုက်မှုနှစ်ပေါင်းများစွာကို ဖြတ်သန်းတော့
သူ့ကိုယ်သူ ပြန်ကာကွယ်ရဖို့ လိုလာပြန်တယ်။
သူ့ကို သမီးကြည့်လေတိုင်း
သူ့ကိုသမီး နားလည်သဘောပေါက်တဲ့အတွက်
သမီးမှာဂုဏ်ယူစိတ်တွေ ပေါ်ပေါက်လိမ့်မယ်။
သမီးအနေနဲ့ ရုပ်ပုံတွေနဲ့
သပ်ရပ်စွာ စာထိုးတားတဲ့ အဆောက်အဦတွေကိုသာ
အားထားနေတာ မဟုတ်ဘဲ
သမီးပါဝင်နေတဲ့ လွတ်လပ်ရေးတိုက်ပွဲဝင်နေသူတွေကိုသာ
အားကိုးအားထားပြုတာ ဆိုရင်ပေါ့လေ။ ။
ကားလ်ဝင်းတား
အကျဉ်းသားအမှတ် ၁၉၄၃၉

https://www.peoplesworld.org/article/letter-from-prison-communist-leader-carl-winter-on-the-4th-of-july/_ကို ဘာသာပြန်တာပါ။

*I sent a little statue*
*That can always look right at you*
*From a place upon your shelf*
*And seem to say demurely,*
*You must know who I am, surely*
*For I'm Miss Liberty herself.*
*Now remember, darling daughter,*
*That the ship that early brought her*
*Came from France across the sea,*
*Where they sent her to remind us*
*By her torch—not to blind us*
*That all men seek liberty*
*And the book she holds up high*
*Dated: Fourth of July*
*Gave that promise to all men;*
*But the meaning in the writing-*
*Grown through many years of fighting-*
*Needs defending yet again*
*So, whenever you look upon her*
*You may feel with pride and honor*
*That you know her very well,*
*If you don't rely on pictures*
*Or on neatly written structures,*
*But in freedom's fighting ranks you dwell.*

*Carl Winter*
*Inmate 19439*

# ဗမာပြည်မှာ စစ်ဖျူရိုကရက် ဓနရှင်အာဏာရှင်စနစ်ကို တိုက်ဖျက်ပစ်နိုင်မှသာ ပြည်သူလူထုရဲ့ဘဝ တိုးတက်နိုင်မည်

ဗမာပြည်သည် ၁၉၄၈ ခုနှစ်တွင် အင်္ဂလိပ်နယ်ချဲ့ လက်အောက်မှ လွတ်လပ်ရေးရခဲ့ပြီးနောက်၊ ဖဆပလ အစိုးရ အာဏာရရှိလာပြီး ဖျူရိုကရက်ဓနရှင် အာဏာရှင်စနစ်ရဲ့ အုပ်ချုပ်မှုအောက် ကျရောက်ခဲ့ရသည်။ ဖဆပလ အစိုးရ အုပ်ချုပ်မှု ၁၄ နှစ်ပြည့်တဲ့ ၁၉၆၂ ခုနှစ်မှာ ဗိုလ်နေဝင်းရဲ့ စစ်အာဏာသိမ်းမှု ခံခဲ့ရပြီးချိန်မှစပြီး ဗမာပြည်သည် စစ်အာဏာရှင်စနစ်ရဲ့ အုပ်ချုပ်မှုအောက် စတင်ကျရောက်ခဲ့ရသည်။

ဗိုလ်နေဝင်းရဲ့ မဆလ ပါတီအဖြစ် အသွင်ပြောင်းပြီး စစ်အာဏာရှင်စနစ်နဲ့ အုပ်ချုပ်မှုအောက်မှာ ၂၆ နှစ်ကြာခဲ့ပြီးနောက် ၁၉၈၈ ခုနှစ်မှာ ဗမာပြည် ပြည်သူလူထုကြီး တရပ်လုံး ပါဝင်ပြီး အုံကြွဆန့်ကျင် တိုက်ခိုက်တာ ခံခဲ့ရသည်။ ဒီရှစ်လေးလုံးအရေးတော်ပုံကြီးရဲ့ တိုက်ပွဲကြောင့် မဆလ စစ်အစိုးရ ပြိုကျပျက်စီးသွားခဲ့ပေမယ့် စစ်အုပ်စုက နဝတ၊ နအဖ စစ်အစိုးရများနဲ့ အစားထိုးကာ စစ်ဖျူရိုကရက် ဓနရှင်အာဏာရှင်စနစ်ကို ဗမာပြည်မှာ ဆက်လက်ထိန်းသိမ်းခဲ့သည်။

၁၉၉၀ ခုနှစ်မှာ နဝတ အစိုးရက ပါတီစုံရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပြီး ဒီရွေးကောက်ပွဲမှာ ပြည်သူလူထုတရပ်လုံးရဲ့ ထောက်ခံမှုနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အနိုင်ရခဲ့ပေမယ့် စစ်အုပ်စုက အနိုင်ရ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီကို အာဏာလွှဲမပေးဘဲ အာဏာကို ဆက်လက်ချုပ်ကိုင်ကာ ဗမာပြည်မှာ စစ်အာဏာရှင်စနစ် ထာဝစဉ် အာဏာရရှိနေစေနိုင်ရန် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို စစ်အုပ်စုစိတ်ကြိုက် ရေးဆွဲပြဋ္ဌာန်းခဲ့သည်။

ရှစ်လေးလုံးအရေးတော်ပုံကြီး အတွင်းမှာ ဗမာပြည်ရှိ လက်ဝဲ၊ လက်ယာ နိုင်ငံရေးအင်အားစု အားလုံး ဘုံရန်သူအဖြစ် စစ်အာဏာရှင်စနစ်ကိုပြုတ်ပြုတ်သားသား တိုက်ခိုက်ချေမှုန်းကာ ပါတီစုံစနစ်နဲ့ စစ်မှန်တဲ့ ဒီမိုကရေစီ အစိုးရတရပ် ပေါ်ပေါက်လာရေးအတွက် ဦးတည်လုံးပန်း တိုက်ပွဲဝင်ခဲ့ကြသည်။ ရှည်ကြာတဲ့ ဒီမိုကရေစီတော်လှန်ရေးတရပ်ကို ဆင်နွှဲကြရင်းက၊ အောင်ပွဲမရသေးမီမှာ နအဖ စစ်အစိုးရက ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ အတုအယောင် ပါတီစုံရွေးကောက်ပွဲကို ၂၀၁၀ မှာ ခေါ်ယူပြုလုပ်ကာ ဦးသိန်းစိန်ရဲ့ အရပ်သားအစိုးရပေါ်ပေါက်လာစေခဲ့သည်။

မည်သို့ပင် အရပ်သားအစိုးရဟု ပြောပြော၊ အစိုးရအဖွဲ့ဝင်များက စစ်တပ်အရာရှိဟောင်းများဖြစ်နေပြီး၊ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ အနှစ်သာရအရ စစ်အာဏာရှင်စနစ်ကိုသာ ထာဝရ အာဏာရအောင် ပြုလုပ်ထားတာ ပေါ်လွင်နေတာကြောင့် စစ်ဖျူရိုကရက်ဓနရှင်အာဏာရှင်စနစ် အုပ်စိုးမှုသာဖြစ်ကြောင်း ရှင်းပါသည်။ ဗိုလ်နေဝင်း အာဏာသိမ်းပြီးချိန်မှစပြီး တိုင်းပြည်စီးပွားရေးကို လက်ဝါးကြီးအုပ်ချုပ်ကိုင်ခဲ့ပြီး တနိုင်ငံလုံးရဲ့ စီးပွားရေး အချက်အချာများကို ပြည်သူပိုင် တံဆိပ်ကပ်ကာ သိမ်းယူခဲ့သမျှ၊ စစ်ခရိုနီပုဂ္ဂလိကပိုင်ပြု လက်ဝါးကြီးအုပ်မှုကြောင့် စစ်ဗိုလ်ချုပ်ဟောင်းများ၊ သူတို့ရဲ့သားသမီးနဲ့ ဆွေမျိုးအပေါင်းအသင်းများ ချက်ချင်းကုမ္ပဏီလုပ်ငန်းရှင်များ ဖြစ်လာကြကာ တိုင်း

ပြည်ရဲ့ မြေပေါ်မြေအောက် ရေပေါ်ရေအောက်မှ သယံဇာတများကို လက်ဝါးကြီးအုပ်လုပ်ကိုင်ခဲ့ကြပြီး ဗမာပြည်ရဲ့ ခေတ်သစ် သူကြွယ်များ ပေါ်ပေါက်လာခဲ့သည်။ အခြေခံလူထုမှာ လက်ဝါးကြီးအုပ် စီးပွားရေးစနစ်အောက်မှာ လက်ရှိက လက်မဲ့ဖြစ်ကာ မွဲသထက်မွဲလာခဲ့ကြရသည်။

၂၀၁၂ မှာ ဦးသိန်းစိန်အစိုးရက ပြုလုပ်ခဲ့သော ကြားဖြတ်ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ပါဝင်ရွေးကောက်ခံပြီး အနိုင်ရကာ ဒေါ်အောင်ဆန်းစုကြည် အပါ ဒီချုပ်ပါတီဝင်များ လွှတ်တော်တွင်း ဝင်ရောက်သွားခဲ့ကြသည်။ ဒီအချိန်မှ စတင်ကာ ဗမာပြည်ရဲ့ ဒီမိုကရေစီတော်လှန်ရေးအတွင်းမှာ လမ်းစဉ်နှစ်ရပ် ပေါ်ထွက်လာခဲ့သည်။ လွှတ်တော်ပ လူထုတိုက်ပွဲကို အဓိကထားတဲ့ ၂၀၀၈ အခြေခံဥပဒေ လုံးဝဖျက်သိမ်းကာ စစ်အုပ်စု ပြိုပျက်သည်အထိ တိုက်ပွဲဝင်ရေးလမ်းကြောင်းနှင့် ၂၀၀၈ ခြေဉအောက်မှာ ရပ်တည်ပြီး လွှတ်တော်တွင်းမှ တိုက်ပွဲဝင်ကာ ၂၀၀၈ အခြေခံဥပဒေကို ပြင်ယူရေး၊ စစ်တပ်ကို ဗမာပြည်နိုင်ငံရေးမှ တစတစဆုတ်ခွာသွားရေး လမ်းကြောင်းတို့ ဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် အချို့ဒီမိုကရေစီ အင်အားစုများက လွှတ်တော်တွင်းမှ တိုက်ပွဲဝင်ရေးလမ်းကြောင်းကို လုပ်ဆောင်ကြရင်းက ၂၀၁၅ ရွေးကောက်ပွဲမှာ အနိုင်ရကာ အစိုးရဖွဲ့နိုင်ပြီး လွှတ်တော်တွင် အမတ်ဦးရေ အသာစီးနှင့် ရပ်တည်နိုင်ခဲ့ပါသည်။ ဒါပေမဲ့ ဒုံရင်းဒုံရင်းပါပဲ။ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ထိထိရောက်ရောက် ပြင်ဆင်နိုင်တာ မတွေ့ကြရသေးချေ။ (သိသင့်ကြပါပြီ။ သိသူတွေလည်း များသထက် များလာပါပြီ။ ၂၀၀၈ ကို ပြင်ရုံနဲ့မရ၊ လွှတ်တော်တွင်း ဝင်ပြင်နည်းနဲ့လည်း ဘာမှ အရာမထင်၊ အစိုးရနှစ်ဆက် ဆယ်စုနှစ်တခု ဖြတ်သန်းပြီးပြီပဲ။)

လူမျိုးစုလက်နက်ကိုင်အင်အားစုများရဲ့ အမျိုးသားတန်းတူမှုရရှိရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် တိုက်ပွဲမှာလည်း ဒီမိုကရေစီတော်လှန်ရေးအတွင်းမှာ ပေါ်လာတဲ့ လမ်းစဉ်နှစ်ရပ်ရဲ့ ရိုက်ခတ်မှု ရှိခဲ့ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်နေကြသော အင်အားစုများ၊ နှစ်ဖက်နားလည်မှု ရယူထားသော အဖွဲ့အစည်းများနဲ့ လက်နက်ကိုင်တိုက်ပွဲ ဆက်လက်ဆင်နွှဲနေသော အဖွဲ့အစည်းများအဖြစ် တည်ရှိနေကြပြီး စစ်မှန်တဲ့ငြိမ်းချမ်းရေး ရရှိရေးနဲ့ တောင်းဆိုထားကြသော နိုင်ငံရေးအခွင့် အရေးများရရှိရေးအတွက် ဆက်လက်တိုက်ပွဲဝင်နေကြဆဲပင် ဖြစ်ပါသည်။

ဗမာပြည်ကွန်မြူနစ်ပါတီမှာ ဥပဒေပ (Extra legal) မှာ ရပ်တည်ပြီး ၂၀၀၈ အခြေခံဥပဒေ လုံးဝဖျက်သိမ်းပြီး စစ်အုပ်စု ပြိုပျက်သည်အထိ တိုက်ပွဲဝင်ရေးလမ်းကြောင်းအတိုင်း လျှောက်လှမ်းနေခြင်း ဖြစ်ပါသည်။ ဒီလမ်းစဉ်မှာ ပါတီရဲ့ သမိုင်းစဉ်တလျှောက်မှာ ချမှတ်ပြဋ္ဌာန်းခဲ့သည့် လမ်းစဉ်များပေါ်မှာ အခြေခံပြီး လက်ရှိအခြေအနေများနဲ့ ပေါင်းစပ်ကာ ချမှတ်ကိုင်စွဲခဲ့ခြင်းသာ ဖြစ်ပါသည်။ ပါတီသမိုင်းမှာ ချမှတ်ခဲ့တဲ့ လမ်းစဉ်များ၊ ပါတီကွန်ဂရက်ရဲ့ နိုင်ငံရေးအစီရင်ခံစာနဲ့ ပါတီအထွေထွေအတွင်းရေးမှူးရဲ့တင်ပြချက်များမှာ ပါရှိတဲ့ အုပ်စိုးသူလူတန်းစားအပေါ် အကဲဖြတ်ချက်၊ တော်လှန်ရေးရဲ့ လက္ခဏာများနဲ့ပတ်သက်တဲ့ ရေးသားချက်များကိုကြည့်ရင် ဒီအချက် ပေါ်လွင်တာတွေ့ရမှာ ဖြစ်ပါသည်။

၁၉၈၅ ခုနှစ်မှာ ကျင်းပခဲ့သော ပါတီရဲ့ တတိယအကြိမ်မြောက် ကွန်ဂရက်မှာ တင်သွင်းခဲ့တဲ့ နိုင်ငံရေးအစီရင်ခံစာမှာ (ဗမာပြည်ရဲ့လူ့အဖွဲ့အစည်းလက္ခဏာဟာ ဗမာပြည်ရဲ့ တော်လှန်ရေးလက္ခဏာကို ပြဋ္ဌာန်းပါတယ်။ ဗမာပြည်ဟာ ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း လူ့အဖွဲ့အစည်း ဖြစ်တဲ့အလျောက် ဗမာပြည်တော်လှန်ရေးဟာ နယ်ချဲ့ဆန့်ကျင်တဲ့၊ ပဒေသရာဇ်မြေရှင်ဆန့်ကျင်တဲ့၊ ဗျူရိုကရက်အရင်းရှင် ဆန့်ကျင်တဲ့ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးပဲ ဖြစ်ပါတယ်။) ထို့အပြင် (ဖဆပလ အစိုးရမှစပြီး မျက်မှောက်စစ်အစိုးရအထိ အုပ်စိုးတဲ့လူတန်းစားရဲ့ လက္ခဏာဟာ နယ်ချဲ့စနစ်၊ ပဒေသရာဇ်မြေရှင်စနစ်နဲ့ ဗျူရိုကရက်အရင်းရှင်

စနစ်ကို ကိုယ်စားပြုတဲ့ ဗျူရိုကရက်အရင်းရှင်လူတန်းစား ဖြစ်တယ်။ ဒီလူတန်းစားဟာ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးက တိုက်ဖျက်ပစ်ရမယ့် ပစ်ကွင်းဖြစ်တယ်။) ထို့အပြင် (ကျွန်တော်တို့ဆင်နွှဲနေတဲ့ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး ခရီးစဉ်မှာ ပြည်တွင်းရန်သူ့အခြေအနေ၊ မဟာမိတ်အခြေအနေတွေ ပြောင်းလဲမှုအရသော်လည်းကောင်း၊ နိုင်ငံတကာ့ အခြေအနေ ပြောင်းလဲမှုကြောင့်သော်လည်းကောင်း တော်လှန်ရေးဟာ ကဏ္ဍအချို့ခွဲပြီး ဆင်နွှဲရတဲ့ အခြေအနေမျိုးတွေ ရှိနိုင်ပါတယ်။ ဒါပေမဲ့ ဒီအဆင့်တလျှောက်လုံးမှာရှိတဲ့ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးရဲ့ လက္ခဏာကတော့ ပြောင်းလဲသွားလိမ့်မယ် မဟုတ်ပါဘူး။) လို့ တင်ပြခဲ့တာတွေဟာ အခြေခံအားဖြင့် ဒီနေ့ထိ မှန်ကန်နေဆဲပဲဆိုတာ တွေ့ရမှာ ဖြစ်ပါသည်။ တချိန်တည်းမှာ အသစ်ဖြစ်ထွန်းပေါ်ပေါက်လာနေသည့် အပြောင်းအလဲ၊ အချက်အလက်များရဲ့ အရေးပါမှုကိုလည်း စောင့်ကြည့်အကဲဖြတ်နေရမှာပါ။

၁၉၈၄ ခုနှစ်မှာ တင်ပြခဲ့တဲ့ အထွေထွေအတွင်းရေးမှူး (ယာယီ) ရဲ့ နိုင်ငံရေးအစီရင်ခံစာထဲမှာ တင်ပြခဲ့တဲ့ အုပ်စိုးသူလူတန်းစားနဲ့ တော်လှန်ရေးရဲ့ လက္ခဏာများကို ကြည့်ရင် (ဗမာပြည်ရဲ့ ပကတိအခြေအနေအရ ဗမာပြည်တော်လှန်ရေးဟာ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးအဆင့်မှာပဲ ရှိပါသေးတယ်။ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးအဆင့်မှာ ဖြေရှင်းရမယ့်တာဝန်ကြီး (၃) ရပ် ဖြစ်တဲ့ နယ်ချဲ့ဝါဒလွှမ်းမိုးမှုအောက်မှ နိုင်ငံရေး၊ စီးပွားရေးစသဖြင့် လုံးဝလွတ်မြောက်ရေး၊ ပဒေသရာဇ်မြေရှင်စနစ် အကြွင်းအကျန်များကို အကုန်အစင် လုံးဝဖျက်သိမ်းပစ်ရေးနဲ့ ဗျူရိုကရက်အရင်းရှင်စနစ် (လက်ရှိအားဖြင့်ပြောရရင် စစ်အုပ်စုဗျူရိုကရက် အရင်းရှင်စနစ်) တိုက်ဖျက်ပစ်ရေး တာဝန်တွေကို ထမ်းဆောင်ရပါမယ်။) ဟုလည်းကောင်း၊ (ကျွန်တော်တို့ပါတီဟာ ဗမာပြည်မှာ ဒီမိုကရေစီထွန်းကားရေးအတွက် ဒီမိုကရေစီတော်လှန်ရေးကို အဦးဆုံးဆင်နွှဲခဲ့တဲ့ပါတီ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဒီမိုကရေစီဟာ လူတန်းစား ၄ရပ် (အလုပ်သမား၊ လယ်သမား၊ လူလတ်တန်းစားနဲ့ ပြည်ချစ်အရင်းရှင်) အတွက် ဒီမိုကရေစီ ဖြစ်ပါတယ်။ တနည်းအားဖြင့် ပြည်သူ့ဒီမိုကရေစီ ဖြစ်ပါတယ်။ ဒါကိုဘယ်တုန်းကမှ လျှို့ဝှက်ထားတာ မဟုတ်ပါဘူး) ဟုလည်းကောင်း တင်ပြခဲ့ပါသည်။

ဒါ့အပြင် ဒီမိုကရေစီအင်အားစုများရဲ့ တိုက်ပွဲဝင်မှုများနဲ့ ပတ်သက်လို့ (ပြည်သူ့ဒီမိုကရေစီမဟုတ်ဘဲ၊ အခြေခံဒီမိုကရေစီ အခွင့်အရေးများအတွက်သာ တိုက်တဲ့တိုက်ပွဲတိုင်းကိုလည်း ဘယ်သူကတိုက်တိုက် တက်တက်ကြွကြွ ထောက်ခံမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အခြေခံဒီမိုကရေစီ ရှိနေတာဟာ စစ်အစိုးရရှိနေတာထက် အလုပ်သမား၊ လယ်သမား၊ အလတ်တန်းစားနဲ့ ပြည်ချစ်အရင်းရှင်များအတွက် အကျိုးရှိလို့ပါ။) လို့ တင်ပြခဲ့တာ ဖြစ်ပါသည်။

လက်ရှိအခြေအနေအရ ဗမာပြည်ရဲ့ အုပ်စိုးသူဟာ အရပ်သားဒီမိုကရေစီအစိုးရ ဆိုသော်လည်း အနှစ်သာရအရ စစ်အာဏာရှင်စနစ်သာ ဖြစ်နေပြီး တိုင်းပြည်ရဲ့ စီးပွားရေးမှာလည်း စစ်ဗျူရိုကရက်ခရိုနီများရဲ့ လက်ဝါးကြီးအုပ်မှုအောက် လုံးဝကျရောက်နေမှုကြောင့် အခြေခံလူထုလူတန်းစားများမှာ ဆင်းရဲသထက် ဆင်းရဲသူ တနေ့တခြား တိုးပွားလာနေတာကိုသာ မြင်တွေ့နေကြရသည်။ ဒီအခြေအနေကို နာမည်ခံ ဘယ်အရပ်သားအစိုးရတက်တက် မဖြေရှင်းနိုင်ပါ။ စစ်ဗျူရိုကရက်ခရိုနီ အာဏာရှင်စနစ်ကို ဖြိုချပြီး ပြည်သူ့ဒီမိုကရေစီ အစိုးရတရပ်ကို ထူထောင်နိုင်မှသာ ပြည်သူလူထုဘဝ တိုးတက်မှုရရှိအောင် လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။

၁၁ – ၉ – ၂၀၂၀

# သမိုင်းအကွေ့အချိုး ဖြစ်စဉ်များရဲ့ရလဒ်
# (မာ့က်စ်ဝါဒလေ့လာရေး ရှုချက်)

မာ့က်စ်ဝါဒ အတွေးအခေါ်များထဲက အနုပဋိလောမရုပ်ဝါဒနဲ့ သမိုင်းရုပ်ဝါဒဆိုင်ရာ အခြေခံမူတွေကို ရှင်းရှင်းလင်းလင်း ဖြစ်အောင် ဖော်ထုတ်တဲ့ဘက်မှာ အိန်ဂယ်ရဲ့ အကျိုးပြုမှုတွေက မှတ်သားလောက်ပါတယ်။

## အရာရာရဲ့သမိုင်း

သမိုင်းရုပ်ဝါဒအရ လက်ရှိသဘာဝလောကနဲ့ လူ့လောကထဲက ဘယ်အရာကိစ္စမဆို လက်တွေ့ရုပ်ဘဝ ပြောင်းလဲမှု သမိုင်းဖြစ်စဉ်ကို ဖြတ်သန်းခဲ့ ဖြတ်သန်းဆဲဖြစ်ကြောင်းကို "လူဝံမှလူသို့ ကူးပြောင်းရာတွင် အလုပ်၏ ပါဝင်မှုအခန်း" ဆောင်းပါး၊ "အိမ်ထောင်မှု၊ ပုဂ္ဂလိကပိုင်ဆိုင်မှုနှင့် နိုင်ငံတော်တို့၏ မူလအစ" ကျမ်း၊ "ဒူးရင်း ဆန့်ကျင်ရေး" ကျမ်း စတာတွေမှာ အိန်ဂယ်က ရှင်းလင်းထားပါတယ်။

ရုပ်ပစ္စည်းများသာမက စဉ်းစားတွေးခေါ်မှုနဲ့ (ချစ်ခြင်း မုန်းခြင်း စတဲ့) စိတ်ခံစားမှုဆိုင်ရာ လက်ရှိ အခြင်းအရာများဟာလည်း လူမှုလက်တွေ့ရုပ်သမိုင်းဖြစ်စဉ်ရဲ့ ရလဒ်များ ဖြစ်ပါတယ်။ လူတွေခံစားတဲ့ ချစ်ခြင်း မုန်းခြင်းဟာ (ခွေး၊ ကြောင် စတဲ့) တိရစ္ဆာန်တွေ "ရင်ထဲခံစား" တဲ့ သက်ဆိုင်ရာ ခံစားပုံနဲ့ ဆင်ခြင်သိပိုင်းမှာ ကွာခြားပါတယ်၊ ကွာခြားပုံကိုတော့ အာရုံပိုင်းဆိုင်ရာ သိပ္ပံပညာရှင်များ လေ့လာဆဲ ဖြစ်ပါတယ်။ ခုခေတ် လူ့အဖွဲ့အစည်းအတွင်း ရှိနေတဲ့ ချစ်မေတ္တာ သံယောဇဉ်ပုံစံရဲ့ မူလဟာ လူတန်းစား ကွဲပြားမှုနဲ့အတူ ပေါ်လာတဲ့ သမိုင်းခေတ်ဦး တလင်တမယားစနစ် ဖြစ်တယ်။ ဒါကြောင့် သံယောဇဉ်ဆိုတဲ့ လူမှုအရာတောင်မှ ကုန်ထုတ်လုပ်မှု ခေတ်စနစ်များနဲ့အတူ ပြောင်းလဲခဲ့တယ် ပြောင်းလဲနေတယ်လို့ ပြောနိုင်ပါတယ်။ နောက်ပြီး စိတ်ခံစားမှုအပေါ် လူမှုစနစ်ရဲ့ ဂယက်ရိုက်မှုက ကြီးမားပါတယ်။ မြင်သာတဲ့ ကိစ္စတခုကတော့ မျက်မှောက်ကာလ ကြီးမားတဲ့ ဆင်းရဲချမ်းသာကွာဟမှု အခြေအနေမှာ ရုန်းကန်လှုပ်ရှားနေကြရသူ အလုပ်သမားလူတန်းစားနဲ့ လုပ်သားပြည်သူများ ရင်တွင်းခံစားနေရတဲ့ စိတ်ဖိစီးမှုဒဏ်ပါပဲ။

စားစရာ၊ ဝတ်စရာ၊ နေစရာ၊ အနုပညာခံစားစရာ စတဲ့ လူမှုဘဝ ရုပ်ပိုင်းနဲ့စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်ဖြစ်တဲ့ အရာများကို ထုတ်လုပ်ခြင်း၊ သုံးစွဲစားသုံးခြင်း သမိုင်းဖြစ်စဉ်အတွင်းမှာ လူရဲ့ဇီဝဖွဲ့စည်းမှု၊ ဦးနှောက်အရည်အသွေး စတာတွေလည်း ဖွံ့ဖြိုးလာခဲ့ပါတယ်။ လူနဲ့လူ့အဖွဲ့အစည်းရဲ့ ဖန်တီးမှုစွမ်းအား (ထုတ်လုပ်ရေးစွမ်းအား) တိုးတက်တာနဲ့ လိုက်လျောညီထွေစွာ လူမှုစနစ်အမျိုးမျိုး ပြောင်းလဲခဲ့ရာမှာ အခုအခါ အရင်းရှင်စနစ်အတွင်း ရောက်ရှိနေပါတယ်။ အခုအထိ စုပုံမိလာတဲ့ လူသားများရဲ့ ဖန်တီးမှုစွမ်းအားဟာ အရင်းရှင်စနစ်နဲ့ "မထိုက်တန်" တော့ပါ။ ဆိုလိုတာကတော့ အကျိုးသက်ရောက်မှုများကို ခြုံကြည့်လိုက်ရင် အရင်းရှင်စနစ်ဟာ ဒီစွမ်းအားတွေကို ဖျက်ဆီးပစ်နေတဲ့ အဆင့်မှာ ရောက်ရှိနေပါပြီ။ အရင်းရှင် ခေတ်ဦးကာလမှာ ရှိခဲ့တဲ့ လွတ်လပ်စွာယှဉ်ပြိုင်မှုအကြောင်း၊ အလုပ်အကိုင်ဖန်တီးမှု စီးပွားရေးအကြောင်း၊ ရိုးရိုးသားသား ကြိုးစားမှုဖြင့် လူလတ်တန်းစားအဖြစ်သို့ မြင့်တက်သွားကြတဲ့ ဆင်းရဲသားအချို့အကြောင်း၊

ဒီမိုကရေစီအကြောင်းအစား လက်ဝါးကြီးအုပ်မှုအကြောင်း၊ ဘဏ္ဍာရေးကွက် အလောင်းအစား စီးပွားရေးအကြောင်း၊ ထုလိုက်ထည်လိုက် အလုပ်လက်မဲ့ အိုးမဲ့အိမ်မဲ့ အခြေအနေမဲ့ ဘဝရောက်သွားသူများအကြောင်း၊ ဖက်ဆစ်ဆန်လာတဲ့ ကျူးကျော်စစ်လှုံ့ဆော်တဲ့ ပေါ်လစီအကြောင်းတွေအပြင် သဘာဝဝန်းကျင်ကြီးကိုပါ အကြီးအကျယ် ဖျက်ဆီးနေတဲ့ အကြောင်းတွေ ပြောရမယ့်အဆင့် ရောက်ရှိနေပါပြီ။

## သမိုင်းအကန့်အသတ်

အနုလုံပဋိလုံ ပိုင်းခြားစိတ်ဖြာ စဉ်းစားတယ်၊ ကြံဆတယ်၊ ဦးနှောက်မှန်တိုင်းဆင်တယ်ဆိုတဲ့ ဉာဏအလုပ်တွေဟာ ထုတ်လုပ်မှုနဲ့ ပြန်လည်ထုတ်လုပ်မှု (ဥပမာ အနားယူ၊ အပန်းဖြေ၊ ပြန်လည်အားမွေးမှု) ဘဝမှာ အနည်းနဲ့အများ မပါရင် မဖြစ်ပါ။ ဦးနှောက်ဟာ "အံ့မခန်း" စွမ်းအားတွေကိုလည်း ထုတ်နိုင်ပါတယ်။ ဒါပေမဲ့ ကိုယ်မြင်ဖူးတဲ့ အရာတွေအပေါ် လုံးဝအခြေမခံဘဲ လုံးဝအသစ်ဖြစ်တဲ့ သဏ္ဍာန်တခုကို စိတ်ကူးပုံဖော်ဖို့ ဦးနှောက်က မတတ်နိုင်ပါ။ မြင်ဖူးပြီးသားတွေထဲက ဟိုတစဒီတစ ဆွဲယူပေါင်းစပ်ပုံဖော်ဖို့ပဲ တတ်နိုင်ပါတယ်။ မြင်ဖူးကြုံဖူးမှု အတွေ့အကြုံနဲ့ သိမြင်မှုဆိုတာကလည်း ဘယ်သူမဆို အကန့်အသတ် ရှိကြတာချည်းပါပဲ။ လူတဦးချင်း မပြောနဲ့ လူ့အဖွဲ့အစည်းတခုလုံးရဲ့ အတွေ့အကြုံနဲ့ သိမြင်မှုတောင်မှ ခေတ်ဆိုတဲ့ တစုံတရာ အကန့်အသတ် ဘောင်အတွင်းမှာပဲ ရှိနေတာပါ။ သမိုင်းဖြစ်စဉ်ဆက်လက်တိုးပွားမှုနဲ့အတူ အဲဒီအကန့်အသတ်ဘောင်ဟာလည်း ကျယ်တော့ ကျယ်လာနေပါတယ်။ တကယ်တော့ "အံ့မခန်း" အစွမ်းထက်တဲ့ လူသားဦးနှောက်ဟာ "ဆန်းကျယ်ထွေပြား" လှတဲ့ သဘာဝလောကနဲ့ လူ့လောကအကြောင်း သိပ်များများစားစား သိသေးတာ မဟုတ်ဘူး။ သိသထက်တော့ သိသိလာနေတယ်လို့ ဆိုနိုင်ပါတယ်။ လက်တွေ့ရုပ်ဘဝပြောင်းလဲမှု ဖြစ်ရိုးဖြစ်စဉ်တရားများ (သိပ္ပံနည်းကျ အမှန်တရားများ) ကို လူတွေ ပိုမိုဖော်ထုတ်သိရှိ အသုံးပြုလာနိုင်တာနဲ့အမျှ လိုအင်ဆန္ဒများကိုလည်း ပိုမိုဖြည့်ဆည်းလာနိုင်တယ်။ ပိုမိုလွတ်လပ်စွာ လှုပ်ရှားလာနိုင်တယ်။ ဒါ့ကြောင့် လူသားလွတ်လပ်မှုဆိုတာလည်း သမိုင်းဖြစ်စဉ်အဆင့်အပေါ် မူတည်ပါတယ်။

စဉ်းစားနိုင်စွမ်း တစတစ တိုးတက်လာတဲ့ သမိုင်းဖြစ်စဉ်မှာ တော၊ တောင်စောင့်နတ် မီးစောင့်နတ်စတဲ့ ဒြပ်မဲ့ "တံခိုးရှင် ပုဂ္ဂိုလ်" များကို စိတ်ကူးဖန်တီးနိုင်တဲ့ အဆင့်တခု ရှိခဲ့မယ်လို့ ယေဘုယျပြောလို့ ရပါတယ်။ တကယ်တော့ ဒါတွေကို သက်ဆိုင်ရာ ဒြပ်ရှိအရာဝတ္ထုများရဲ့ သဘာဝအပေါ် အခြေခံပြီး စိတ်ကူးဖန်တီးခဲ့တာပါ။ သမိုင်းဦး လူသားတွေ အနေနဲ့ ခုခေတ်ရေချိန်အရ အရိုးစင်းဆုံးလို့ ထင်ရတဲ့ အယူအဆတခု ရရှိဖို့တောင် လွယ်ခဲ့မှာ မဟုတ်ပါ။ အပြားပုံသဏ္ဍာန် ကမ္ဘာကြီး မဆိုထားနဲ့၊ "ကမ္ဘာကြီး" ဆိုတဲ့ အယူအဆ မရရှိခင် 'သစ်တော'၊ 'တောင်တန်း'၊ 'လွင်ပြင်' စတဲ့ အယူအဆ ရရှိလာဖို့တောင် လက်တွေ့သမိုင်းဖြစ်စဉ် လိုအပ်ခဲ့မှာပါ။

သချ်ာမှာ အလွန်အသုံးဝင်တဲ့ ပိုက်သဂိုးရပ်သီအိုရမ် (ထောင့်မှန်တြိဂံတခုမှာ ထောင့်မှန်နဲ့ မျက်နှာချင်းဆိုင်နေတဲ့ အနားတခုလုံးပေါ်ရှိ စတုရန်းပုံရဲ့ ဧရိယာဟာ ကျန်အနားနှစ်ဖက်ပေါ် အလားတူ ရေးဆွဲထားတဲ့ စတုရန်းပုံနှစ်ခုရဲ့ ဧရိယာစုစုပေါင်းနဲ့ ညီမျှတယ်ဆိုတဲ့ အဆိုပြုချက်) ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၆၀၀ လောက် ရှေးဂရိခေတ်က ဘာသာရေးဂိုဏ်းတခုရဲ့ ခေါင်းဆောင် ပိုက်သဂိုးရပ်က ဖော်ထုတ်ခဲ့တာ ဖြစ်ပါတယ်။ သူ့ခေတ်သူ့အခါအရ ကြီးမားတဲ့ အကျိုးပြုချက်ပဲပေါ့။ လူ့အဖွဲ့အစည်းရဲ့ အသိပညာ ဘဏ္ဍာတိုက်ဆိုတာ ဒီလိုနဲ့ စုမိဆောင်းမိ ဖြစ်လာပါတယ်။

အမှန်တရား ရှာဖွေဖော်ထုတ်တယ် ဆိုတာဟာ လူတွေ လက်ရှိသိရှိထားတဲ့ အချက်များအပြင် နောက်ထပ်

စူးစမ်းလေ့လာချက်တွေအပေါ် အခြေခံပြီး အနုပဋိလောမ ရုပ်ဝါဒကျကျ ကောက်ချက်ချတဲ့ သဘောပါပဲ။ ယေဘုယျမှုသာ ဖြစ်တဲ့ ကောက်ချက်လည်း ဖြစ်ချင်ဖြစ်ပါလိမ့်မယ်။ ဥပမာ "စကြာဝဠာထဲမှာ Black Hole ခေါ် တွင်းမည်းများ ရှိနိုင်တယ်၊ ရှိတယ်။" "နိုင်ငံတော်ဆိုတဲ့ လူမှုအခြင်းအရာ တစတစ တိမ်ကောပျောက်ကွယ်တဲ့ သမိုင်းဖြစ်စဉ် ရှိလာလိမ့်မယ်။" "ကိုဗစ် ၁၉ ရောဂါ ပြန့်ပွားပုံနဲ့ပတ်သက်လို့ လေ့လာဖို့ များစွာလိုသေးတယ်။" စတဲ့ ကောက်ချက်မျိုးတွေ ဖြစ်ပါတယ်။ သမိုင်းအကန့်အသတ်ရှိတဲ့အောက်မှာ ဒါတွေဟာ အသေးမစိတ်ပေမယ့် ခိုင်မာပြီး သူ့အချိန်အခါနဲ့သူ အားကိုးအားထားပြုနိုင်တဲ့ ကောက်ချက်မျိုးတွေ ဖြစ်ပါတယ်။ ကောက်ချက်ချရာမှာ တတ်နိုင်တာထက် ပိုအသေးစိတ်ဖို့ ကြိုးစားတာ သိပ္ပံနည်းကျ သဘောထားမဟုတ်ပါ။ မသိသေး မသိနိုင်သေးတဲ့ အပိုင်းကို နောင်ဖြည့်စရာ ကွက်လပ်အဖြစ် ချန်ထားကြရတာပါပဲ။

သိပ္ပံပညာရှင်တွေအနေနဲ့ ကောက်ချက်များ အဆိုပြုချက်များကို ပြုလုပ်ရာမှာ အတတ်နိုင်ဆုံး သိပ္ပံနည်းကျ ဖြစ်အောင် ကြိုးစားကြရမှာပါ။ သိပ္ပံနည်းကျမှုကို ထိခိုက်စေတဲ့ အကြောင်းထဲမှာ တွေးခေါ်ရာမှာ စိတ်ဝါဒရဲ့ ဂယက်ရိုက်မှုခံရခြင်း၊ ဆန္ဒစွဲကျခြင်းလည်း ပါဝင်နိုင်ပါတယ်။ ဒါ့အပြင် လေ့လာချက်များအပေါ် သက်ဆိုင်ရာခေတ်မှာ လွှမ်းမိုးခြယ်လှယ်တဲ့ လူတန်းစားရဲ့ ထိန်းချုပ်မှုကြောင့်လည်း ဖြစ်နိုင်ပါတယ်။ မျက်မှောက်ကာလ လက်ဝါးကြီးအုပ် ဘဏ္ဍာအရင်းရှင်ခေတ်မှာ သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကဏ္ဍ အပါအဝင် ကျန်းမာရေး၊ ပညာရေးကဏ္ဍများက ထုတ်ပြန်တဲ့ သုတေသနစာတမ်းများဟာ ဘဏ္ဍာအရင်း အလိုကျ၊ ဖိနှိပ်သူအလိုကျ၊ ပထဝီနိုင်ငံရေးအကျိုး အလိုကျ၊ စစ်အင်အား ပြိုင်ဆိုင်မှုအလိုကျဖြစ်အောင် ထိန်းချုပ်တာခံရလို့ စာတမ်းများရဲ့ သိပ္ပံနည်းကျမှု အရည်အသွေးဟာလည်း အနည်းနဲ့ အများ ထိခိုက်ခံရနိုင်ပါတယ်။ မိမိကုမ္ပဏီအကျိုး၊ မိမိအမျိုးသားနိုင်ငံအကျိုး အထိခိုက် မခံနိုင်တဲ့အတွက် တချို့အဆင့်မြင့် ပညာတွေကို ထိပ်တန်းလျှို့ဝှက်ထားတာကြောင့် ဒီမိုကရေစီကျကျ ပညာရပ်ဖလှယ်တာ လုံးဝပွင့်ပွင့်လင်းလင်း ပူးပေါင်းအဖြေရှာတာ မလုပ်နိုင်ကြပါ။ စစ်လက်နက် ပြိုင်ဆိုင်မှုဘက်သုံးတဲ့ ဦးနှောက်အင်အား၊ ရုပ်ဝတ္ထုအင်အားတွေကတော့ လုံးဝအဖြုန်းတီးခံလိုက်ရတဲ့ အရာများ ဖြစ်ပါတယ်။ ၂၀၂၀ ခုနှစ် ကမ္ဘာ့ပထဝီ နိုင်ငံရေးမှာ ကိုဗစ်အမျိုးသားရေးဝါဒ၊ ကာကွယ်ဆေးအမျိုးသားရေးဝါဒ သဏ္ဍာန်တွေကို ထင်ထင်ရှားရှား တွေ့ရပါတယ်။ သိပ္ပံနဲ့နည်းပညာ တိုးတက်မှုကို ဒီလို အချုပ်အနှောင်များအောက်က တကယ်တမ်း လွတ်မြောက်စေဖို့ဆိုရင် ကမ္ဘာ့အရင်းရှင်စနစ်ကို လုံးဝဖျက်သိမ်းပြီး ထုတ်လုပ်ရေးဆိုင်ရာ ဥစ္စာခနေအားလုံးကို လူ့အဖွဲ့အစည်းပိုင် ပြုလုပ်တဲ့ ကမ္ဘာ့အလုပ်သမားနိုင်ငံများစနစ် ထူထောင်ရမှာ ဖြစ်ပါတယ်။

အသိပညာ တိုးတက်မှု သမိုင်းစဉ်အကြောင်း ပြောရင် ပညာရှင်များနဲ့ သိပ္ပံဘာသာရပ်များအကြောင်း သာမကလူအများရဲ့ လက်တွေ့ပြဿနာဖြေရှင်းမှု အတွေ့အကြုံများအကြောင်းပါပြောဖို့ လိုပါတယ်။ ဒီဒုတိယ အခြေအနေမှာတော့ တစုံတရာ အတွေ့အကြုံရှိသူ သာမန်လူများ လက်တွေ့ပြဿနာ ဖြေရှင်းဖို့ ညှိနှိုင်းအဖြေရှာ ဆုံးဖြတ်ချက်ချ လုပ်ကိုင်ရင်း နည်းနာသစ်၊ အသိပညာသစ် ရရှိတာတွေလည်း ရှိတယ်။ ရှေးခေတ် လူတန်းစားမဲ့ လူ့အဖွဲ့အစည်းမှာ ပြဿနာတွေကို ဒီနည်းနဲ့ အဖြေရှာ ဖြေရှင်းခဲ့ကြတာပါ။ ပညာတတ်လူတန်းစားရယ်လို့ ပေါ်ပေါက်လာတဲ့ ခေတ်မှာလည်း ပညာရှင်များဟာ သာမန်လူများရဲ့ အတွေ့အကြုံတွေကို ကိုးကားအခြေပြု အဖြေရှာရတာတွေ ရှိတယ်။ အထူးသဖြင့် ချက်ပြုတ်ရေးပညာ၊ စိုက်ပျိုးမွေးမြူရေးပညာ၊ သမိုင်းသုတေသန၊ ဘူမိဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ စတာတွေအပြင် ပြောက်ကျားစစ်နည်းပရိယာယ်၊ သပိတ်တိုက်ပွဲ လူထုတိုက်ပွဲ နည်းပရိယာယ်စတဲ့ နယ်ပယ်တွေနဲ့ ပတ်သက်တဲ့ အသိပညာ

လေ့လာရာမှာ "ကွင်းဆင်း" တဲ့ ကိစ္စက အထူးအရေးကြီးပါတယ်။

အတွေ့အကြုံ ဖလှယ် ညှိနှိုင်း အဖြေမှန်ရှာရာမှာ အကျိုးစီးပွားချင်း ထိပ်တိုက်ဖြစ်မှု အခြေခံအားဖြင့် မရှိတဲ့ ဘဝတူများအကြား ညှိနှိုင်းအဖြေရှာတာဟာ ပညာရေချိန်နိမ့်တာမြင့်တာ အပထား နှိုင်းယှဉ်ချက်အရ ထိရောက် မှန်ကန်လေ့ ရှိပါတယ်။ ဒါမျိုးဆိုရင် ပညာရေချိန်မြင့်လေ ကောင်းလေပေါ့။ ဒါကြောင့် တိုးတက်တဲ့ နိုင်ငံရေး အဖွဲ့အစည်းများ အနေနဲ့ ကျိုးကြောင်းဆီလျော်တဲ့ မှန်ကန်တဲ့ ဆုံးဖြတ်ချက်များ ချမှတ်လုပ်ဆောင်သွားနိုင်ဖို့ ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှုလေထု ထုထောင်ရေးဟာ အရေးကြီးပါတယ်။ အဖွဲ့အစည်းဝင်တွေအကြား အကျိုးစီးပွားချင်း ထိပ်တိုက်ဖြစ်မှု အခြေခံအားဖြင့် မရှိတဲ့ အခြေအနေကို တန်ဖိုးထား ဖော်ဆောင်ရပါမယ်။ ဥပမာ ကျင်လည်ရတဲ့ အနေအထား မတူလို့ နေထိုင်မှု အဆင့်ကွာတာ ပြဿနာ မကြီးပါ။ အထက်လူစားစတမ်း၊ လည်ဝယ်သူ စားစတမ်း အခြေအနေသို့ ကျရောက်သွားစေမည့် ခြေလှမ်းမျိုး လှမ်းပြီးခါမှ ဘဝတူစိတ်မွေးကြဖို့ ညီညွတ်ကြဖို့၊ ယုံကြည်ကြဖို့ ပြောဆိုတိုက်တွန်းရတာ အတော်ခက်သွားမှာပါ။ အထူးသဖြင့် ခေရှင်လူတန်းစားနဲ့ အုပ်စိုးသူလူတန်းစားတို့ရဲ့ ဖြားယောင်းလာဘ်ထိုးမှုအောက် ကျရောက်မည့် ခြေလှမ်းများ မလှမ်းမိစေဖို့ သတိထားကြရပါတယ်။ ပဲရစ်တုံအဖွဲ့က ညွှန်ပြတဲ့ အနာဂတ် အလုပ်သမားနိုင်ငံတော်မှာလို အလုပ်သမားများဟာ အာဏာပိုင်အလုပ်မှန်သမျှကို တက်လုပ်နေကြပြီး ဘယ်အာဏာပိုင်မှ ယေဘုယျ အလုပ်သမား လစာထက် ပိုမရတဲ့ စနစ်မျိုး တည်ဆောက်နိုင်ပါက လူမှုပြဿနာတွေကို မှန်ကန်စွာ ဖြေရှင်းနိုင်တဲ့ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ပါလိမ့်မယ်။

**လမ်းညွှန်အဖြစ်အသုံးပြုခြင်း**

လက်တွေ့သမိုင်းဖြစ်စဉ်ထဲမှ အမှန်တရားများကို တစတစ ရရှိလာခြင်းနဲ့အတူ ရရှိလာတဲ့ နှိုင်းယှဉ်ချက်အမှန်တရားများကို လက်တွေ့ထဲမှာ အသုံးပြုခြင်း (အသုံးချခြင်း) ဟာလည်း မရှိမဖြစ်ယှဉ်တွဲ တည်ရှိနေပါတယ်။ အသုံးပြုခြင်းဆိုတာ လမ်းညွှန်အဖြစ် အသုံးပြုခြင်းကို ဆိုလိုတာပါ။ စိတ်ကူးအထွက် ပစ္စည်းကို ရုပ်လောကထဲ အတင်းမရမက သွတ်သွင်း 'အသုံးချ' ဖို့ မဖြစ်နိုင်ပါ။ လူသားဦးနှောက်ထဲ အယူအဆအဖြစ် လောလောဆယ် ပုံမဖော်နိုင်သေးတဲ့ သဘာဝအခြင်းအရာများနဲ့ လူမှုအခြင်းအရာများ မရေမတွက်နိုင်အောင် ရှိနေမှာကို မုချတွက်ဆနိုင်ပါတယ်။ ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးပါး အယူအဆကနေ ဟိုက်ဒရိုဂျင်၊ ဟီလီယံ၊ ဒန်၊ သံ၊ ငွေ၊ ရွှေ၊ ယူရေနီယံစတဲ့ ဒြပ်စင် တရာကျော် အယူအဆအထိ တိုးတက်လာပေမယ့် ကွက်လပ်များကတော့ အမြဲရှိနေပါတယ်။ ဒါပေမဲ့ သူ့ခေတ်အခါနဲ့သူ သိရှိရသလောက် အမှန်တရားကို အသုံးပြု လုပ်ကိုင်ကြတာပါပဲ။ လက်နှိပ်စက်လည်း လက်နှိပ်စက်ခေတ်အလျောက် တွင်တွင်ကျယ်ကျယ် သုံးခဲ့ကြတာပါပဲ။

သဘာဝသိပ္ပံနယ်ပယ်မှာ သဘောတရား ငြင်းခုံမှုတွေ နှိုင်းယှဉ်ချက်အရ နည်းပါးပေမယ့် လူတန်းစားတိုက်ပွဲကို တိုက်ရိုက်ထင်ဟပ်တဲ့ လူမှုသိပ္ပံဘက်မှာတော့ တိုက်ပွဲပြင်းပါတယ်။ အဓိကအားဖြင့် အရင်းရှင်စနစ်ကို ထိန်းသိမ်းမလား၊ ပယ်ဖျက်မလားဆိုတာအပေါ် ဗဟိုပြုတဲ့ တိုက်ပွဲပါ။ ဒါဟာ 'ဝါဒစွဲ' တိုက်ပွဲ မဟုတ်ပါ။ လူတန်းစားတိုက်ပွဲသာ ဖြစ်ပါတယ်။ လူမှုသိပ္ပံ သဘောတရားတို့ ဝါဒတို့ဆိုတာတွေက လက်တွေ့ (သွေးစုပ်ဖိနှိပ်သူများ၊ သွေးစုပ်ဖိနှိပ်ခံရသူများ အပြန်အလှန်ဆွဲဆောင်တွန်းကန်မှုများ တည်ရှိမှု ဖြစ်ပေါ်တိုးပွားမှု) ကို ထင်ဟပ်တာပါ။ လက်တွေ့တည်ရှိမှုဆိုတာကျတော့ သဘောတရားတွေ အဆိုပြုချက်တွေနဲ့ လိုက်လျောညီထွေဖြစ်အောင် အကောင်အထည် ပြပေးနေတာ မဟုတ်ပါ၊ လူတွေ ကိုယ်တိုင်ရဲ့ လုပ်ဆောင်မှု ရလဒ်များ ပါဝင်တဲ့ လူမှုလောကတောင်မှ

လူ့ဆန္ဒနဲ့ အမှီအခိုကင်းကင်း ဖြစ်ပေါ်တိုးပွားနေတာပါ။ (လုပ်ဆောင်ရာမှာ စိတ်ဆန္ဒဟာ မုချပဲ တွန်းဆော်မှု အခန်းက ပါဝင်မြဲ ဖြစ်ပေမယ့် လုပ်ဆောင်မှု ရလဒ်ကိုတော့ ရုပ်အခြေအနေကပဲ အဆုံးအဖြတ်ပြုတာ ဖြစ်လို့ပါ။) ဒါကြောင့် လက်တွေ့တည်ရှိမှု ဖြစ်ပေါ်တိုးပွားမှုထက် သက်ဆိုင်ရာ အမှန်တရား ဖော်ထုတ်နိုင်မှု (သဘောတရားအဖြစ် စုစည်းပေါင်းချုပ်နိုင်မှု) က မုချအမြဲတမ်း နောက်ကျပါတယ်။

ကမ္ဘာ့အလုပ်သမား၊ ဗမာပြည် အလုပ်သမားနဲ့ ကမ္ဘာ /ဗမာပြည်ရှိ အလုပ်သမား လူတန်းစား တိုက်ပွဲများ တည်ရှိဖြစ်ပေါ်တိုးပွားမှု အခြေခံအပေါ်မှာ ဗမာပြည် မာ့က်စ်ဝါဒ အင်အားနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ပေါ်ထွက်ခဲ့ပါတယ်။ အလုပ်သမားလူတန်းစားဆိုတာ အရင်းစစ်လိုက်ရင် အားထားစရာဆိုလို့ ကိုယ်နေထိုင်တဲ့ တိုင်းပြည်အပါအဝင် နိုင်ငံတကာရှိ ဘဝတူများရဲ့ သွေးစည်းမှုအင်အားပဲ ရှိပါတယ်။ သူတို့ဟာ အများသူငါ ပြောပြောနေတဲ့ 'တိုင်းပြည်' ဆိုတဲ့ အရာကို ပိုင်ဆိုင်မထားကြကြောင်း၊ ကိုယ်နဲ့တိုက်ရိုက် ထိတွေ့နေရတဲ့ ဓနရှင်တွေနဲ့ အရင်စာရင်းရှင်းကြရတာ၊ ဓနရှင်လူတန်းစားနဲ့ တိုက်ပွဲဆင်မှုကို အစပထမမှာ အမျိုးသားဘောင်အတွင်း စည်းရုံးလုပ်ဆောင်ကြရတာတွေဟာ အနှစ်သာရ သဘောမဆောင်ဘဲ သဏ္ဌာန်သဘော အရသာဖြစ်ကြောင်း ကွန်မြူနစ်ကြေညာစာတမ်းမှာ ရေးထားပါတယ်။ 'နိုင်ငံတကာ' ဆိုတာ ဟိုတုန်းကတော့ ဥရောပတဝိုက်နိုင်ငံများလောက်သာဖြစ်ပြီး နောက်တော့ ကိုလိုနီနိုင်ငံတွေပါ ပါလာတယ်၊ အခုတော့ ကမ္ဘာ့နိုင်ငံ အားလုံးကို ရည်ညွှန်းပါတယ်။ ဒ့ါအပြင် အင်အားဆိုတာ အရေအတွက်ရော အရည်အသွေးပါ ထည့်တွက်ရပါတယ်။ ဗမာပြည် အလုပ်သမားရဲ့ ဖွားဘက်တော်က ဗမာပြည်ဓနရှင် မဟုတ်ဘဲ အင်္ဂလိပ်ကိုလိုနီဓနရှင်နဲ့ ကိုလိုနီအုပ်စိုးသူတို့ ဖြစ်ပါတယ်။ ဗမာပြည် အလုပ်သမားတိုက်ပွဲဟာ ဥရောပမှာလို စက်များ ရိုက်ချိုးတဲ့ အနိမ့်ဆင့်က အစပြုစရာ မလိုတော့ပါ။ ကိုလိုနီစီးပွားရေးစနစ်ကိုသာမက နိုင်ငံရေးစနစ်ကိုပါ တိုက်ပွဲဆင်ရပါတယ်။ တခြားကိုလိုနီနိုင်ငံများက အလုပ်သမား တိုက်ပွဲများလည်း ဒီသဘောဆန်ပါတယ်။

## သဘောတရားနဲ့ လက်တွေ့

သဘောတရားသိဖို့ အရေးကြီးတယ်၊ စာများများဖတ်ကြ၊ ကမ္ဘာကြီးကို လက်တွေ့ပြောင်းလဲဖို့ အရေးကြီးတယ်၊ လုပ်လို့ရတာ လုပ်ကြ စတဲ့ပြောနည်းတွေက သဘောတရားနဲ့ လက်တွေ့ဆက်စပ်မှုအပေါ် နားလည်မှုအပိုင်းမှာ ယန္တရားဆန်ပါတယ်။

သဘောတရား၊ အမှန်တရားများကို နားလည်သိရှိလာစေတဲ့ အခြေခံအကြောင်းရင်းက လူ့မှုဘဝအတွင်း လူတွေ လက်တွေ့လုပ်ကိုင်လှုပ်ရှားမှု ရှိနေလို့ ဖြစ်ပါတယ်။ စာပေဆိုတဲ့ ကိရိယာကို အသုံးချနိုင်ဖို့ အလွန်အရေးကြီးတာမှန်ပေမယ့် စာသစ်တွေကို စာဟောင်းတွေထဲကပဲ မွေးဖွားဖန်တီးယူလို့ မရနိုင်ပါ၊ ဒါမျိုးကတော့ ပြောနည်းဟောင်းကို ပြောနည်းသစ်နဲ့ အစားထိုးတာပဲ တဝဲလည်လည် ဖြစ်နေမှာပါ။ လက်တွေ့ဘဝထဲမှာတော့ တကယ့်ကိစ္စသစ်တွေ အမြဲရှိနေပါတယ်။ အဟောင်းတွေ ထူးမခြားနား ထပ်ပြန်တလဲလဲ ပြန်ကျော့နေသလို ထင်ရပေမယ့် အချက်အလက်သစ်တွေ ပါဝင်နေပုံကို ဒီလို သေးငယ်ရိုးစင်းတဲ့ ဖြစ်စဉ်တွေမှာတောင် တွေ့နိုင်ပါတယ်၊ ယာဉ်ဘီးဟာ နောက်ထပ်တပတ် လည်ပတ်လိုက်တဲ့အခါ ယာဉ်ဟာ ရှေ့ကို ဘီးတပတ်စာ ပိုရွေ့သွားကာ ဘီးရဲ့ ခံနိုင်ရည်ဟာလည်း နည်းနည်းပိုလျော့သွားခဲ့ပြီ။ ဒီနေ့မနက် အိပ်ရာထလိုက်တဲ့အခါ မိမိရဲ့ဘဝအတွေ့အကြုံဟာ တရက်စာ ပိုပြည့်စုံသွားခဲ့ပြီ၊ ကမ္ဘာလုံးကြီးဟာ တပတ်ပိုလည်သွားခဲ့တဲ့အခါ ကမ္ဘာ့အဖြစ်အပျက်သစ် သတင်းသစ်များလည်း ပေါ်ထွက်လာပြီ စတဲ့ဖြစ်စဉ်ကလေးတွေ ဖြစ်ပါတယ်။ လူတွေအနေနဲ့ ဒီလိုအတွေ့အကြုံ အဟောင်းအသစ်တွေ



ထဲက အမှန်တရားကို ချင့်ချိန်ဆွဲထုတ်နိုင်ပါတယ်။ အထူးသဖြင့် နိုင်ငံရေးနယ်ပယ်မှာ လူထုကြီးအနေနဲ့ တဆင့်မြင့်တဲ့ နိုင်ငံရေးအသိတွေကို လူထုလှုပ်ရှားမှုအတွင်းကနေ ရရှိကြပါတယ်။ အလုပ်သမား လူတန်းစားရဲ့ နိုင်ငံရေး အသိရေချိန်ကို မြှင့်တင်ရာမှာ ဒီအချက်ဟာ အထူးအရေးကြီးပါတယ်။

လက်တွေ့လုပ်ပြီးဆိုမှတော့ လုပ်လို့ရလောက်တာကိုပဲ အကောင်အထည်ဖော်ဖို့ ကြိုးစားကြတာပါပဲ။ ဒါပေမဲ့ ရေတိုရေရှည် ပြဿနာကို ထည့်တွက်ကြရတယ်။ ချက်ချင်းကောက်လုပ်လို့ ရပေမယ့် ရေရှည်ဆက်လုပ်လို့ မရတာ၊ ရေရှည်အကျိုးစီးပွားကို ထိခိုက်စေနိုင်တာဆိုရင် ရှောင်ကြဉ်ရပါတယ်။ ဆေးမသောက်ခင် ဆေးညွှန်းကို မေးရ ဖတ်ရသလိုပါပဲ။ လုပ်လို့ရတာလုပ်ရင်း ရှေ့တက်ရမယ့်အစား ရေစုန်မျောသွားတာ၊ ဝဲဂယက်ထဲ တဝဲလည်လည် ဖြစ်နေတာ၊ ပြန်တက်လို့ မရတော့တဲ့ချောက်ထဲ ကျရောက်သွားတာ မဖြစ်ရအောင် မျက်ကန်းလုပ်လို့ မရပါ၊ မူကို ဆုပ်ကိုင်ရပါတယ်၊ (ခေတ်မီ) သဘောတရားကို ကိုးကားရပါတယ်၊ အကြံဉာဏ်များ စုစည်းရပါတယ်။ ရေရှည်အတွက် စဉ်းစားဖို့က စီးပွားရေး၊ နိုင်ငံရေး ဘက်အသီးသီးမှာ လိုအပ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေမှာ လက်တွေ့အသုံးချသိပ္ပံပညာ (နည်းပညာ) ဘက်မှာ ရှေ့ဆက်ရ ခက်မနေစေဖို့ သဘောတရား သိပ္ပံ (Theorecti - cal Science) သုတေသန လုပ်ငန်းကိုပါ အားစိုက်ရသလိုပါပဲ။

လက်တွေ့ပြဿနာတွေကို ဖြေရှင်းဖို့အတွက် မှန်ကန်တဲ့မူများ၊ ပေါ်လစီများ၊ လုပ်ငန်းလမ်းညွှန်များ တည်ဆောက်ရာမှာ လူပုဂ္ဂိုလ်တဦးချင်း သို့မဟုတ် အင်အားစု (အဖွဲ့အစည်း) တခုချင်းမျှသာမဟုတ် လူ့အဖွဲ့အစည်းအရပါ အားစိုက်လုံးပန်းမှုတွေ ပြုလုပ်ကြရပြီး ခေတ်ပြောင်းလဲရေးပြဿနာကြီးများအတွက်ဆိုရင် ချွေးသွေးပေးဆပ်မှုတွေ ကြုံရတတ်ပါတယ်။

## တခုလုံးနဲ့တခုချင်း

ယေဘုယျနဲ့ ထူးခြားချက်၊ တခုလုံးနဲ့တခုချင်း ဆက်စပ်မှုဆိုင်ရာအပေါ် နားလည်ချက် မှန်ကန်ဖို့ အရေးကြီးပါတယ်။ ကာလဒေသ ထူးခြားချက်တရားဆိုတာ မှုချဖော်ထုတ်ရမှာ ဖြစ်တယ်။ ဒါမရှိရင် ဘာလက်တွေ့မှ လုပ်လို့မရပါ။ ဟိုထူးခြားချက် ဒီထူးခြားချက်များကို ပေါင်းချုပ်ကာ ယေဘုယျကောက်ချက် ချရတဲ့အတွက်လည်း ထူးခြားချက်များ သိရှိဖို့ အရေးကြီးပါတယ်။ ဒါပေမဲ့ ထူးခြားချက်တရားဆိုတာ ယေဘုယျတရားကို မလွန်ဆန်နိုင်ပါ။ ယေဘုယျတရားရဲ့ အစိတ်အပိုင်းလည်း ဖြစ်ပါတယ်။ ရူပသိပ္ပံ၊ ဓာတုသိပ္ပံ စတာတွေဟာ အထွေထွေသိပ္ပံ တရားများကို မလွန်ဆန်နိုင်ပါ။ “တို့ကာလ တို့ဒေသက ဘယ်ဟာနဲ့မှမတူ ထူးကိုထူးခြားတယ်” ဆိုတာ

မျိုးဘက် တိမ်းသွားတဲ့ "သီးသန့်တရား"၊ "ခြွင်းချက်ဝါဒ" တွေဘက် ရောက်မသွားအောင် သတိထားရပါမယ်။ သစ်တောအကြောင်း စဉ်းစားလိုက်တော့မှ ကိုယ်မြင်နေရတဲ့ သစ်ပင်က ပိုရုပ်လုံးကြွလာတယ်။ ကိုယ့်ကမ္ဘာကြီးအကြောင်း ပိုသိဖို့ စကြာဝဠာအကြောင်း စူးစမ်းကြရတယ်။ ကိုယ့်ဝမ်းနာကိုယ်ပိုသိဖို့ ဝမ်းနာတွေ အကြောင်းသိတဲ့ ဆရာဝန်ဆီ ချဉ်းကပ်ရတယ်။ အထူးသဖြင့် အခုခေတ်မှာ ကမ္ဘာ့အရေးအခင်းများနဲ့ ယှဉ်ကြည့်တော့မှ မိမိတိုင်းပြည်ကိစ္စများကို ပိုမိုသဘောပေါက်လာတယ် စတဲ့ အခြင်းအရာများ ရှိနေတာ သတိထားရပါမယ်။



လူတယောက်ရဲ့ ပုဂ္ဂလိကဘဝကို သူ့ခေတ် လူ့အဖွဲ့အစည်း ဘဝအတွင်း သူပါဝင်ပတ်သက်ပုံ သူ့အခန်းကဏ္ဍပေါ် မူတည်ပြီး ရုပ်ဝါဒကျကျ အကဲဖြတ်ရပါမယ်။ လူ့အဖွဲ့အစည်းတိုးတက်မှုကို တွန်းဆော်ပေးသလား ဟန့်တားသလား ဆိုတာပေါ်မူတည် အကဲဖြတ်ရပါမယ်။ ဒီလိုနဲ့ လူတယောက်ရဲ့ ဘဝ (သို့မဟုတ် သူ့ဘဝ တစုံတရာ အစိတ်အပိုင်း) ဟာ တိုးတက်တယ်၊ ဖောက်ပြန်တယ်၊ သာမန်ဖြစ်တယ် သို့မဟုတ် ပဋိပက္ခများနဲ့ ပြည့်လျှမ်းနေတယ် စတဲ့ အကဲဖြတ်မှုတွေ ဖြစ်လာပါတယ်။ တော်လ်စတွိုင်းရဲ့ စာပေများကို မာ့က်စ်ဝါဒအမြင်နဲ့ ခွဲခြမ်းစိတ်ဖြာတာ လုပ်ရမှာ ဖြစ်ပေမယ့် စာရေးသူ တော်လ်စတွိုင်းကိုတော့ အလုပ်သမားလူတန်းစား ရပ်တည်ချက်မရှိသူ၊ တိုးတက်တဲ့ ကမ္ဘာ့အမြင် မရှိသူ၊ ဖောက်ပြန်သူ စသဖြင့် တဖက်သတ်အကဲဖြတ်လို့ မဖြစ်ပါ။ ၇၀ း ၃၀ စံဖြင့်သာ အကဲဖြတ်သင့်ပါတယ်။ သူ့ရဲ့စာပေများဟာ သူ့ခေတ်သူ့အခါရဲ့ ရုရှားလူ့အဖွဲ့အစည်းကို ပီပီပြင်ပြင် သရုပ်ဖော်ခဲ့လို့ ကမ္ဘာ့စာပေသမိုင်းမှာ တန်ဖိုးထားရမယ့် အမွေအနှစ်တွေဖြစ်လို့ သူ့ကို ချီးကျူးဂုဏ်ပြုသင့်ပါတယ်။ အလားတူစွာပဲ သိပ္ပံပညာရှင်များနဲ့ ပတ်သက်ရင် သူတို့ရဲ့ ရှာဖွေတွေ့ရှိချက်များကို တန်ဖိုးထားရမှာဖြစ်ပြီး လူ့အဖွဲ့အစည်းအပေါ် ဂယက်ရိုက်မှု မရှိတဲ့ သူတို့ရဲ့ ကိုယ်ရေးကိုယ်တာသက်သက် ဘဝအပိုင်းကို တပိုင်းသတ်သတ်ထား ကြည့်မြင်ကြရပါမယ်။ နိုင်ငံရေးလောက က လူပုဂ္ဂိုလ်များနဲ့ ပတ်သက်ရင်လည်း လူ့အဖွဲ့အစည်းအပေါ် ကောင်းကျိုး သို့မဟုတ် ဆိုးကျိုး သက်ရောက်စေတဲ့ လုပ်ဆောင်ချက် အပိုင်းကို အလေးထား သုံးသပ်အကဲဖြတ်ရမှာပါပဲ။

လူတွေရဲ့ ပုဂ္ဂလိကဘဝ အသီးသီးမှာ အချိုးအကွေ့တွေက များပြားတယ်။ သူဖြတ်သန်းရတဲ့ လူမှုပတ်ဝန်းကျင်ကလည်း အပြောင်းအလဲများပြား ရှုပ်ထွေးတယ်။ ဒါအပေါ် သူ့ရဲ့တုံ့ပြန်မှု ပါဝင်ပတ်သက်မှုကလဲ ပဋိပက္ခများနဲ့ ပြည့်လျှမ်းနေတတ်ပါတယ်။ ဒါကြောင့် ဘဝတခုလုံးကို (မျက်မှောက်လူပုဂ္ဂိုလ်များအတွက်ဆိုရင် မျက်မှောက်ကာလအထိ ဘဝတခုလုံးကို) ရိုးစင်းတဲ့ ကောက်ချက်နဲ့ အကဲဖြတ်နိုင်တာမျိုးက ရှားပါးပါတယ်။

အဲဒီလို ဘဝတခုလုံးကို မဖြစ်မနေ အကဲဖြတ်ချက်ထုတ်ဖို့ ကြိုးစားတာ၊ အကောင်းအဆိုး ချိန်ခွင်လျှာတိုင်းပြီး ဆုံးဖြတ်တာထက် ဘယ်အကွေ့မှာ သူ့ရဲ့ ဘယ်လိုပါဝင်မှုက ဘယ်လို လက္ခဏာရှိတယ်၊ ဘယ်အကွေ့တွေမှာ သူ့ရဲ့ဘယ်ကဲ့

သို့သော ပုဂ္ဂလိက စရိုက်သဘာဝများဟာ ဘာကြောင့် တိမ်မြုပ်နေပြီး ဘယ်အကွေ့တွေ ရောက်တော့မှ ဘာကြောင့် ဘယ်လိုထွက်ပေါ်လာပြီး လူ့အဖွဲ့အစည်းအပေါ် ကောင်းကျိုးသို့မဟုတ် ဆိုးကျိုး သက်ရောက်စေတယ်။ ဘယ်အဆင့်မှာ ဘာကြောင့် တက်ကြွခဲ့ပြီး ဘယ်အဆင့်ရောက်တော့ ဘာကြောင့် ထိုင်ကျသွားတယ် စတာမျိုး သမိုင်းပြောင်းလဲမှု ဖြစ်စဉ် အမြင်နဲ့ ခွဲခြမ်းစိတ်ဖြာ အကဲဖြတ်တာကသာ သင်ခန်းစာယူစရာ ဖြစ်ပါလိမ့်မယ်။ အဖွဲ့အစည်းတွေ၊ လူမှုစနစ်တွေကိုလည်း သမိုင်းပြောင်းလဲမှုဖြစ်စဉ် အမြင်နဲ့ ဒီလိုပဲ ခွဲခြမ်းစိတ်ဖြာ အကဲဖြတ်ရမှာပါပဲ။ သော့ချက်ကတော့ လူ့အဖွဲ့အစည်း တိုးတက်မှုကို တွန်းဆော်ပေးသလား ဟန့်တားသလား ဆိုတာပါပဲ။

အရေးကိစ္စများ၊ လူပုဂ္ဂိုလ်များအပေါ် ဝေဖန်မှုတွေနဲ့ ပတ်သက်လို့ ပြောရရင် "ကျွန်တော် ဘယ်လိုလူလဲ ဆိုတာ သမိုင်းက အဆုံးအဖြတ်ပေးလိမ့်မယ်။" (လာဝေဖန်မနေကြနဲ့။) "ကျွန်တော် ဘယ်လိုလူလဲဆိုတာ စောင့်ကြည့်ကြ။" (အခု ပြောမနေကြနဲ့။) "ဒီလူထုလှုပ်ရှားမှု နောက်ကွယ်မှာ မကောင်းဆိုးဝါး ပယောဂတွေ ရှိနေတယ် ကြားတယ်။ အထူးအဖွဲ့နဲ့ စုံစမ်းမယ်။" (အခု ပြောမနေကြနဲ့ ဝန်းရံမနေကြနဲ့ အမှုမပတ်ချင်ရင် ဝေးရာရှားကြ။) "ခင်ဗျားတို့ မုန်းတဲ့လူကို အခု အရေးယူတော့မယ်/ယူလိုက်ပြီ။" (ကျေနပ်ကြ။ ဒီအကြောင်း ဝေဖန်ဆွေးနွေးတာတွေ မလုပ်ကြတော့နဲ့။" စသဖြင့် လူထုအတွင်း ဝေဖန်ဆွေးနွေးမှုတွေကို ငြင်းပယ်ပိတ်ပင်ချေးသိပ်တာတွေကို ဆန့်ကျင်ရပါမယ်။

ဘယ်ကိစ္စ အကြောင်းပဲဖြစ်ပါစေ။ သမိုင်းအကွေ့အချိုး ဖြစ်စဉ်အလိုက် အဖြစ်အပျက်များနဲ့ လက်ရှိအခိုင်အမာ သိရသလောက် အဖြစ်အပျက်များအပေါ် အခြေခံပြီး ခွဲခြမ်းစိတ်ဖြာ ပြောဆိုတာဆိုရင် အခိုင်အမာ မဟုတ်တဲ့ 'နောက်ကွယ်က ဇာတ်လမ်းများ' အပေါ် အခြေခံပြောတာ မလုပ်ဘဲ အသေးစိတ် မဟုတ်တောင် ယေဘုယျမျှ မှန်မှန်ကန်ကန် ကောက်ချက်ချ ပြောဆိုတာဆိုရင် ဒီပြောဆိုချက်ဟာ တန်ဖိုးရှိပါတယ်။

နောက်ပြီး 'ဖက်ဆစ်တွေအထဲမှာလည်း လူကောင်းတွေ ရှိတာပဲ ဒီမိုကရေစီသမားတွေ အထဲမှာလည်း လူဆိုးတွေ ရှိတာပဲ' ဆိုပြီး အခြေခံလူမှုစနစ် ကောင်းမကောင်း ပြဿနာကို လူကောင်းမကောင်း ပြဿနာနဲ့ ရောထွေးဖုံးကွယ်ရင်လည်း ဆန့်ကျင်ရပါမယ်။ ဒါ့အပြင် 'လူအပြစ်မဟုတ်ဘူး၊ စနစ်အပြစ်' ဆိုနေပေမယ့် တကယ်တမ်းမှာ လုပ်နည်းကိုင်နည်းစနစ်ကိုပဲ အပြစ်ဖို့ခိုင်းနေတာမျိုးကိုလည်း နားယောင်လို့ မဖြစ်ပါ။ လုပ်နည်းကိုင်နည်း စနစ်အကြောင်း ပြောရင် အခြေခံလူမှုယန္တရားအကြောင်း မပါလို့ မရပါ။ လူနဲ့စနစ် (လူနဲ့မှု) ဆိုတာ ခွဲမရပါဘူး။ သွေးစုပ်ဖိနှိပ်မှုကို ထိန်းသိမ်းကာကွယ်ဖို့ တည်ဆောက်ထားတဲ့ ယန္တရား၊ ခြစားနေတဲ့ ယန္တရားကို ဘယ်နည်းစနစ်နဲ့သုံးသုံး မြေနိမ့်ရာ လှံစိုက်တာ၊ အမြင့်စံများကို ပိုမြင့်ပေးတာပဲ ဖြစ်လာမှာပါ။ ဒါကြောင့် ဒီယန္တရားကြီးကို ဟိုလိုသုံးလိုက်ပါလား ဒီလိုသုံးလိုက်ပါလား အကြံပေးစရာ အကြောင်းမရှိပါ။ မြေနိမ့်ရာ လှံစိုက်ခံရပုံများ၊ လက်တဆုပ်စာ အမြင့်စံရေပေါ်ဆီတွေ မြင့်သထက်မြင့်လာပုံများနဲ့ အကြောင်းရင်းများကို ဖော်ထုတ်ကြရမှာ ဖြစ်တယ်။ လုပ်ခစားစနစ်အရ လုံအစိုက်ခံရဆုံး ဖြစ်တဲ့ ပစ္စည်းမဲ့အလုပ်သမား လူတန်းစားကိုယ်တိုင် ပါဝင်ဦးဆောင်မှုဖြင့် အဖိနှိပ်ခံ ပြည်သူကို စည်းရုံးကာ လက်ရှိအရင်းရှင်ယန္တရားကို ဖျက်သိမ်းဖို့နဲ့ သွေးစုပ်မှုကင်းတဲ့ လောကကို ဖော်ဆောင်မယ့် လူမှုယန္တရားနဲ့ အစားထိုးဖို့အတွက် မရှိမဖြစ် လိုအပ်နေတဲ့ နိုင်ငံရေး အသိမြှင့်တင်မှုလုပ်ငန်း၊ စည်းရုံးရေးအင်အား စုစည်းမှုလုပ်ငန်းတို့ကို လက်တွေ့ လူတန်းစားတိုက်ပွဲ အတွင်းမှာ လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။

၂၀၂၀၊ စက်တင်ဘာ ၁ ရက်။

# အရင်းရှင်စနစ် အာကာသကို နယ်ချဲ့ခြင်း

နာဆာ (NASA) အာကာသယာဉ်မှူးနှစ်ဦး လိုက်ပါတဲ့ 'ကြိုးပမ်းချက်' အမည်ရ အာကာသယာဉ်ကို ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းကနေ ၂၀၂၀ ခုနှစ် မေလ ၃၀ ရက်နေ့မှာ လွှတ်တင် လိုက်ပါတယ်။ စွန်ရဲ (၉) လို့ အမည်ပေးထားတဲ့ လွှတ်ဒုံးနဲ့တွဲပြီး လွှတ်တင်လိုက်တာ ဖြစ်တယ်။ ကိုဗစ် ၁၉ ကပ်ရောဂါကြောင့် အမေရိကန်ပြည်သူတွေ အပါအဝင် တကမ္ဘာလုံး ပူပင်သောကရောက်၊ ပရိဒေဝမီးတွေ တောက်နေချိန်မှာ အမေရိကန်အုပ်စိုးသူ လူတန်းစားနဲ့ အနောက်အုပ်စု မီဒီယာတွေက ဒီတကြိမ် အာကာသယာဉ် လွှတ်တင်ပွဲကို 'ပွဲကြီးပွဲကောင်း' လို့ ကြွေးကြော် အောင်ပွဲခံကြတယ်။ မေလကုန်မှာ လွှတ်တင်လိုက်တဲ့ အဲဒီအာကာသယာဉ်ဟာ ဩဂုတ်လ ၂ ရက်နေ့မှာ ကမ္ဘာမြေပေါ် ပြန်ဆင်းလာပါတယ်။ တကယ်တော့ ပုဂ္ဂလိကကုမ္ပဏီ SpaceX က သူ့ကုန်ပစ္စည်းကို ဒုတိယအကြိမ် ရှိုးပြတဲ့ပွဲ (Demo-2 Mission) ဖြစ်တယ်။

အမေရိကန် အာကာသ လွန်းပျံယာဉ် ပျံသန်းမှု (Space shuttle) အစီအစဉ်ကို ၂၀၁၁ ခုနှစ်မှာ အဆုံးသတ်ခဲ့တာကြောင့် ၉ နှစ်အတွင်းမှာ ပထမဆုံးအကြိမ် အမေရိကန် အာကာသယာဉ်မှူးတွေ လိုက်ပါမောင်းနှင်တဲ့ အမေရိကန်လုပ် အာကာသယာဉ်ကို လွှတ်တင်မှုဖြစ်တယ်။ ပိုထူးခြားတာက ပထမဆုံး အစိုးရ၊ ပုဂ္ဂလိကဖက်စပ် အစီအစဉ်ကနေ ဖန်တီးထုတ်လုပ်တဲ့ယာဉ် ဖြစ်တယ်။ ၂၀၁၁ နောက်ပိုင်းမှာ နိုင်ငံတကာ အာကာသစခန်းကို အမေရိကန် အာကာသယာဉ်မှူးတွေ စေလွှတ်တိုင်း ရုရှား အာကာသ အေဂျင်စီ ရော့စ်ကော့စ်မော့စ် (ROSCOSMOS) ရဲ့ ဆိုးယုဇ် (Soyuz) အာကာသယာဉ်မှာ လိုက်ပါနိုင်ဖို့ ထိုင်ခုံတလုံးကို ၈၅ မီလီယံဒေါ်လာ ပေးနေရတာလည်း အဆုံးသတ်ပြီလို့ ဆိုနိုင်တယ်။

Crew Dragon Endeavour ယာဉ်နဲ့ Falcon ၉ လွှတ်ဒုံးကို ဘီလီယံနာသူဌေး အီလွန်မက်စ်ရဲ့ SpaceX က တပ်ဆင်ထုတ်လုပ်တယ်။ အခုဆိုရင် SpaceX က နိုင်ငံတကာအာကာသစခန်း (ISS) ကို အာကာသယာဉ်မှူးတွေ ပို့ဆောင်ပေးတဲ့ ပထမဆုံး ပုဂ္ဂလိကကုမ္ပဏီ ဖြစ်လာတယ်။ နာဆာရဲ့ Commercial Crew Program (CCP) အရ ပုဂ္ဂလိကကုမ္ပဏီတွေ အာကာသယာဉ် တည်ဆောက်နိုင်ဖို့ SpaceX ကို ၃.၁ ဘီလီယံခန့်၊ Boeing ကို ၄.၈ ဘီလီယံခန့် ငွေကြေး ထောက်ပံ့ထားတယ်။ ပုဂ္ဂလိကကို ကန်ထရိုက်အခွဲပေးတဲ့အလုပ်ကို နာဆာက ၂၀၁၀ မှာ စလုပ်ခဲ့တာ ဖြစ်တယ်။ နာဆာအနေနဲ့ အရင်လို အမာထည်အတွက် ပစ္စည်းဝယ်တာ၊ အာကာသယာဉ်ကို ပိုင်ဆိုင်တာ၊ စီမံခန့်ခွဲတာတွေ မလုပ်တော့ဘူး။ စီးပွားရေးလုပ်ငန်းရှင်တွေကို အကျိုးတူစီးပွားဖက် (ပါတနာ) လုပ်လိုက်တယ်။

CCP မှာ ဒေါ်လာ ဘီလီယံနဲ့ချီပြီး ရင်းနှီးမြုပ်နှံရာမှာ အာကာသအိက်စ် (SpaceX) နဲ့ သူ့ပြိုင်ဘက် ဘိုးအင်း (Boeing) ကို ရင်းနှီးမြုပ်နှံငွေရဲ့ တဝက်စီလောက် ခွဲပေးထားတယ်။ SpaceX က နာဆာနဲ့ ကုန်စည်ပို့ဆောင်ရေး စာချုပ်လည်း ချုပ်ဆိုထားပြီး ၂၀၁၂ ကတည်းက နိုင်ငံတကာ အာကာသစခန်းကို ကုန်ပစ္စည်း ပို့ပေးနေတာပါ။ မကြာသေးခင်က နှစ်တွေမှာ အီလွန်မက်စ်၊ ဂျက်ဖ်ဘေးဇိုးစ်နဲ့ ရစ်ချတ်ဘရန်ဆန်တို့လို ကုဋေကြွယ်သူဌေးတွေကြောင့် အမေရိကန် အာကာသလုပ်ငန်း ပြန်ခေါင်းထောင်လာတယ်။ အမေဇုန်

ကုမ္ပဏီပိုင်ရှင် ဂျက်ဖ်ဘေးဇိုးစ်ရဲ့ Blue Origin နဲ့ အင်္ဂလိပ် လုပ်ငန်းရှင်သူဌေး ရစ်ချတ်ဘရန်ဆန်ရဲ့ Virgin Galactic ကုမ္ပဏီတွေက အာကာသ ခရီးသွားလုပ်ငန်းအတွက် အားကြိုးမာန်တက် လုပ်ကိုင်နေကြတယ်။ ဒီကုမ္ပဏီတွေနဲ့နာဆာ စီးပွားဖက်တွေအဖြစ် လုပ်ကိုင်နေတဲ့ တခြားအစီအစဉ်တွေလည်း ရှိပါသေးတယ်။

သမ္မတအိုဘားမား လက်ထက်ကတည်းက အမျိုးသား အာကာသပေါ်လစီ (၂၀၁၀) နဲ့အတူ အာကာသမှာ စီးပွားရေး အမြတ်ထုတ်ဖို့ အရှိန်ရနေပါပြီ။ သမ္မတထရမ့် လက်ထက်မှာ အမေရိကန် အာကာသ တပ်ဖွဲ့ကို ထူထောင်ပြီး အာကာသ ပျံသန်းရေးကို ဦးစားပေး ပေါ်လစီတရပ်အဖြစ် ချမှတ်ထားတယ်။ (အမေရိကန်လေတပ်ရဲ့ အာကာသစစ်တိုင်းကို ၁၉၈၂ ခုနှစ်ကတည်းက တည်ထောင်ပြီး ဖြစ်တယ်။) အာကာသတပ်ဖွဲ့ရဲ့ တာဝန်တွေက အာကာသထဲက အမေရိကန်ရဲ့အကျိုးစီးပွားကို ကာကွယ်ဖို့၊ အာကာသ ကျူးကျော်မှုတွေကို ဟန့်တားဖို့နဲ့ အာကာသ စစ်ဆင်ရေးတွေလုပ်ဖို့လို့ ဆိုတယ်။ အမေရိကန်ရဲ့ပထမဆုံး စီးပွားဖြစ် အာကာသယာဉ်ကို မလွှတ်တင်ခင် လေးငါးလအလို ဒီဇင်ဘာလ ၂၀၁၉ ခုနှစ်မှာ ဒီတပ်ဖွဲ့ကို ဖွဲ့စည်းတယ်။ အာကာသယာဉ် မြေပြင်ကို ပြန်ဆင်းပြီးနောက် ရက်ပိုင်းအတွင်းမှာပဲ စာမျက်နှာ ၄၁ မျက်နှာရှိတဲ့ 'အာကာသ စွမ်းအား' ဆိုတဲ့ စစ်ရေးမူဝါဒကို ထုတ်ပြန်တယ် (၁၀ ရက်၊ ဩဂုတ်လ)။ သီးခြား စစ်အင်အားတရပ်ကို သတ်မှတ်လိုက်တယ်လို့ ဆိုကြတယ်။

ထရမ့်အစိုးရက စစ်အေးခေတ်က ရှိခဲ့တဲ့ အမျိုးသား အာကာသကောင်စီကို ၂၀၁၇ မှာ ပြန်တည်ထောင်တယ်။ နိုင်ငံတကာ အာကာသစခန်းကို သယ်ယူပို့ဆောင်ပေးတဲ့ ထောက်ပို့လုပ်ငန်းကို ပုဂ္ဂလိကပိုင်လုပ်ဖို့ အဆိုပြုတယ်။ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဝီလ်ဘာရော့စ်က အာကာသ လုပ်ငန်းဟာ ၃၃၀ ဘီလီယံဒေါ်လာ တန်ဖိုးရှိတဲ့ လုပ်ငန်းဖြစ်နေပြီ။ မကြာခင် ဆယ်စုနှစ်တွေမှာ ဒေါ်လာ ထရီလီယံပေါင်းများစွာ တန်ဖိုးရှိတဲ့ လုပ်ငန်းတခု ဖြစ်လာမယ်လို့ ဆိုတယ်။ ထရမ့်အစိုးရရဲ့ ရည်မှန်းချက်တခုက 'လ' ကို အာကာသ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းတွေအတွက် ခရီးတထောက်မှာ လောင်စာဖြည့်ပေးတဲ့နေရာ (gas station) အဖြစ် ပြောင်းလဲနိုင်ရေးပဲလို့ ဆိုတယ်။

အမေရိကန် အာကာသ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ လွတ်လပ်သော လုပ်ငန်း အက်ဥပဒေ (American Space Commerce Free Enterprise Act) က အာကာသကို တကမ္ဘာလုံးက ဘုံပိုင်တာ မဟုတ်ဘူးလို့ ကြေညာထားတယ်။ ဒီလိုကြေညာလိုက်တာဟာ နိုင်ငံတကာသဘောတူစာချုပ်တွေကို ဖောက်ဖျက်တာ ဖြစ်တယ်။ အာကာသထဲက အဖိုးတန် သယံဇာတတွေကို အမြတ်ထုတ်ဖို့ ပုဂ္ဂလိကပိုင်လုပ်ဖို့ ရည်ရွယ်လိုက်တာလည်း ဖြစ်တယ်လို့ သုံးသပ်သူတချို့က ဆိုကြပါတယ်။ အမျိုးသား အာကာသကောင်စီရဲ့ အမှုဆောင် ညွှန်ကြားရေးမှူး စကော့ပေ့စ်က အာကာသဟာ လူသားမျိုးနွယ်ရဲ့ ဘုံအမွေအနှစ်မဟုတ်၊ ပြည်သူပိုင်ပစ္စည်း မဟုတ်ဘူးလို့ ဆိုလာတယ်။

အမေရိကန်၊ ဆိုဗီယက်ယူနီယံနဲ့ တခြားနိုင်ငံတွေ (မြန်မာနိုင်ငံ အပါအဝင်) ကုလသမဂ္ဂကတဆင့် သဘောတူလက်မှတ်ရေး ထိုးထားတဲ့ ၁၉၆၇ ခုနှစ် 'ကမ္ဘာ့လေထု၏ ပြင်ပအာကာသဆိုင်ရာ သဘောတူစာချုပ် (Outer Space Treaty)' မှာ အာကာသဟာ လူသားအားလုံး၊ နိုင်ငံအားလုံးရဲ့ ဘုံပိုင် (res communis) လို့ ဆိုထားတာပါ။ အာကာသထဲက ဘယ်အရာကိုမဆို ပိုင်ဆိုင်ကြောင်း ဘယ်နိုင်ငံကမှ မကြေညာရ၊ အာကာသကို ခြိမ်းခြောက်ပြီးဖြစ်စေ၊ သိမ်းပိုက်ပြီးဖြစ်စေ၊ တခြားတနည်းနည်းနဲ့ဖြစ်စေ အချုပ်အခြာအာဏာ ထူထောင်လို့ မရဘူးလို့ ကြေညာထားတာ ဖြစ်တယ်။ ဒါပေမဲ့ အမေရိကန်နယ်ချဲ့သမားက ဒီသဘောတူညီချက်ကို ဖောက်ဖျက်ဖို့ ကြိုးစားလာတယ်။ လိုအပ်ရင်




အာကာသစစ်ပွဲ ဆင်နွှဲဖို့ စစ်ရေးပြင်ဆင်မှုတွေပါ အချိန်ကိုက် လုပ်လာတာပါ။

ဂြိုဟ်တု လွှတ်တင်တဲ့ လုပ်ငန်း၊ အာကာသ ခရီးသွား လုပ်ငန်း၊ ဥက္ကာခဲ တူးဖော်ရေးလုပ်ငန်းနဲ့ တခြားလုပ်ငန်းတွေ ကနေ အမြတ်အစွန်းတွေ ထုတ်ယူနိုင်အောင် အာကာသကို စီးပွားရေးလုပ်ငန်း နယ်ပယ်အဖြစ် ပြောင်းလဲပစ်တဲ့ခေတ် တခုကို ချဉ်းနင်းဝင်ရောက်လာပြီ ဖြစ်ပါတယ်။ အာကာသ စူးစမ်းလေ့လာရေး နည်းပညာကော်ပိုရေးရှင်း **(SpaceX)** နဲ့ **Blue Origin** လို ပုဂ္ဂလိက ကော်ပိုရေးရှင်းတွေ စိုးမိုးချုပ်ကိုင် လာနေတဲ့ အာကာသလုပ်ငန်းကို အာကာသသစ်လို့ လေ့လာ သုံးသပ်သူတွေက အမည်ပေးထားကြတယ်။ ဒုတိယ အာကာ သခေတ်လို့လည်း ဆိုကြတယ်။ ဆိုဗီယက်ယူနီယံက ၁၉၅၇ ခုနှစ်မှာ စပွတ်နစ် ဂြိုဟ်တု (၁) ကို အာကာသထဲ လွှတ်တင် ပြီး (ပထမ) အာကာသခေတ်ကို စတင်ခဲ့တာ ဖြစ်တယ်။

အာကာသဟောင်းဟာ အစိုးရတွေက အာကာသ ဆိုင်ရာ လုပ်ငန်းတွေကို ချုပ်ကိုင်ထားတဲ့၊ တိုးတက်မှု နှေးကွေး လေးလံတယ်လို့ဆိုတဲ့ စစ်အေးခေတ် အာကာသ ဆက်ဆံ ရေးစနစ် ဖြစ်တယ်လို့ ဆိုကြတယ်။ အာကာသခေတ်ဟောင်း မှာ အမေရိကန်အစိုးရက ဘိုးအင်းနဲ့ လော့ဟိမာတင်လို လက်တဆုပ်စာ ကော်ပိုရေးရှင်းကြီးတွေကိုပဲ ကန်ထရိုက်ပေး ထားတယ်။ အာကာသခေတ်သစ်မှာတော့ အာကာသ ဆိုင်ရာ စီးပွားရေးကုမ္ပဏီတွေ တဒါဇင်လောက် ရှိပါတယ်။ အာကာသကို ဈေးကွက်စီးပွားရေး နယ်ပယ်အဖြစ် လုပ်ခဲ့ တာက ၁၉၆၀ ခုနှစ်များကတည်းက ဖြစ်ပါတယ်။ သမ္မတရေဂင် လက်ထက်မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အာကာသသို့ လွှတ်တင်မှု အက်ဥပဒေ (၁၉၈၄) ကို လက် မှတ်ရေးထိုး အတည်ပြုတယ်။ ဒါပေမဲ့ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းတွေဟာ အကန့်အသတ်နဲ့သာ ပါဝင်နိုင်တယ်။

အာကာသသစ်ကတော့ အမေရိကန်နဲ့ ဆိုဗီယက် ယူနီယံရဲ့ စစ်အေးခေတ် အာကာသပြိုင်ပွဲနဲ့ မတူတော့ဘူး။ အာကာသကို အတိုင်းအတာ ကြီးကြီးမားမားနဲ့ ကုန်သွယ် ရေး၊ စီးပွားရေး နယ်ပယ်အဖြစ် ပြောင်းလဲပစ်တဲ့ခေတ်ကို ရောက်လာပြီ။ အာကာသသစ်က အာကာသမှာ အရင်းရှင် စနစ် ပေါ်ထွန်းမှုကို အချက်ပြလိုက်တာပဲလို့ သုံးသပ်ကြ



တယ်။ အင်္ဂါဂြိုဟ်ကို ကိုလိုနီအဖြစ် သိမ်းပိုက်မယ့် Starship အာကာသယာဉ်ဟာ ကုမ္ပဏီရဲ့ ထိပ်တန်းဦးစားပေး ဖြစ်တယ်လို့ SpaceX ကုမ္ပဏီပိုင်ရှင် အီလွန်မက်စ်က သူ့ဝန်ထမ်းတွေဆီ ပို့တဲ့ အီးမေးတစောင်မှာ ဖော်ပြပါတယ်။ ဒီယာဉ်က အင်္ဂါဂြိုဟ်ကို တခေါက်မှာ လူတရာအထိ ပို့ပေးနိုင်မယ်လို့ ဆိုတယ်။ အင်္ဂါဂြိုဟ်ကို ဘယ်လိုလူတွေ သွားနိုင်မလဲ စဉ်းစားကြည့်ပါ။ ခြေလျင်လျှောက်နေရသူ၊ စက်ဘီးစီးသူ၊ ကားမောင်းသူ၊ လေယာဉ်စီးနိုင်သူ စသဖြင့် လက်တွေ့ဘဝထဲက အခြေအနေကိုပဲ နှိုင်းယှဉ်စဉ်းစားကြည့်ပါ။ ကိုဗစ် ၁၉ ကပ်ဆိုက်မှု ပြင်းထန်လာတော့ မီလီယံနာ သူဌေးတွေဟာ ရောဂါကင်းစင်တယ်လို့ ယူဆရတဲ့ နေရာတွေကို သွားပြီး အပန်းဖြေနေကြတယ်လို့ ဆိုတယ်။

အာကာသ အဟောင်းတုန်းက လူသားမျိုးနွယ်အတွက် အကျိုးဖြစ်ထွန်းဖို့ ဦးစားပေးပြီး လုပ်ကြတယ်။ နိုင်ငံတကာ သဘောတူစာချုပ်တွေရဲ့ ကန့်သတ်ချက်တွေလည်း ရှိတယ်။ အာကာသ အသစ်မှာတော့ အမေရိကန်က နိုင်ငံတကာစာချုပ်တွေကို ဖောက်ဖျက်တဲ့ စကားတွေ ပြောင်ပြောလာသလို ပုဂ္ဂလိက ကုမ္ပဏီတွေနဲ့လည်း ပြောင်လက်တွဲပြီး ဓနရှင်လူတန်းစားရဲ့ အကျိုးအတွက် အင်တိုက်အားတိုက် လုပ်လာပါတယ်။ သယ်ယူပို့ဆောင်ရေးဒုံးတွေ ထုတ်လုပ်တာ၊ ကမ္ဘာ့ပတ်လမ်းမှာ ဂြိုဟ်တုတွေ နေရာချထားတာ၊ အာကာသကို စူးစမ်းလေ့လာရေး၊ အမြတ်ထုတ်ရေးနဲ့ ကိုလိုနီအဖြစ် သိမ်းပိုက်ရေးတွေကို လူသားမျိုးနွယ်အတွက် လုပ်နေတာ မဟုတ်ပါဘူး။ လူသားမျိုးနွယ်ကို ကိုယ်စားပြုသယောင်ယောင် လိမ်ညာဖန်းပြနေတဲ့ အရင်းရှင် စီးပွားရေးသမားတွေက သူတို့လူတန်းစားအကျိုးအတွက် လုပ်နေတာပါ။ မကြာခင် အချိန်တိုအတွင်းမှာ အာကာသလုပ်ငန်းဟာ ကမ္ဘာ့ပထမဆုံး ထရီလီယံတန်လုပ်ငန်း ဖြစ်လာမယ်၊ ကမ္ဘာ့ပထမဆုံး ထရီလီယံနာ သူဌေးတွေလည်း ပေါ်ထွက်လာမယ်လို့ သုံးသပ်နေကြတယ်။

အရင်းရှင်စနစ်က အရင်းစုပုံတိုးပွားမှုကို ဖြစ်စေတယ်။ အရင်းပိုလျှံမှုကို ဖြစ်စေတယ်။ အဲဒီအခါ ပိုလျှံတဲ့ အရင်းကို တခြားနယ်မြေသစ်တွေကို တင်ပို့ဖို့ လုပ်ကြပါတယ်။ ဒါကြောင့် အရင်းရှင်စနစ်ရဲ့ အမြင့်ဆုံးစနစ်ဟာ နယ်ချဲ့စနစ်ပဲလို့ လီနင်က ဆိုခဲ့တယ်။ အရင်းရှင်စနစ် ခိုင်မြဲသက်ဆိုးရှည်အောင် နေရာသစ် ရှာတယ်၊ နယ်မြေချဲ့ထွင်တယ်၊ နယ်မြေသစ်တွေကို သိမ်းပိုက်ပါတယ်။ ၂၁ ရာစုမှာ နယ်ချဲ့လက်သစ်တွေ၊ ဓနရှင်လူတန်းစား လက်သစ်တွေက ကမ္ဘာပေါ်မှာ

နယ်ချဲ့စရာနေရာ မကျန်တော့လို့ အာကာသကို နယ်ချဲ့ဖို့ ကြိုးပမ်းလာကြပြီ။ ဘယ်ခေတ်မှာပဲဖြစ်ဖြစ် နယ်ချဲ့သမားဟာ ပုံစံတူပါတယ်။ အာကာသသစ် အရင်းရှင်နယ်ချဲ့တွေဟာ ၁၉ ရာစုက ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီနဲ့ သိပ်မကွာပါဘူးလို့ ပညာရှင်တချို့က ဆိုကြတယ်။ အရှေ့အိန္ဒိယကုမ္ပဏီက အစိုးရနဲ့ ဓနရှင်လူတန်းစား ပေါင်းဖက်ထားတာပါ။

တချိန်က သင်္ဘောတွေနဲ့ သမုဒ္ဒရာဖြတ် ကမ္ဘာပတ်ပြီး နယ်ချဲ့ခဲ့သူတွေဟာ အခု အာကာသဟင်းလင်းပြင်ထဲမှာ နယ်ချဲ့ဖို့ အားထုတ်နေကြပြီ။ ၂၁ ရာစု ကိုလံဘတ်စ်တွေ ပေါ်လာပြီ။ ၂၁ ရာစု အာကာသ ကုမ္ပဏီတွေ ပေါ်လာပြီ။ စကြာဝတေးမင်းဖြစ်ဖို့ သူတို့အချင်းချင်းလည်း စစ်ခင်းကြပါလိမ့်မယ်။ သိပ္ပံစိတ်ကူးယဉ် ဇာတ်လမ်းတွေထဲကလို တကယ်ဖြစ်လာတော့မယ်လို့ ဆိုကြတယ်။ ဘယ်ခေတ်မှာဖြစ်ဖြစ် နယ်ချဲ့အရင်းရှင်တွေဟာ သူတို့လူတန်းစားအကျိုးအတွက် နယ်ချဲ့ကြတာပါ။ အာကာသခေတ်သစ် နယ်ချဲ့အရင်းရှင်တွေဟာလည်း လူသားမျိုးနွယ်ကို အကျိုးမပြုဘဲ ချမ်းသာတဲ့ လုပ်ငန်းရှင်တစုကိုသာ အကျိုးပြုတဲ့၊ ဓနရှင်လူတန်းစား အကျိုးကိုသာ ဦးတည်တဲ့ နယ်ချဲ့အရင်းရှင်တွေ ဖြစ်ပါတယ်။ လပေါ်ကို ပထမဆုံးခြေချခဲ့တဲ့ နေးလ်အမ်းစ်ထရောင်းက လပေါ်ကို လူသားတွေ ခြေချနိုင်တဲ့ အဖြစ်ဟာ 'လူသားမျိုးနွယ်အတွက် ခုန်ပျံကျော်လွှားမှုကြီးတခု' လို့ဆိုခဲ့တယ်။ မျက်မှောက် အာကာသအရင်းရှင်စနစ်ရဲ့ အောင်မြင်မှုတွေကတော့ 'အရင်းရှင်မျိုးနွယ်အတွက် ခုန်ပျံကျော်လွှားမှုကြီးတခု' ဖြစ် တယ်လို့ ပညာရှင်တချို့က ဆိုကြပါတယ်။


ရည်ညွှန်း

One giant leap for capitalistkind: private enterprise in outer space
https://www.nature.com/articles/s41599-019-0218-9
'The big show': US poised to return to human spaceflight with historic launch
https://www.theguardian.com/science/2020/may/26/spacex-nasa-human-space-launch
How NASA and SpaceX plan to launch astronauts in May despite a pandemic
https://www.cnbc.com/2020/04/03/nasa-spacex-to-launch-astronauts-in-may-despite-coronavirus-pandemic.html
'Spacepower': US Space Force releases foundational doctrine
https://www.space.com/space-force-spacepower-doctrine-capstone.html
Elon Musk's Top Priority Now Is Going to Mars and the Moon
https://observer.com/2020/06/elon-musk-spacex-top-priority-startship-spacecraft-mars-moon/


**ဂြိုဟ်တုလွှတ်တင်တဲ့ လုပ်ငန်း၊ အာကာသ ခရီးသွားလုပ်ငန်း၊ ဥက္ကာခဲတူးဖော်ရေးလုပ်ငန်းနဲ့ တခြားလုပ်ငန်းတွေကနေ အမြတ်အစွန်းတွေ ထုတ်ယူနိုင်အောင် အာကာသကို စီးပွားရေးလုပ်ငန်း နယ်ပယ်အဖြစ် ပြောင်းလဲပစ်တဲ့ ခေတ်တခုကို ချဉ်းနင်းဝင်ရောက်လာပြီ ဖြစ်ပါတယ်**




## ၇၅ နှစ်ပြည့် ဟီရိုရှီးမားနဲ့နာဂါစကီ

ဟီရိုရှီးမားနဲ့နာဂါစကီမြို့တွေ အနုမြူဗုံးအကြဲခံရတာ ဒီနှစ်မှာ ၇၅ နှစ်ပြည့်ပြီ ဖြစ်ပါတယ်။ ၁၉၄၅ ခုနှစ် သြဂုတ်လ ၆ ရက်နေ့မှာ ဟီရိုရှီးမားမြို့ပေါ်ကို ပထမဆုံးအနုမြူဗုံးကြဲချခံရပါတယ်။ နောက် ၃ ရက်အကြာမှာ နာဂါစကီမြို့ကို ဒုတိယဗုံးကြဲခံရပါတယ်။ ဒီဗုံး ၂ လုံးကြောင့် ချက်ချင်းသေဆုံးသူ၊ နောင်ရက်တချို့ကြာမှ ရရှိတဲ့ မီးလောင်ဒဏ်ရာတွေနဲ့ အနုမြူရောင်ခြည်သင့်တာတွေကြောင့် သေဆုံးရသူ စုစုပေါင်းဟာ ၂၅၀, ၀၀၀ နဲ့ ၃၀၀, ၀၀၀ ကြားမှာရှိတယ်လို့ ခန့်မှန်းရပါတယ်။ အများစုက အရပ်သား (ယောကျ်ား၊ မိန်းမနဲ့ ကလေးငယ်တွေ) ဖြစ်ကြပါတယ်။

အဲဒီအချိန်က အမေရိကန်သမ္မတဖြစ်သူ ထရူးမင်းက သူအခုလို အနုမြူဗုံးကြဲဖို့ အမိန့်ပေးရတာဟာ ဂျပန်က လက်နက်ချဖို့ ခေါင်းမာမာနဲ့ငြင်းဆန်နေတာကြောင့်လို့ ဆိုပါတယ်။ အနုမြူဗုံးသာ မသုံးရင် ဂျပန်က လက်နက်ချမှာ မဟုတ်လို့ ဂျပန်နိုင်ငံကို အမေရိကန်တပ်တွေ တက်သိမ်းရမှာ ဖြစ်တယ်။ အဲဒီလိုတိုက်ရရင် အမေရိကန်တပ်ဖွဲ့တွေ အများအပြား သေဆုံးဒဏ်ရာရကြမှာ ဖြစ်တယ်လို့ အကြောင်းပြပါတယ်။

တကယ်ကတော့ ၁၉၄၅ နွေဦးလောက်ကတည်းက ဂျပန်နိုင်ငံဟာ လက်နက်ချဖို့အတွက် သူတို့လက်ခံနိုင်မယ့် သဘောတူညီချက်ရရှိနိုင်ဖို့ ပြင်နေကြပြီဆိုတာ ကြားဖြတ်ဖမ်းယူရရှိတဲ့ ကြေးနန်းတွေအရ ဝါရှင်တန်က သိနေပြီဖြစ်ပါတယ်။ ဂျပန်နိုင်ငံက လိုချင်တဲ့အချက်က သူတို့ရဲ့ကေရာဇ်ဟီရိုဟီတိုကို နန်းမချရဘူး၊ စစ်ခုံရုံး မတင်ရဘူးဆိုတာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အမေရိကန်က အကြွင်းမဲ့လက်နက်ချရေးကိုပဲ တောင်းဆိုခဲ့တယ်။ နောက်ဆုံး ဂျပန်လက်နက်ချတဲ့အချိန်မှာတော့ အဲဒီအချက်ကို အမေရိကန်က လက်ခံခဲ့တာ ဖြစ်တယ်။

ဗိုလ်ချုပ်ကြီးအိုက်ဆင်ဟာဝါက နောင်မှာ ရေးသားထုတ်ဝေတဲ့ သူ့ရဲ့ အမှတ်ရချက်စာအုပ်ထဲမှာ အဲဒီအချိန်က စစ်ဘက်ဝန်ကြီး ဟင်နရီလူးဝစ်စတင်ဆန်က သူ့ကို အနုမြူဗုံးကြဲမယ့်အကြောင်း အသိပေးတဲ့အခါမှာ သူဘယ်လိုပြန်ပြောခဲ့တယ် ဆိုတာကို ရေးသားဖော်ပြထားပါတယ်။ 'ပထမအချက်အနေနဲ့ ကျွန်တော့်ရဲ့အခြေခံယုံကြည်ချက်အရ ဂျပန်ဟာ စစ်ရှုံးနေပြီဖြစ်တာမို့ ဒီလိုဗုံးကြဲဖို့ လုံးဝမလိုအပ်ဘူး။ ဒုတိယအားဖြင့် အမေရိကန်တွေရဲ့ အသက်တွေ မဆုံးရှုံးစေဖို့ဆိုပြီး ဒီဗုံးကို မဖြစ်မနေသုံးဖို့ မလိုအပ်တော့တာကြောင့် ဒီဗုံးကြောင့် ကမ္ဘာကြီး အထိတ်တလန့်ဖြစ်သွားမှာကို ကျွန်တော်တို့နိုင်ငံအနေနဲ့ ရှောင်ရှားသင့်တယ်'

အဲဒီအချိန်က စစ်ဦးစီးချုပ်ဖြစ်သူ ရေတပ်ဗိုလ်ချုပ်ကြီးဝီလျံလဲဟီကလည်း 'ဒီအရိုင်းအစိုင်းလက်နက်တွေကို ဟီရိုရှီးမားနဲ့နာဂါစကီတို့မှာ သုံးခဲ့တာဟာ ကျွန်တော်တို့ရဲ့ ဂျပန်စစ်ပွဲအတွက် ဘာရုပ်ပိုင်းအထောက်အပံ့မှ မဖြစ်စေပါဘူး။ ဒီဟာကို

## သတင်းနဲ့မှတ်ချက်

ပထမဆုံးအသုံးပြုလိုက်တာကြောင့် အမှောင်ခေတ်က အရိုင်းအစိုင်းတွေရဲ့ ကျင့်ဝတ်စံနှုန်းတွေနဲ့ ကျွန်တော်တို့ ကျင့်ဝတ်တွေဟာ တတန်းတစားတည်း ဖြစ်သွားခဲ့တာပါပဲ။’ လို့ ၁၉၅၀ ခုနှစ်မှာ ရေးခဲ့တယ်။

ဒါဆို အမေရိကန်က ဟီရိုရှီးမားနဲ့ နာဂါစကီတို့မှာ မလိုဘဲ ဘာကြောင့် အနုမြူဗုံးသုံးခဲ့တာပါလဲ။ တချက်က သူအသစ် တီထွင်ထားတဲ့လက်နက်ရဲ့ အဖျက်စွမ်းအားကို သိချင်လို့ပါ။ အခုလည်း လက်နက်အသစ်တွေကို ကမ္ဘာ့နေရာအနှံ့က ဒေသန္တရစစ်ပွဲတွေမှာ စမ်းသပ်သုံးနေကြတာပါ။ နောက်တချက်ကတော့ စစ်ကြီးအပြီး ပေါ်ထွက်လာမယ့် ကမ္ဘာ့စနစ်သစ်ထဲမှာ ဒီလက်နက်အားကိုးနဲ့ ကမ္ဘာ့ဗိုလ်ကြီးလုပ်ဖို့ ဖြစ်ပါတယ်။

---

**ကိုဗစ်တန်ခိုးနဲ့**

ကိုဗစ် – ၁၉ ကပ်ဘေးကြောင့် တကမ္ဘာလုံး ဒုက္ခမျိုးစုံ ရောက်ကြရတယ်။ ရောဂါကူးစက်ခံရ၊ အသက်ဆုံးရှုံးရ၊ စီးပွားပျက်ကြသလို အနေအထိုင်တွေကျဉ်းကျပ်ကြရတယ်။ အလုပ်လက်မဲ့တွေ ပေါများလာတယ်။ စီးပွားရေးလုပ်ငန်းတွေ အတော်များများ အထိနာကြတယ်။ ဒါပေမဲ့ ဒီကာလအတွင်းမှာ စီးပွားဉစ္စာ တိုးပွားသူတွေလည်း ရှိသတဲ့ဆိုရင် အံ့သြကုန်ကြမလားပဲ။ ကိုဗစ်တန်ခိုးနဲ့ ဓနတိုးသူတွေ ရှိပါတယ်။

ဒီနှစ် မတ်လအလယ်မှ မေလအလယ်အတွင်း (အမေရိကန်မှာ လော့ခ်ဒေါင်းချထားချိန်) မှာ အမေရိကန်နိုင်ငံမှ ဘီလျံနာသူကြွယ်ကြီးတွေရဲ့ ဓနဉစ္စာဟာ အမေရိကန်ဒေါ်လာ ၄၃၄ ဘီလီယံ ပိုတိုးလာတယ်။ မတ်လ ၁၈ ရက်မှ မေလ ၁၉ ရက်အတွင်း အမေရိကန်နိုင်ငံမှ ဘီလျံနာသူကြွယ် ၆၀၀ ကျော်တို့နဲ့ ပတ်သက်ပြီး နာမည်ကျော်ဖော့ဘ်မဂ္ဂဇင်းက ပြုစုထားတဲ့ အချက်အလက်တွေကို အခြေပြုပြီး အမေရိကန် အခွန်အကောက်မျှတရေးနဲ့ မညီမျှမှုတွေအတွက် ပေါ်လစီလေ့လာရေး အင်စတီကျူက အစီရင်ခံစာတစောင် ထုတ်ပြန်ခဲ့တယ်။

အဲဒီအစီရင်ခံစာအရ ဘီလီယံနာသူကြွယ်ကြီးတွေရဲ့ ပိုင်ဆိုင်မှုစုစုပေါင်းဟာ အဲဒီကာလ အတွင်းမှာ ၁၅% တိုးပွားခဲ့တယ်။ အမေရိကန်ဒေါ်လာ ၂.၉၄၈ ထရီလျံမှ ၃.၃၈၂ ထရီလျံ ဖြစ်လာခဲ့တယ်။ အဲဒီအထဲမှာ ထိပ်ဆုံးက ဘီလီယံနာကြီး ၅ ဦး ဖြစ်တဲ့ ဂျက်ဖ်ဘေးဇိုးစ်၊ ဘီလ်ဂိတ်၊ ဇူကာဘာ့၊ ဝါရင်ဘာဖေးနဲ့ လာရီအဲလီဆန်တို့က ဝေစုအများဆုံး ရကြတယ်။ သူတို့ ၅ ဦးပေါင်းရဲ့ ဓနဉစ္စာတွေ အမေရိကန်ဒေါ်လာ ၇၆ ဘီလီယံ တိုးလာပါတယ်။

ဓမ္မတာပဲ ဆုံးရှုံးကြတဲ့ သူကြွယ်တွေလည်း ရှိကြပါတယ်။ ခရီးသွားလုပ်ငန်း၊ တည်းခိုခန်းစတဲ့ လုပ်ငန်းရှင်တွေပါ။ ဖက်ရှင်ဒီဇိုင်းဘီလီယံနာ ရက်လောရင်ဟာ ဒီကာလအတွင်း အမေရိကန်ဒေါ်လာ သန်း ၁၀၀ ရှော့သွားလို့ သူ့ပိုင်ဆိုင်မှုက ၅.၆ ဘီလီယံ ဖြစ်သွားတယ်။ ဟိုတယ်လုပ်ငန်းရှင် ၀ှန်ပရစ်ကာကတော့ ဒေါ်လာ ၃၄ သန်း ဆုံးရှုံးလို့ ပိုင်ဆိုင်မှုက ဒေါ်လာ ၂.၅၆ ဘီလျံ ဖြစ်သွားတယ်။

ဒီကာလအတွင်း အမေရိကန်မှာ အလုပ်လက်မဲ့ ခံစားခွင့် လျှောက်ထားသူပေါင်း ကတော့ ၅၁ သန်းရှိပါသတဲ့။




**ယမ်းအိုးပေါက လက်ဘနွန်**

ဩဂုတ်လ (၄) ရက်နေ့က လက်ဘနွန်နိုင်ငံမြို့တော် ဘီရွတ်မှာ ပေါက်ကွဲမှုကြီး ဖြစ်ခဲ့တယ်။ လူ ၂၀၀ ကျော်သေဆုံးပြီး ၆, ၀၀၀ ကျော်ဒဏ်ရာရတယ်။ လူ ၃ သိန်းကျော် အိုးမဲ့အိမ်မဲ့ ဖြစ်သွားရတယ်။ ခန့်မှန်းချက်တခုအရ ဒီပေါက်ကွဲမှုကြောင့် တိုင်းပြည် ဂျီဒီပီရဲ့ ၂၅% လောက် ဆုံးရှုံးတယ်လို့ ဆိုတယ်။ ၂၀၁၃ ခုနှစ်လောက်ကတည်းက ဆိပ်ကမ်းဂိုဒေါင်မှာ သိုလှောင်ထားတဲ့ အမိုးနီးယမ်းနိုက်ထရိတ် ၂, ၇၅၂ တန်က ပေါက်ကွဲတာလို့ ဆိုပါတယ်။ သိုလှောင်ထားတဲ့ ၇ နှစ်အတွင်း ဒီဓာတုပစ္စည်းတွေဟာ အန္တရာယ်ရှိတာမို့ ဖြေရှင်းဖို့ ဆိပ်ကမ်းအာဏာပိုင်တွေက တရားရေးဌာနကို တင်ပြခဲ့ပေမယ့် ဘာအဖြေမှ မရခဲ့ဘူးလို့ ဆိုပါတယ်။

လက်ဘနွန်မှာ အခက်အခဲအကျပ်အတည်းတွေ ဖြစ်နေတာ ကြာပါပြီ။ အစိုးရအဆက်ဆက်ရဲ့ တာဝန်ခံမှု တာဝန်ယူမှု မရှိတာ၊ အကျင့်ပျက်ခြစားတာ စတဲ့စတဲ့ ပြဿနာတွေကြောင့် ပြည်သူတွေဟာ အခက်အခဲပေါင်းစုံကို ရင်ဆိုင်နေကြရတာ ဖြစ်ပါတယ်။ ဒီနှစ်အတွင်းမှာ လက်ဘနွန်ငွေကြေး တန်ဖိုးဟာ ၈၀% ကျဆင်းသွားတာကြောင့် ပြည်သူတွေရဲ့ ရှိစုမဲ့စုငွေလေးတွေပါ ပြောင်တလင်းခါသလို ဖြစ်ခဲ့ကြရတယ်။ လက်ဘနွန်လူဦးရေရဲ့ ၄၅% ဟာ ဆင်းရဲမွဲတေမှုအောက်မှာ ရောက်နေတယ်လို့ ကမ္ဘာ့ဘဏ်က ဆိုပါတယ်။ အလုပ်လက်မဲ့က ၃၅% ရှိတယ်။ နိုင်ငံရဲ့ကြွေးမြီက အမေရိကန်ဒေါ်လာ ၉၂ ဘီလီယံရှိပြီး တိုင်းပြည် ဂျီဒီပီရဲ့ ၁၇၀% နီးပါးရှိတယ်။ ဒါဟာ ကမ္ဘာပေါ်မှာ ကြွေးမြီအချိုးအမြင့်ဆုံးတခု ဖြစ်တယ်။ ဆီးရီးယားပြည်တွင်းစစ် ဖြစ်တဲ့အခါမှာ လက်ဘနွန်ထဲကို စစ်ပြေးဒုက္ခသည် ၁.၅ သန်းရောက်လာပြန်ပါတယ်။ လက်ဘနွန်လူဦးရေက ၄.၅ သန်းခန့်သာ ရှိတာ ဖြစ်ပါတယ်။ ကိုဗစ်ရောဂါကပ်ဘေး ကျလာတာကြောင့် လဲရာသူခိုးထောင်းဖြစ်ရပြန်တယ်။

ပြီးခဲ့တဲ့နှစ် အောက်တိုဘာလောက်ကတည်းက မြို့ပေါင်း ၇၀ ကျော်မှာ လူထုတွေဟာ လမ်းပေါ်ထွက်ပြီး အစိုးရကို ကန့်ကွက်ဆန္ဒပြခဲ့ကြတယ်။ ဒါကြောင့် ဇန်နဝါရီလမှာ ဝန်ကြီးချုပ် ဟာရီရီအစိုးရ ပြုတ်ကျသွားတယ်။ ဝန်ကြီးချုပ်ဟာဆန်ဒီရက်အစိုးရ တက်လာတယ်။ ဒါပေမဲ့ အခြေအနေတွေက ဆိုးမြဲဆိုးနေတယ်။ ဒါကြောင့် အခုပေါက်ကွဲမှုကြီး ဖြစ်လာတော့ လူထုကြီးရဲ့ ဒေါသအိုးက ထပ်ပေါက်ကွဲပြန်တယ်။ ဒီလိုနဲ့ အစိုးရအဖွဲ့ နုတ်ထွက်သွားပြန်တယ်။ အိမ်စောင့်အစိုးရတက်လာပြီး မကြာမီ ရွေးကောက်ပွဲလုပ်ပေးမယ် ဆိုတယ်။

ပေါက်ကွဲမှုဖြစ်ပြီးနောက်မှာ အစိုးရအဖွဲ့ တာဝန်ရှိသူ ဘယ်သူမှ အခင်းဖြစ်နေရာကို လာမကြည့်ကြပါဘူး။ လူထုရဲ့ သူတို့အပေါ် ပေါက်ကွဲနေတဲ့ ဒေါသအိုးကို ကြောက်ကြပုံ ရပါတယ်။ အခင်းဖြစ်ပြီး ၂ ရက်အကြာမှာ ရောက်လာတာက ပြင်သစ်သမ္မတမက်ခရွန် ဖြစ်ပါတယ်။ ပြင်သစ်က လက်ဘနွန်ရဲ့ ကိုလိုနီအရှင်သခင်ဟောင်းပါ။ မက်ခရွန်က နိုင်ငံရေးပါးဝပါတယ်။ သူနဲ့ပါလာတဲ့ သက်တော်စောင့်က




တားတာကို လက်မခံဘဲ လူထုကြားထဲက ဝိုကြွေးနေတဲ့ အမျိုးသမီးတယောက်ကို ပွေ့ဖက်နှစ်သိမ့်တာ လုပ်ပါတယ်။ လက်ဘနွန်နိုင်ငံအတွက် ကူညီရေးအစီအစဉ်တွေ သူကမကထလုပ် ဆောင်ရွက်ပေးမယ်၊ လက်ဘနွန်အစိုးရကတဆင့် မဟုတ်ဘဲ အကူအညီလိုနေတဲ့ လူထုဆီ တိုက်ရိုက်ရောက်အောင် စီစဉ်မယ် စသဖြင့် မက်ခရွန်က အာမခံကတိပေးခဲ့တယ်။

မက်ခရွန်ရဲ့လုပ်ရပ်တွေက ဘယ်လောက်ထိရောက်သလဲဆိုတော့ သူပြင်သစ်ပြန်ရောက်တော့ အွန်လိုင်းပေါ်မှာ လက်ဘနွန်လူထု ၅၀, ၀၀၀ ကျော်လက်မှတ်ထိုးထားတဲ့ ပန်ကြားစာတစောင် ထွက်နေပြီ ဖြစ်ပါတယ်။ ပြင်သစ်နိုင်ငံက လက်ဘနွန်ကို နောက် ၁၀ နှစ်ကြာ အုပ်ထိန်းထားဖို့ ပန်ကြားစာပါ။

လက်ဘနွန်နိုင်ငံက ဂိုဏ်းအုပ်စုလေးတွေ ကွဲနေတဲ့ နိုင်ငံပါ။ ခရစ်ယာန်၊ ဆွန်နီမွတ်စလင်နဲ့ ရှအာမွတ်ဆလင်ဆိုပြီး အုပ်စုတွေ ရှိကြတယ်။ ပထမကမ္ဘာစစ်အပြီးမှာ ပြင်သစ်က ဒီအုပ်စုတွေအကြား အာဏာခွဲဝေရေး နိုင်ငံရေးစနစ်တရပ်ကို ဖော်ထုတ်ခဲ့တယ်။ ခရစ်ယာန်တွေကို အကာအကွယ်ပေးဖို့ ရည်ရွယ်ချက်နဲ့ ဖြစ်ပါတယ်။ ၁၉၄၃ ခုနှစ် လွတ်လပ်ရေးရတဲ့အထိ အဲဒီရှုပ်ထွေးတဲ့ အာဏာခွဲဝေရေးအစီအစဉ်ကို တိုင်းပြည်ရဲ့ အထက်တန်းစား (အီလစ်) တွေက ဆက်ခံထိန်းသိမ်းခဲ့ကြတယ်။ သမ္မတက ခရစ်ယာန်၊ ဝန်ကြီးချုပ်က ဆွန်နီနဲ့ လွှတ်တော်ဥက္ကဋ္ဌက ရှအာ စသဖြင့် ခွဲထားတဲ့စနစ်ပါ။ လွှတ်တော်တွင်းမှာ ခရစ်ယာန်နဲ့မွတ်စလင် ကိုယ်စားလှယ်အချိုးကိုတော့ ၆း၁ ဆိုပြီးခွဲထားတယ်။ နောက်ပိုင်းမှာတော့ တရားဝင်အသိအမှတ်ပြုထားတဲ့ အုပ်စု ၁၈ ခု အတွင်းမှာ အချိုးကျခွဲပါတယ်။

အဲဒီလို အာဏာခွဲဝေထားပေမယ့် ၁၉၇၅ ခုနှစ်မှ ၁၉၉၀ အထိ ပြည်တွင်းစစ်ဖြစ်ပါတယ်။ ပြည်တွင်းစစ်အတွင်း လူ ၁၂၀, ၀၀၀ သေဆုံးပြီး စစ်ပြေးဒုက္ခသည်တသန်း ရှိခဲ့တယ်။ လက်ဘနွန်နယ်မြေ အစိတ်အပိုင်းတချို့ကို အစ္စရေးလ်နဲ့ ဆီးရီးယားတို့က ဝင်သိမ်းတာလည်း ခံရတယ်။ ၂၀၀၅ ခုနှစ်ကျမှ ဒီတပ်တွေ ပြန်ဆုတ်သွားကြတယ်။ ပြည်တွင်းစစ်ပြီးတဲ့နောက်မှာ လွှတ်တော်ကို တိုးချဲ့လိုက်တယ်။ ကိုယ်စားလှယ်အချိုးကိုတော့ ခရစ်ယာန်နဲ့ မွတ်စလင်အကြားမှာ တဝက်စီခွဲပါတယ်။

ပြည်သူ့စစ်ခေါင်းဆောင်တွေက အစိုးရအဖွဲ့ဝန်ကြီးဌာနတွေကို ခွဲဝေချုပ်ကိုင်ကြတယ်။ အစိုးရအဖွဲ့ ယန္တရားတွေထဲမှာ သူတို့ဩဇာအာဏာတွေ အပြိုင်တိုးချဲ့ကြပါတယ်။ အစိုးရအလုပ်တွေ၊ ကန်ထရိုက်တွေနဲ့ တခြားအရင်းအမြစ်တွေကို အုပ်စုအလိုက် ခွဲယူကြတယ်။

နိုင်ငံရေးစနစ်က အားလုံးသဘောတူမှုရတာမို့ အားလုံးသဘောမတူရင် ဆုံးဖြတ်ချက် မကျတော့ပါဘူး။ ရလဒ်ကတော့ အရာရာဟာ တစ်ဆို့နေတာပဲ ဖြစ်ပါတယ်။ နိုင်ငံရေးကွင်းမှာ သဘောတူညီချက်မရတဲ့အခါ လမ်းပေါ်တိုက်ပွဲတွေ ဖြစ်ကြပါတယ်။ ကိုယ်စီက ကိုယ်ပိုင်ပြည်သူ့စစ်တွေ

## သတင်းနဲ့မှတ်ချက်

ရှိကြတယ် မဟုတ်လား။
တဖွဲ့နဲ့တဖွဲ့ အသာစီးရဖို့အတွက်
အသီးသီးဟာ
ပြည်ပအားကိုးရှာကြပါတယ်။ ဒါကို
ချက်ယူနေကြတဲ့ နိုင်ငံတွေကတော့
ဆီးရီးယား၊ အီရန်၊ ဆော်ဒီအာရေဗျ၊
အမေရိကန်နဲ့ ပြင်သစ်နိုင်ငံတို့ပဲ
ဖြစ်ပါတယ်။

လောလောဆယ်
ခြေသွက်နေတာကတော့
ပြင်သစ်သမ္မတမက်ခရွန် ဖြစ်ပါတယ်။
လက်ဘနွန်အတွက် ရန်ပုံငွေကို
သူကိုယ်တိုင် ကမကထလုပ်ပြီး
စုဆောင်းတာ လုပ်တယ်။ နောက်ပြီး
လက်ဘနွန်မှာ
နိုင်ငံရေးသဘောတူညီချက်အသစ်တရပ်
ထူထောင်ဖို့လည်း တိုက်တွန်းတယ်။
အခု စက်တင်ဘာလဆန်းထဲမှာ
လက်ဘနွန်ကို သွားဦးမှာ ဖြစ်တယ်။

ပြောရရင်တော့
လက်ဘနွန်ဟာ
အမိုးနီးယမ်းနိုက်ထရိတ် ၂,၇၅၂
တန်ထက် ပိုကြီးတဲ့ယမ်းအိုးပေါ်
ရှိနေတာ ဖြစ်ပါတယ်။

---

### အမေရိကန်ရဲတပ်ဖွဲ့ထဲ လူဖြူကြီးစိုးရေးဝါဒီတွေ စိမ့်ဝင်နေ

အမေရိကန်မှာ လူမည်းတွေအပေါ်
ရဲတပ်ဖွဲ့ဝင်တွေက လူမျိုးခွဲခြားပြီး
နိုင်လိုမင်းထက်ပြုမှုတာ၊
အကြောင်းမဲ့သတ်ဖြတ်တာ
စတာတွေဟာ
နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီ
ဖြစ်ပါတယ်။ အဲဒါတွေကို မခံနိုင်လို့
ကန့်ကွက်ဆန္ဒပြပွဲတွေလည်း
မကြာမကြာ ပေါ်ပေါက်ခဲ့တယ်။
အခုနှစ်မှာလည်း လူမည်းအမျိုးသား
ဂျော့ဖလွိုက်လည်ပင်းကို ရဲက ၉
မိနစ်နီးပါး ဒူးနဲ့ဖိထားလို့
အသက်ဆုံးရှုံးခဲ့ရတယ်။
ရဲတပ်ဖွဲ့ရဲ့အကြမ်းဖက်လုပ်ရပ်ကို
ဆန့်ကျင်ကန့်ကွက်တဲ့
လူထုဆန္ဒပြပွဲတွေလည်း
အမေရိကန်တဝန်းမှာသာမက
ကမ္ဘာ့နိုင်ငံအတော်များများဆီအထိ
ပြန့်နှံ့သွားတယ်။ အဲဒီလို
ကန့်ကွက်ဆန္ဒပြနေတဲ့ကြားကပဲ
နောက်ထပ်လူမည်းတွေ
ရဲတပ်ဖွဲ့လက်ချက်နဲ့ သေဆုံးတာတွေ
ရှိခဲ့ပါတယ်။

အခုရက်ပိုင်းအတွင်းမှာပဲ
အမေရိကန်ရဲတပ်ဖွဲ့ထဲကို
လူဖြူကြီးစိုးရေးဝါဒီတွေနဲ့
လက်ယာအစွန်းရောက်တွေ
စိမ့်ဝင်နေတဲ့အကြောင်း
အစီရင်ခံစာတစောင်
ထွက်လာခဲ့တယ်။ အက်ဖ်ဘီအိုင်
အထူးအရာရှိဟောင်းတဦးဖြစ်သူ
မိုက်ကယ်ဂျာမန်က
ပြုစုထုတ်ပြန်လိုက်တာ ဖြစ်ပါတယ်။
၂၀၀၀ ခုနှစ်ကစလို့ ပြည်နယ် ၁၂
ခုကျော်ရှိ ဥပဒေထိန်းသိမ်းရေး
အရာရှိတွေဟာ အသားအရောင်
ခွဲခြားတဲ့ စစ်သွေးကြွလှုပ်ရှားမှုတွေနဲ့
ဆက်စပ်မှုရှိနေကြတယ်လို့
အစီရင်ခံစာက ဆိုပါတယ်။

ရာပေါင်းများစွာသော
ရဲအရာရှိတွေဟာ
လူမှုကွန်ယက်တွေမှာ လူမျိုးခွဲခြားတဲ့
အကြောင်းတွေ တင်ခဲ့ကြတာကို
တွေ့ရှိရတယ်။ ပြည်နယ်
အတော်များများက
(အလာဘားမား၊ ကာလီဖိုးနီးယား၊
ကော်နက်တီကတ်၊ ဖလော်ရီဒါ
အီလီနွိုက်၊ လူဝီစီယာနား စသဖြင့်)
ရဲတွေဟာ စစ်သွေးကြွနဲ့
လူဖြူကြီးစိုးရေးဝါဒီ အဖွဲ့တွေနဲ့
ဆက်သွယ်မှုရှိနေတာကိုလည်း
ဖော်ထုတ်တွေ့ရှိရတယ်။

ဒီနွေမှာပဲ
အောရိန့်ခရိုင်ဒုရဲမှူးနဲ့
ချီကာဂိုရဲသားတဦးတို့ဟာ
လက်ယာစွန်းလိုဂိုတံဆိပ်ပါ




အဝတ်အစားတွေ ဝတ်ဆင်တာတွေ့ရှိရတယ်။ အိုလံပီယာကရဲအရာရှိတဦးဟာစစ်သွေးကြွအုပ်စုတစုနဲ့အတူတွဲပြီးဓာတ်ပုံရိုက်တယ်။ ကန့်ကွက်ဆန္ဒပြသူတွေနဲ့သတင်းသမားတွေကို လက်နက်ကိုင်လူအုပ်စုတစုက တိုက်ခိုက်နေတာကိုဖီလာဒဲလ်ဖီးယားရဲအရာရှိတွေကလက်ပိုက်ကြည့်နေခဲ့ကြတယ်။

ဥပဒေဘောက်တော်သားတွေနဲ့အဲဒီစစ်သွေးကြွအုပ်စုတွေဘယ်လောက်အတိုင်းအတာအထိဆက်စပ်ပတ်သက်နေသလဲ ဆိုတာကိုအတိအကျမသိနိုင်ဘူးလို့ ဂျာမန်ကပြောပါတယ်။ 'ဒါနဲ့ပတ်သက်တဲ့အချက်အလက်တွေကို ဘယ်သူမှမစုဆောင်းကြဘူး။ အဲဒီလို(လူဖြူကြီးစိုးရေးဝါဒီ)ဥပဒေဘောက်တော်သားတွေကိုလည်းဘယ်သူမှ တက်တက်ကြွကြွရှာဖွေဖော်ထုတ်နေတာ မဟုတ်ဘူး' လို့ သူက ပြောပါတယ်။

ဂျော့ဖလွိုက်အသတ်ခံရပြီးနောက်ကန့်ကွက်ပွဲတွေ အရှိန်မြင့်လာသလိုအဲဒီလက်ယာစွန်းအုပ်စုတွေနဲ့ဥပဒေဘောက်တော်သားတွေအကြားဆက်စပ်မှုတွေအပေါ်စိုးရိမ်မှုတွေလည်းမြင့်တက်လာခဲ့တယ်။ ကာလီဖိုးနီးယား၊ အော်ရီဂွန်၊ အီလီနွိုက်နဲ့ဝါရှင်တန်ပြည်နယ်တွေက ရဲတွေကိုဒီလိုဆက်စပ်မှုတွေ ရှိမရှိစုံစမ်းစစ်ဆေးနေတယ်လို့အစီရင်ခံစာက ဆိုပါတယ်။

ဒီသီတင်းပတ်ထဲမှာပဲဝစ္စကောန်စင်ပြည်နယ် ကနိုရှာမှာလူမည်းအမျိုးသားဂျေကော့ဘလိတ်ကို သူ့ကလေး ၃ယောက်အရှေ့မှာပဲ ရဲက သေနတ်နဲ့ ၇ ချက်ပစ်ခဲ့လို့ကိုယ်တပိုင်းသေသွားတယ်။ (ဆေးရုံရောက်တော့သူ့ကိုခုတင်နဲ့တွဲပြီးခြေထိတ်ခတ်ထားပါတယ်။ အခန်းဝမှာလည်းရဲအစောင့်ထားပါတယ်။ သူကအောက်ပိုင်းမလှုပ်နိုင်တော့သလိုဆေးအရှိန်တွေနဲ့ သတိလည်းကောင်းကောင်းမရပါ။ အခုနောက်ပိုင်းမှ ခြေထိတ်ဖြုတ်၊ အစောင့်ရုပ်လိုက်ပါတယ်။)

ကန့်ကွက်ဆန္ဒပြပွဲတွေလည်းပေါ်ပေါက်လာတယ်။ ဆန္ဒပြပွဲတခုမှာရဲတွေရဲ့အနောက်ဖက်မှာလက်ယာစွန်း လက်နက်ကိုင်လူဖြူအုပ်စုတစု စုစည်းကြတယ်။ အဲဒီလူဖြူအုပ်စုကို ရဲတွေကရေသန့်ဘူးတွေ ပစ်ပေးခဲ့တယ်။ ရဲအရာရှိတဦးက 'ခင်ဗျားတို့ဒီမှာရောက်လာတာကိုကျုပ်တို့အများကြီး တန်ဖိုးထားကျေးဇူးတင်တယ်' လို့အသံချဲ့စက်နဲ့ ပြောတယ်။ အဲဒီလက်ယာစွန်းအုပ်စုထဲက ၁၇ နှစ်အရွယ်လူငယ်အဖြူတဦးကဆန္ဒပြနေသူတွေကို သေနတ်နဲ့ ပစ်လို့ ၂ ဦးသေပြီး တဦးဒဏ်ရာရတယ်။ အဲဒီလူငယ်ဟာ သေနတ်နဲ့ပစ်ပြီးနောက် ရဲတွေကြားကပဲဖြတ်ပြီးထွက်သွားတယ်။

အက်ဖ်ဘီအိုင်နဲ့အမိမြေလုံခြုံရေးဌာနတို့ကလည်းလူဖြူကြီးစိုးရေးဝါဒီတွေဟာတိုင်းပြည်အတွက် အန္တရာယ်အကြီးဆုံး ပြည်တွင်းအကြမ်းဖက်ခြိမ်းခြောက်မှုဖြစ်တယ်လို့သတ်မှတ်ထားပါတယ်။ အက်ဖ်ဘီအိုင်က စစ်ဆေးမေးမြန်းခဲ့တဲ့စစ်သွေးကြွအုပ်စုတွေဟာများသောအားဖြင့်ဥပဒေဘောက်တော်သားတွေနဲ့'ဆက်သွယ်ရေးချိတ်ဆက်' တွေ




ရှိနေကြတယ်လို့
အတွင်းပိုင်းစာတမ်းတွေမှာ
သတိပေးထားတယ်လို့လည်း
ဂျာမန်ရဲ့ အစီရင်ခံစာက
ဆိုပါတယ်။

လက်ယာစွန်းများအကြောင်း
စူးစမ်းရေးဗဟိုက ပြုစုထားတဲ့
အချက်အလက်တွေအရ ဂျော့ဖလွိုက်
အသတ်ခံရပြီးနောက်
ပေါ်ပေါက်လာတဲ့
'လူမည်းတွေအသက်ဟာလည်း
တန်ဖိုးရှိတယ်'
ကန့်ကွက်ဆန္ဒပြပွဲတွေကို
တုံ့ပြန်ဖို့အတွက် စုစည်းမှုလုပ်ခဲ့တဲ့
အကြိမ်ပေါင်း ၅၀၀ နီးပါးရှိခဲ့တယ်။
ကန့်ကွက်ဆန္ဒပြသူတွေကို
သာမန်တိုက်ခိုက်မှု ၆၄ ကြိမ် ရှိတယ်။
ကားတွေနဲ့ဝင်တိုက်တာက ၃၈ ကြိမ်
ရှိတယ်။ သေနတ်နဲ့ပစ်ခတ်တာက ၉
ကြိမ် ရှိပြီး သေဆုံးသူ ၃ ဦး ရှိခဲ့တယ်။

'အဲဒီလက်ယာစွန်း
စစ်သွေးကြွအုပ်စုတွေထဲက
အကြမ်းဖက်ဖို့အထက်သန်ဆုံး
အစိတ်အပိုင်းတွေက
သူတို့လုပ်နေတာတွေကို အစိုးရက
အသိအမှတ်ပြုတယ်၊ အဲဒီလိုလုပ်ဖို့
ခွင့်ပြုထားတယ်လို့
ယုံကြည်နေကြတယ်။ ဒါကြောင့်လည်း
ကန့်ကွက်ဆန္ဒပြသူတွေကို
အကြမ်းဖက်တိုက်ခိုက်ဖို့ သူတို့ဟာ
ပိုပြီးတက်တက်ကြွကြွနဲ့
ထွက်လာနေကြတာ ဖြစ်တယ်' လို့
အစီရင်ခံစာရေးသူ ဂျာမန်က
ဆိုပါတယ်။

## ကိုဗစ်နဲ့ ကမ္ဘာ့စီးပွားရေး

ကိုဗစ်ကပ်ရောဂါဖြစ်တဲ့
အစောပိုင်းလတွေတုန်းက
ပေါ်လစီချမှတ်သူတွေက
စီးပွားရေးဟာ 'ဗွီ' စာလုံးပုံ
ပြန်နာလန်ထူလာမယ်လို့
မျှော်လင့်ခဲ့ကြပါတယ်။
ကိုဗစ်ကပ်ရောဂါကို နှိမ်နင်းနိုင်ပြီး
စီးပွားရေးလည်း
အမြန်ပြန်နိုးထလာမယ်လို့
မျှော်မှန်းခဲ့ကြတယ်။

အခုတော့
ကမ္ဘာ့နိုင်ငံအတော်များများမှာ
ကိုဗစ်ကူးစက်မှုနှုန်းတွေ
ပြန်မြင့်တက်လာလို့ ဒေသအလိုက်
လော့ခ်ဒေါင်းချတာတွေ
ပြန်လုပ်လာရနိုင်တာကြောင့်
စီးပွားရေးတွေ ပြန်ကောင်းလာမှာ
မဟုတ်ဘဲ ပိုဆိုးသွားတော့မှာ
ဖြစ်တယ်လို့
စီးပွားရေးပညာရှင်တွေက
မှန်းဆကြပါတယ်။

ကိုဗစ်ကာကွယ်ဆေးရဖို့ဆိုတာလည်း
နှစ်တွေမကြာတောင်မှ
လတချို့စောင့်ရမှာ ဖြစ်တယ်။
ဒါကြောင့် စီးပွားရေးကို ကိုဗစ်က
နောက်ကတရွတ်ဆွဲနေဦးမှာ
ဖြစ်ပါတယ်။ လုပ်ငန်းတွေ မဖွင့်နိုင်၊
အလုပ်သမားတွေ အလုပ်ပြုတ်ကြပြီး
ဘဏ်တွေမှလည်း
ပြန်မဆပ်နိုင်တဲ့ချေးငွေတွေ
များလာမှာ ဖြစ်တယ်။

တကမ္ဘာလုံး
ကုန်ထုတ်လုပ်မှုဟာ ဒီနှစ်ပထမ ၆
လမှာ ၁၅.၆% ကျဆင်းမယ်လို့
အမေရိကန်ရင်းနှီးမြှုပ်နှံမှုဘဏ်ဖြစ်တဲ့
ဂျေပီမော်ဂန်ချေ့စ်က ခန့်မှန်းပါတယ်။
ဒါဟာ ၂၀၀၈ စီးပွားကပ်ထက် ၄ ဆ
များတာ ဖြစ်တယ်။
နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က
ကမ္ဘာ့စီးပွားရေးဟာ ၂၀၂၀
ခုနှစ်အတွင်း ၄.၉% ကျုံ့သွားမယ်လို့
ခန့်မှန်းထားတယ်။
ယူရိုဇုန်နဲ့ဗြိတိန်တို့ရဲ့ ဂျီဒီပီဟာ
၁၀.၂% ကျမယ်။

## သတင်းနဲ့မှတ်ချက်

အမေရိကန်စီးပွားရေးကတော့ ၈% သေးသွားမယ်။

ကမ္ဘာ့ထုတ်လုပ်မှုဟာ ကိုဗစ်ကပ်ဘေးမတိုင်မီအဆင့်ကို ၂၀၂၁ မကုန်ခင်တိုင်အောင် ပြန်ရောက်မှာမဟုတ်ဘူးလို့ ကျွမ်းကျင်သူအများစု (အင်္ဂလန်ဘဏ်နဲ့ ဥရောပဗဟိုဘဏ်တို့မှ အပါအဝင်) တို့က မှန်းထားတယ်။ ဒါတောင် လာမယ့်ဆောင်းမှာ ဒုတိယကိုဗစ်လှိုင်းလုံးကြီး မရောက်လာမှသာ ဖြစ်မယ်။

လာမယ့် လအနည်းငယ်အတွင်းမှာ အစိုးရက ထောက်ပံ့ပေးတဲ့အစီအစဉ်တွေ ရပ်သွားတာ ဒါမှမဟုတ် လျှော့နည်းသွားတော့မှာဖြစ်လို့ လုပ်ငန်းငယ်တွေ အကြီးအကျယ်ထိခိုက်မှာ ဖြစ်တယ်။ ၂၀၂၀ ခုနှစ်မှာ လုပ်ငန်းအငယ်နဲ့ အလတ်စားတွေ ဒေဝါလီခံရတဲ့နှုန်းဟာ ၃ ဆများလာပြီး ၁၂% ဖြစ်လာမယ်လို့ နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့က ခန့်မှန်းထားတယ်။ ကိုဗစ်မတိုင်ခင်က ၄% ပဲရှိတာ ဖြစ်တယ်။

ယူရိုဇုန်မှာ ကိုဗစ်ရောဂါအပြင်းထန်ဆုံးဖြစ်တဲ့ ဇွန်လအထိ ၃ လအတွင်းမှာ ၄.၅ သန်း အလုပ်လက်မဲ့ဖြစ်သွားတယ်။ ဂျူလိုင်လက ဖိလစ်ပိုင် အလုပ်လက်မဲ့နှုန်းဟာ ၄၅.၅% ဖြစ်သွားတယ်။

အမေရိကန်အလုပ်လက်မဲ့နှုန်းဟာ ဧပြီလမှာ ၁၄.၇% အထိထိုးတက်သွားပြီး ဂျူလိုင်လမှာတော့ ၁၀.၂% ဖြစ်လာတယ်။ ဗြိတိန်မှာ ကိုဗစ်ကပ်ဘေးစတဲ့အချိန်ကစပြီး အလုပ်အကိုင် ၁၂၀, ၀၀၀ ဖြုတ်ချခဲ့ရတယ်လို့ ကုမ္ပဏီကြီးတွေက ကြေညာပါတယ်။ အထိအနာဆုံးတွေက လက်လီဈေးကွက်နဲ့ လေကြောင်းလိုင်းတွေ ဖြစ်တယ်။

ကိုဗစ်ကပ်ဘေးအတွက် ကယ်ဆယ်ရေးအကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၁၁ ထရီလီယံ အသုံးပြုမယ်လို့ ကမ္ဘာ့နိုင်ငံအများက ကြေညာထားပါတယ်။ ဒါပေမဲ့ ကူညီရေးအစီအစဉ်တွေကို ရာသက်ပန်လုပ်ပေးနေနိုင်မှာ မဟုတ်ပါ။ စားသုံးမှုပြန်မြင့်တက်စေပြီး စီးပွားကြီးထွားလာအောင်လုပ်ဖို့ အခြားနည်းလမ်းတွေကတော့ ကြီးမားတဲ့ အခြေခံအဆောက်အအုံ စီမံကိန်းတွေ ချမှတ်လုပ်ဆောင်တာ ဖြစ်ပါတယ်။ ဒီလိုစီမံကိန်းအများအပြားကို အမေရိကန်၊ ဗြိတိန်နဲ့ဥရောပတို့က ဒီနှစ်အကုန်မှာ ထုတ်ပြန်လာလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ ဒါပေမဲ့ စီးပွားရေးတခုလုံးအပေါ် အကျိုးသက်ရောက်စေဖို့ ဒီလိုစီမံကိန်းမျိုးတွေက နှစ်အတော်များများ အချိန်ယူရမှာ ဖြစ်ပါတယ်။

ကိုဗစ်ဘေးကြောင့် လက်ငင်းလတ်တလောဆုံးရှုံးမှုတွေအပြင် ပိုဆိုးတဲ့အကျိုးဆက်တွေကို နောင်လာမယ့် နှစ်တွေအတွင်းမှာ ခံစားကြရဦးမှာ ဖြစ်ပါတယ်။ မဟာစီးပွားပျက်ကပ်ကြီးဟာ ၁၉၂၉ ခုနှစ် အောက်တိုဘာ ဈေးကွက်ပျက်ပြုန်းမှုနဲ့ အစပြုခဲ့တာပါ။ ၁၉၃၃ ခုနှစ် အမေရိကန်ဘဏ်စနစ်ပြိုလဲတဲ့အချိန်ကျမှ စီးပွားရေးက အောက်ဆုံးကိုရောက်တော့တာ

ဖြစ်ပါတယ်။ အောက်ဆုံးရောက်ပြီးမှ ပြန်တက်လာမှာ မဟုတ်လား။

အခုက ကိုဗစ်ကပ်ဘေးက အထွပ်အထိပ်ကို ရောက်ပြီလား၊ ကာကွယ်ဆေးက ဘယ်အချိန်ထွက်မှာလဲ၊ ထိရောက်မှုကော ရှိရဲ့လား ဆိုတာတွေကလည်း မေးစရာတွေပါ။ ဒီရောဂါကို မတိုက်ဖျက်နိုင်သေးဘဲနဲ့ သူ့ကြောင့်ထိခိုက်သွားတဲ့ စီးပွားရေးကိုလည်း ထူမနိုင်မှာ မဟုတ်သေးကြောင်းပါ။




**အာရှနေတိုးအဖွဲ့တဲ့**

အမေရိကန် – အိန္ဒိယ ဗျူဟာမြောက်ပါတနာရှစ်ဖိုရမ်က စီစဉ်ပေးတဲ့ ဩဂုတ်လ ၃၁ ရက်နေ့ အွန်လိုင်းဆွေးနွေးပွဲမှာ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး စတီဖင်ဘီဂင်က အင်ဒိုပစိဖိတ် ဒေသမှာ နေတိုးစစ်မဟာမိတ်အဖွဲ့ ထူထောင်မယ့် အလားအလာတွေကို ထုတ်ပြောခဲ့တယ်။ အင်ဒိုပစိဖိတ် ဒေသမှာ နေတိုးလို၊ ဥရောပသမဂ္ဂလိုမျိုး တောင့်တင်းကြံ့ခိုင်တဲ့ နိုင်ငံပေါင်းစုံပါတဲ့ အဖွဲ့မျိုး မရှိဘူး။ အင်ဒိုပစိဖိတ်ဒေသမှ အိန္ဒိယ၊ ဂျပန်နဲ့ ဩစတြေးလျနိုင်ငံတွေနဲ့ အမေရိကန်တို့အကြား ရှိနေတဲ့ ရင်းနှီးတဲ့ ကာကွယ်ရေးအဆက်အစပ်တွေကို အခြေပြုပြီး နေတိုးလို အဖွဲ့မျိုး ထူထောင်ဖို့ အမေရိကန်နိုင်ငံက ကြံဆနေတယ် စသဖြင့် ပြောဆိုသွားပါတယ်။ ဒီလိုဖွဲ့တာက တရုတ်ပြည်ကို တန်ပြန်နိုင်ဖို့ ဖြစ်တယ်လို့လည်း ပြောပါတယ်။

ဒီ ၄ နိုင်ငံကို အခြေပြုဖွဲ့ပြီး နောင်မှာ အဖွဲ့ဝင်နိုင်ငံတွေ တိုးချဲ့သွားမှာလို့လည်း ဆက်ပြောပါတယ်။ နေတိုးအဖွဲ့ဟာလည်း နိုင်ငံအနည်းငယ်နဲ့ စဖွဲ့ခဲ့ပြီး နောင်မှတိုးချဲ့ခဲ့တာဖြစ်ကြောင်း ပြောတယ်။ ‘လေးပွင့်ဆိုင်’ (Quad ၂၀၀၇ ခုနှစ်မှာ အမေရိကန်၊ ဂျပန်၊ အိန္ဒိယနဲ့ ဩစတြေးလျနိုင်ငံတို့ ပါဝင်ဖွဲ့စည်းထား၊ တရုတ်ပြည်ကို တန်ပြန်ဖို့နဲ့ အင်ဒိုပစိဖိတ် ရေကြောင်းလမ်း လွတ်လပ်စွာသွားလာနိုင်ရေး ရည်ရွယ်ချက်ထားရှိ) အနေနဲ့ လတ်တလော ကိုဗစ်ကပ်ဘေးကာလမှာ ဗီယက်နမ်၊ တောင်ကိုးရီးယားနဲ့ နယူးဇီလန်နိုင်ငံက အရာရှိတွေနဲ့ ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးတွေ လုပ်ခဲ့ပြီး အားရစရာကောင်းတယ်လို့လည်း ပြောပါတယ်။

ဇူလိုင်လတုန်းက အိန္ဒိယသမုဒ္ဒရာမှာ အမေရိကန်နဲ့အိန္ဒိယရေတပ် ပူးတွဲစစ်ရေးလေ့ကျင့်ခဲ့သလို အမေရိကန်၊ ဂျပန်နဲ့ ဩစတြေးလျတို့ဟာ ဖိလစ်ပိုင်ပင်လယ်မှာ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်ခဲ့ကြပါတယ်။ အိန္ဒိယနိုင်ငံက သူပြုလုပ်နေကျ မာလဘာရေတပ်လေ့ကျင့်ရေးမှာ ပူးတွဲပါဝင်ဖို့ ဩစတြေးလျနိုင်ငံကို ဖိတ်ကြားထားတယ်။

၁၉၅၄ ခုနှစ်တုန်းကလည်း ကွန်မြူနစ်အန္တရာယ်ကို အကြောင်းပြုပြီး အရှေ့တောင် အာရှမှာ အမေရိကန် ဦးဆောင်တဲ့ ဆီတိုးစစ်စာချုပ်အဖွဲ့ ပေါ်ခဲ့ဖူးပါတယ်။ ၁၉၇၇ ခုနှစ်မှာ ပျက်သွားတယ်။

အခုက အမေရိကန်နဲ့ တရုတ်နိုင်ငံအကြား တင်းမာမှု အရှိန်မြင့်နေချိန် ဖြစ်ပါတယ်။

ကုန်သွယ်ရေးစစ်က အရှိန်ကောင်းနေဆဲ ဖြစ်တယ်။ တောင်တရုတ်ပင်လယ်မှာ ၂ နိုင်ငံအကြား ပွတ်တိုက်မှုတွေကလည်း တိုးများလာနေတယ်။ သူတို့ ၂ နိုင်ငံရဲ့ စကားလုံးစစ်ပွဲတောင် ဗမာပြည်ထဲမှာ ဖြစ်ခဲ့ကြတယ်။ အိန္ဒိယနဲ့ရုတ်နယ်စပ်မှာလည်း ၂ ဖက်နယ်ခြားစောင့်တပ်ဖွဲ့တွေအကြား တိုက်ခိုက်မှုတွေဖြစ်ပွားပြီး လူသေဆုံးမှုတွေ ရှိခဲ့တယ်။

ဒီလိုအချိန်မျိုးမှာ အခုလို စစ်မဟာမိတ်အဖွဲ့ ထူထောင်မယ် ဆိုတာကတော့ အလွန်အန္တရာယ် များလှကြောင်းပါ။

---

## ဂရိ – တူရကီ ပဋိပက္ခ (သို့) မြေထဲပင်လယ်မှာ စစ်မီးတောက်လာမလား

ဂရိနဲ့တူရကီအကြား ရန်မီးဟာ ရှေးပဝေသဏီက ရှိခဲ့တာ ဖြစ်တယ်။ အနီးကပ်သမိုင်းကို စပြောမယ်ဆိုရင်တော့ ဆိုက်ပရပ်စ်က အစပြုရပါမယ်။ ဆိုက်ပရပ်စ်ကျွန်းမှာ ဂရိအနွယ်ကော တူရကီအနွယ်တွေပါ ရှိကြတယ်။

၁၉၇၄ ခုနှစ် ဆိုက်ပရပ်စ်မှာ ဂရိနိုင်ငံရဲ့အားပေးထောက်ခံမှုနဲ့ စစ်အာဏာသိမ်းပွဲ ဖြစ်တယ်။ အဲဒီတော့ တူရကီက




ဆိုက်ပရပ်စ်ကျွန်းမြောက်ပိုင်းကို ဝင်သိမ်းလိုက်ပါတယ်။ ၁၉၈၃ ခုနှစ်မှာ တူရကီဆိုက်ပရပ်စ်အနွယ်တွေက မြောက်ပိုင်းဆိုက်ပရပ်စ် တူရကီသမ္မတနိုင်ငံတော် (TRNC) ဆိုတာကို ထူထောင်တယ်။ အဲဒါကို ကမ္ဘာမှာ တူရကီတနိုင်ငံတည်းကသာ အသိအမှတ်ပြုထားတယ်။ ဆိုက်ပရပ်စ်သမ္မတနိုင်ငံကတော့ ၂၀၀၄ ခုနှစ်မှာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်သွားတယ်။

၁၉၉၆ ခုနှစ်တုန်းက တူရကီရဲ့ အနောက်ကမ်းခြေအနီးရှိ အေဂျင်ပင်လယ်ထဲက လူမနေတဲ့ ကျွန်း ၂ ကျွန်းကိစ္စနဲ့ ပတ်သက်ပြီး ၂ နိုင်ငံ စစ်ဖြစ်လုနီး ဖြစ်ခဲ့သေးတယ်။

ဆိုက်ပရပ်စ်ကျွန်းရဲ့အနေအထားနဲ့ ပတ်သက်ပြီး ပြေလည်အောင် မဖြေရှင်းနိုင်တာဟာ မြေထဲပင်လယ်ဒေသ အငြင်းပွားမှုရဲ့ အဓိကအကြောင်းအချက် ဖြစ်တယ်။ (TRNC) မပါဘဲ စွမ်းအင်ရှာဖွေရေး သဘောတူညီချက်တွေကို ဆိုက်ပရပ်စ်က ချုပ်ဆိုရင် တရားမဝင်ဘူးလို့ တူရကီက မှတ်ယူတယ်။ ဆိုက်ပရပ်စ်ကျွန်းအနီးမှာ တူရကီက ဓာတ်ငွေ့ရှာဖွေရေးလုပ်နေတာတွေဟာ တရားမဝင်ဘူးလို့ ဂရိကလည်း မှတ်ယူပါတယ်။

နောက်ပြဿနာတခုက စစ်ပြေးဒုက္ခသည်အရေး ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်မှာ ဥရောပသမဂ္ဂနဲ့




သဘောတူညီချက်အရ တူရကီက ဒုက္ခသည် ၄ သန်းကို လက်ခံထားတယ်။ ဒါပေမဲ့ တူရကီသမ္မတအာဒိုဝမ်က နယ်စပ်ကို ဖွင့်လိုက်မယ်ဆိုပြီး မကြာမကြာခြိမ်းခြောက်တတ်တယ်။ ပြီးခဲ့တဲ့ဖေဖော်ဝါရီလတုန်းက ကာလတခု နယ်စပ်ကို တကယ်ဖွင့်ပေးလိုက်တယ်။ ဒုက္ခသည် သောင်းနဲ့ချီပြီး ဂရိနိုင်ငံထဲ ဖြတ်ဝင်သွားကြတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာလမှာ တူရကီဟာ ကုလသမဂ္ဂထောက်ခံမှုရထားတဲ့ လစ်ဗျားအစိုးရနဲ့ ကမ်းနီးပင်လယ် သဘောတူညီချက်တခုကို လက်မှတ်ရေးထိုးခဲ့တယ်။ ဒီသဘောတူညီချက်အရ အဲဒီကမ်းနီးပင်လယ်မှာ တူရကီဟာ ရေနံတူးဖော်ရေးလုပ်ငန်းတွေ တိုးချဲ့နိုင်သွားတယ်။ ဒီစာချုပ်ကို အမေရိကန်နဲ့ ဥရောပသမဂ္ဂတို့က အသိအမှတ် မပြုကြဘူး။ တူရကီက ရေနံရှာဖွေခွင့်ရသွားတဲ့ နေရာဟာ သူ့ရဲ့ စီးပွားရေးဇုံဖြစ်တယ်လို့ ဂရိက ဆိုတယ်။

လစ်ဗျားမှာက အစိုးရ ၂ ဖွဲ့ရှိနေတာ ဖြစ်တယ်။ တဖွဲ့က ကုလသမဂ္ဂက အသိအမှတ်ပြုထားတယ်။ နောက်တဖွဲ့က စစ်ဘုရင်ခါလီဖာဟက်ဖတာအဖွဲ့ ဖြစ်တယ်။ ဒီအဖွဲ့ကို ရုရှား၊ ပြင်သစ်၊ အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး) နဲ့ အီဂျစ်တို့က ထောက်ခံအားပေးတယ်။ ဒီ ၂ ဖွဲ့ တိုက်ပွဲတွေဖြစ်နေတာမှာ တူရကီက ကုလသမဂ္ဂအဖွဲ့အသိအမှတ်ပြု အစိုးရကို ကူညီဖို့ စစ်တပ်တွေ စေလွှတ်ပါတယ်။

အဲဒီလို ကမ်းနီးပင်လယ်ပြင်မှာ တူရကီနဲ့ဂရိတို့ဟာ သူပိုင်ကိုယ်ပိုင် အငြင်းပွားနေကြပြီး စစ်အင်အားတွေလည်း အပြန်အလှန် ပြနေကြတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လမှာ တူရကီနဲ့ဂရိ ၂ နိုင်ငံရေတပ်အုပ်စုတွေဟာ လမ်းကြောင်းတခုတည်း ထိပ်တိုက်မောင်းနှင်လာကြတယ်။ ထိပ်တိုက်တိုးမိခါနီးကျမှ ဂျာမနီနိုင်ငံက ကြားဝင်ပြီး တူရကီကို လမ်းကြောင်းပြောင်းပေးဖို့ ပြောဆိုခဲ့လို့ တည့်တည့်မတိုးမိတော့တာ ဖြစ်တယ်။ ဩဂုတ်လမှာ ဂရိကိုထောက်ခံအားပေးတဲ့အနေနဲ့ ပြင်သစ်က စစ်သင်္ဘော ၂ စင်းနဲ့ ဂျက်တိုက်လေယာဉ်တွေ စေလွှတ်ခဲ့လို့ တင်းမာမှုတွေ ပိုမြင့်တက်လာတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးတွေ အစည်းအဝေးထိုင်ကြတယ်။ ဂရိဘက်က ထောက်ခံပြီး တူရကီကိုလည်း တနိုင်ငံတည်းသဘောနဲ့ လုပ်နေတာတွေကို ရပ်တန်းကရပ်ဖို့ သတိပေးခဲ့တယ်။ မကြာမီမှာ အရေးယူမှုတွေ ပြုလုပ်မယ်လို့လည်း ဆိုပါတယ်။ တူရကီက နေတိုးစစ်စာချုပ်အဖွဲ့ဝင် ဖြစ်ပေမယ့် ဥရောပသမဂ္ဂအဖွဲ့ဝင် မဟုတ်ပါ။ ဂရိကတော့ ၂ ဖွဲ့လုံးမှာ ပါတယ်။

ပြင်သစ်သမ္မတ မက်ခရွန်ကတော့ ပိုပြီးတင်းတင်းမာမာ ပြောတာတွေ့ရတယ်။ ဆီးရီးယားမှာ ကျင့်သုံးခဲ့တဲ့ စည်းမျဉ်းနီပေါ်လစီကို ကျင့်သုံးမှာဖြစ်တယ်လို့ ခြိမ်းခြောက်ပါတယ်။ ဒီပေါ်လစီကို ဆီးရီးယားမှာ ကျင့်သုံးခဲ့ပြီးဖြစ်တယ်လို့ ဆိုပါတယ်။ ၂၀၁၈ တုန်းက ဆီးရီးယားက

ခေတ်ုလက်နက်တွေသုံးတယ်ဆိုပြီး ပြင်သစ်၊ ဗြိတိန်နဲ့ အမေရိကန်တို့က ဗုံးကြဲတိုက်ခိုက်ခဲ့တာကို ရည်ညွှန်းတာ ဖြစ်ပါတယ်။

ဥရောပသမဂ္ဂ ထောက်ခံအားပေးနေတဲ့ ဂရိနိုင်ငံရဲ့ ပေါ်လစီတွေဟာ စစ်ပွဲကို ပေါ်ပေါက်စေမှာဖြစ်တယ်လို့ တူရကီက တုံ့ပြန်ပြောဆိုလိုက်ပါတယ်။ ဂရိရဲ့ ပင်လယ်ပြင်အထူးစီးပွားရေးဇုန်ကို ၆ မိုင်ထားရှိရာက ၁၂ မိုင်အထိ တိုးချဲ့မယ်လို့ ဂရိဝန်ကြီးချုပ်က ပြောဆိုနေတာကို ထောက်ပြပါတယ်။ တူရကီကမ်းရိုးတန်းအနီးမှာရှိတဲ့ ဂရိပိုင်ကျွန်းတွေပါ အကျုံးဝင်တာမို့ တူရကီက လက်မခံနိုင်ဘူးလို့ ဆိုတယ်။ နောက်အဲဒီကျွန်းတွေမှာ ဂရိက ခြေလျင်တပ်တွေ တိုးချနေတာကိုလည်း တူရကီက ထောက်ပြပါတယ်။

'ဂရိတွေရဲ့ ရည်ရွယ်ချက်က တို့နိုင်ငံကို အကျဉ်းချဖို့ပဲ ဖြစ်တယ်။ မြေထဲပင်လယ်မှာ အရှည်ဆုံးကမ်းရိုးတန်းရှိတဲ့နိုင်ငံကို ငါးမျှားတံနဲ့ပဲ ငါးဖမ်းနိုင်တော့မယ့် ကမ်းရိုးကျဉ်းနိုင်ငံလေးဖြစ်အောင် လုပ်နေတာဖြစ်တယ်' လို့ တူရကီသမ္မတ အာဒိုဝမ်က ပြောပါတယ်။




'ဒါဟာ စစ်ဖြစ်အောင်လှုံ့ဆော်တဲ့ အကြောင်းအချက်ပဲ' လို့ တူရကီနိုင်ငံခြားရေးဝန်ကြီးကပြောပြီး ဒုသမ္မတကတော့ 'စစ်ဖြစ်စေဖို့ အကြောင်းအချက်တွေမဟုတ်လို့ ဘာများဖြစ်စရာရှိမလဲ' လို့ ပြောပါတယ်။

နေတိုးစာချုပ်အရ အဖွဲ့ဝင်တနိုင်ငံကို နိုင်ငံတခုခုက စစ်မက်ပြုရင် ကျန်အဖွဲ့ဝင်တွေကိုပါ စစ်ပြုတာပဲလို့ မှတ်ယူရမယ်ဆိုထားပါတယ်။ အဲဒီတော့ နေတိုးအဖွဲ့ဝင် ၂ နိုင်ငံ စစ်ဖြစ်ကြရင် ဘယ်လိုသဘောထားကြမလဲဆိုတာ စိတ်ဝင်စားစရာပါ။ လောလောဆယ်တော့ ဥရောပသမဂ္ဂအနေနဲ့ပဲ ဂရိဘက်က ရပ်တည်ပြီး တူရကီကို ဖိနေတာ တွေ့ရပါတယ်။ နေတိုးအဖွဲ့ဝင်အဓိကနိုင်ငံကြီး အမေရိကန်ကကော ဘယ်လိုရပ်တည်မလဲ။ သူက အခက်အခဲဖြတ်ကျော်ရမှာ ရှိမယ်လို့ ယူဆရပါတယ်။

# မာတိကာ


* စာတည်းအဖွဲ့အမှာ ...... ...... ၁
* ဗဟိုစည်းရုံးရေးကော်မတီ၏ ထုတ်ပြန်ချက် ...... ...... ၇
* ပြည်သူ့အာဏာအမှတ် (၁) မှ ဥက္ကဌသခင်ဗသိန်းတင်၏ အမှာစာ ...... ...... ၉
* ပါတီဝင်တိုင်းကြံ့ကြံ့ခိုင်ခိုင်ရပ်တည်ရမည့် အခြေခံမူကြီးသုံးရပ် ...... ...... ၁၀
* ဗကပ ၏ လုပ်ငန်းစဉ် ...... ...... ၁၅
* ကွန်မြူနစ်တော်လှန်ရေးသမား၊ လေထီးတပ်သား၊ ပြောက်ကျားကွန်မန်ဒို ...... ...... ၂၃
* ဗမာပြည်စစ်အုပ်စုရဲ့ကြားနေရေးဝါဒ ...... ...... ၂၈
* ရွေးကောက်ပွဲနိုင်ငံရေးတခုတည်းသာ ရှိသည်မဟုတ်ပါ ...... ...... ၃၀
* ကျောင်းဒကာ ...... ...... ၃၄
* ဘယ်လမ်းရွေးမလဲ ကာချုပ်မင်းအောင်လှိုင် ...... ...... ၃၉
* ထောင်ထဲကပေးစာ (နိုင်ငံတကာကဗျာ) ...... ...... ၄၂
* ဗမာပြည်မှာ စစ်ဖျူရိုကရက်စစ်အာဏာရှင်စနစ်ကို ...... ...... ၄၅
* သမိုင်းအကွေ့အချိုး၊ ဖြစ်စဉ်များရဲ့ရလဒ် ...... ...... ၄၈
* အရင်းရှင်စနစ် အာကာသကိုနယ်ချဲ့ခြင်း ...... ...... ၅၆
* သတင်းနဲ့မှတ်ချက် ...... ...... ၆၁



ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေသည်